Godly Stay-Home Dad

Author – Shan Wang Zhang

၂၁ ရာစု အင်မော်တယ်ဖေဖေ

ဘာသာပြန် - K Eros

စာစဉ် (၁)

## ဇာတ်လမ်းအကျဉ်း

ကျန်းဟန်၏ အတိတ်ဘဝသည် စိတ်ပျက်ဖွယ်ကောင်းသော်လည်း ကံအကြောင်းတိုက်ဆိုင်မှု တစ်ခုကြောင့် ကျင့်ကြံခြင်းကမ္ဘာသို့ ခြေချနိုင်ခဲ့သည်။ သဘာဝလက်ဆောင်များဖြစ်သော မြင့်မြတ်သောကျင့်ကြံခြင်းရတနာများကို ပိုင်ဆိုင်ခဲ့ခြင်းကြောင့် ကပ်ဘေးဒုက္ခဖြတ်ကျော်ခြင်း အဆင့်ထိ တစ်ဆင့်ပြီးတစ်ဆင့် လျင်မြန်စွာတက်လှမ်းနိုင်ခဲ့သည်။

သူ့၏ဘဝသည် အခက်အခဲများ မရှိတော့ဟု သူထင်မှတ်ခဲ့သည်။

သို့သော် ကံကြမ္မာအလှည့်အပြောင်းက ဆိုးရွားစွာနှင့်ပင် အဆင့်ချိုးဖျက်နေစဉ်အတွင်း ဒဏ္ဍာရီလာနတ်ဘုရားမိုးကြိုးများ ထိမှန်ခံခဲ့ရသည်။ သူ ပြန်လည်နိုးထလာပြီးနောက်တွင်တော့ သူ၏အတိတ်ကိုပြန်လည်ရောက်ရှိပြီး လွန်ခဲ့တဲ့နှစ်အနည်းငယ်၌ သူပြန်လည်မွေးဖွားလာသည်ကို အံ့သြစွာ တွေ့လိုက်ရလေ၏။ သူ၏ ယခင်ဘဝဖြစ်စဉ်နှင့်မတူတော့သည်က ယခုဘဝတွင် သူ့တွင် အလွန်ချစ်စရာကောင်းသော သမီးငယ်လေးတစ်ယောက်ရှိနေခြင်းပင်။

ထို့ကြောင့် ကျန်းဟန်၏ကံကြမ္မာသည် ကြီးမားသောအပြောင်းအလဲကို ကြုံတွေ့ခဲ့ရသည်။

လျင်မြန်စွာပင် သူ၏မြို့ပြလူနေမှုဘဝတွင် သူ၏သမီးငယ်အား ပျော်ရွှင်စရာနေရာ သုခဘုံတစ်ခုကို ဖန်တီးပေးခဲ့သည်။ သူ့သမီးငယ်၏ အစားသောက်များကို ခုံမင်နှစ်သက်မှုကြောင့် မြောက်များစွာသော စားသုံးသူများကို စွဲဆောင်နိုင်သည့် စားသောက်ဆိုင်တစ်ခုကိုလည်းဖွင့်လှစ်ပေးခဲ့၏။ သူ၏စီးပွားရေးလုပ်ငန်းများမှာ တိုးတက်လာခဲ့ပြီး ဝင်ငွေလည်း အလွန်များပြားလာလေသည်။ သူ၏အားလပ်ချိန်များတွင်ပင် အပိုဝင်ငွေရရှိရန် သီချင်းများရေးသားခဲ့လေသည်။

တစ်ချိန်တည်းမှာပင် သူနှင့်လက်ထပ်ထားခြင်း မရှိသေးသည့် သမီးငယ်၏မေမေနှင့် ချိုမြိန်သော အချစ်ဇာတ်လမ်းလေးတစ်ခုကို ပုံဖော်ခဲ့လေသည်။

wunzinnosp

## အပိုင်း(၁) - ပြန်လည်မွေးဖွားခြင်း

"ဟေး..."

"ဟူး..."

"ဟေး..."

ပလက်ဖောင်းတစ်ခုပေါ်တွင် လူရာပေါင်းများစွာ စုဝေးကာ အော်ဟစ်အားပေးနေကြလေ၏။ လူအုပ်ပတ်ပတ်လည်တွင် ကားဒါဇင်များစွာ ရှိနေလေသည်။ ထိုအထဲမှ အများစုမှာ စူပါပြိုင်ကားများဖြစ်ကြသည်။ လူအများစု အာရုံစိုက်နေသည်မှာ ထွက်ခါကာနီးကားနှစ်စီးဖြစ်၏။ တစ်စီးမှာ ဈေးအကြီးဆုံး ဒေါ်လာလေးသန်းကျော်တန်သည့် 448 မော်ဒယ် အနီရောင် Ferrari ပြိုင်ကား ဖြစ်ပြီး ကျန်တစ်စီးမှာ ဈေးအပေါဆုံးဖြစ်သည့် ဒေါ်လာ ငါးသိန်းတန် Ford Mustang ကားဖြစ်သည်။ ကားနှစ်စီးသည် ဘေးချင်းယှဉ်ရပ်ထားပြီး သိသိသာသာပင် ပြိုင်ဆိုင်နေကြသည်။

ငင်းသည် ပေကျင်း၏ နောက်ပေါက် သခင်လေးဖြစ်သော လျိုဖုန်း နှင့် ပထမ သခင်လေးလေးယောက်ထဲမှ တစ်ယောက်ဖြစ်သော ကျန်းဟန် တို့၏ ပြိုင်ပွဲပင်။

ကျန်းဟန် ကားထိုင်ခုံပေါ်ကိုမှီချလိုက်သည်။ သူ၏အဝတ်အစားများက ရှုပ်ပွနေပြီး ဆံပင်များကလည်း ရှည်လျားနေလေ၏။ ခေါင်းကို ငုံ့လိုက်သောအခါ သူ၏မျက်လုံးများကို ဆံပင်များက ဖုံးအုပ်သွားသည်။ မည်သူကမှ သူ၏မှိတ်ထားသော မျက်လုံးများကို မမြင်နိုင်ကြဘဲ သူ၏မျက်နှာအောက်တစ်ခြမ်းမှသာ ကျန်းသခင်လေး၏ ချောမောသော ရုပ်ရည်ကိုသူတို့မြင်ရသည်။ သို့သော် သူ၏စိတ်အခြေအနေမှာ လက်ရှိတွင် စိတ်ဓာတ်ကျနေပေသည်။

လျိုဖုန်းဘက်တွင်မူ လမင်းကို ကြယ်များကဝန်းရံထားသည့်အလား သူ၏ညာဘက်ခြမ်းတွင် လူများဝန်းရံနေသည်။ သူ၏ အမူအရာက ကမ္ဘာကြီးတစ်ခုလုံး

သူ့ခြေထောက်အောက်မှာရှိသည်ဟု ပြောနေသယောင် မြှောက်ကြွကြွနှင့်။

"ပွဲတိုင်းနိုင်တဲ့ ကျန်းသခင်လေးကို သွားကြည့်လိုက်ကြရအောင်"

လျူဖုန်းသည် လက်ကိုဝှေ့ယမ်းလိုက်ပြီး အေးစက်စက်အပြုံးဖြင့် ရှေ့ဆုံးမှလျှောက်လာသည်။

"ကျန်းသခင်လေး "

ထိုနေရာသို့ လျှောက်သွားသောအခါ လျူဖုန်းသည် ကျန်းဟန်၏တုံ့ပြန်မှုကို မတွေ့သဖြင့် ထူးဆန်းသောလေသံဖြင့်မေးလိုက်သည်။

"ဘာဖြစ်နေတာလဲ။ မင်းအိပ်ပျော်နေတာလား။ အစက မာနထောင်လွှားနေတဲ့ ကျန်းသခင်လေး က အခုတော့ ကြောက်လန့်နေပြီပေါ့။ ဟက်ဟက် ပြိုင်ပွဲကစတော့မယ်

မင်းက အေးဆေးတည်ငြိမ်ဟန်ဆောင်နေသေးတယ် ကျွန်းသခင်လေးရယ်”

သူပါးစပ်ကို ဖွင့်ဟလိုက်ပြီး ဘေးနားရှိလူများကို ပြောလိုက်သည်။

“သူ့ရဲ့ လက်ရှိပုံစံနဲ့ဆို သူကသနားစရာ သူတောင်းစားတစ်ယောက်ပဲလို့ ငါထင်တယ်”

“မဟုတ်ဘူး။ သူက စားစရာတောင်းတဲ့ သူတောင်းစားလောက်ကို ကောင်းတယ်လို့ငါမထင်ဘူး။ သူက ဝက်စာတွေစားပြီး နေရတဲ့လူတစ်ယောက်ပဲ”

“...”

Mustang ကား၏ဘေးတွင် မျက်မှန်တပ်ထားသော ဖက်တီးတစ်ယောက် သူ၏ပေါင်ပေါ်တွင် အသက်သုံးလေးနှစ်အရွယ် ကလေးမလေးကို တင်ထားကာ ရပ်နေ၏။ သူမ၏ရှုပ်ပွနေသောဆံပင်များမှလွဲ၍

အခြားအရာအားလုံးပြည့်စုံပေသည်။ ထိုအချိန်တွင် ကလေးမလေး၏ ကြည်လင်ဝိုင်းစက်သော မျက်လုံးများတွင် မျက်ရည်များနှင့်ပြည့်နေသည်။ ကျန်းဟန်ကို အော်ဟစ်ပြောဆိုနေသော လူအုပ်ကြီး၏အသံကို နားထောင်ပြီး သူမလေး မကျေမနပ်ဖြစ်ကာ မျက်ရည်များကျလုနီးနီးဖြစ်နေ၏။

သာမာန်အချိန်ဆိုရင် ကလေးမလေး၏ချစ်စဖွယ်ပုံစံက လူအများ၏အကြည့်ကို စွဲဆောင်နိုင်လိမ့်မည်။ သို့သော် ယခုအချိန်က လျိုဖုန်း၏ တစ်ကိုယ်တော် ရှိုးထုတ်ရမည့်အချိန်ဖြစ်နေပေသည်။

လှောင်ပြောင်ရယ်မောသံများနှင့် ကျိန်ဆဲသံများက နောက်ဆုံးမှာတော့ ကျန်းဟန်ထံမှ တုံ့ပြန်မှုကို ရရှိခဲ့လေသည်။

ကျန်းဟန်မျက်လုံးများကို ဖွင့်လိုက်သောအခါ မျက်နှာထက်တွင် ကြောင်တောင်တောင်

အကြည့်တစ်ခုရှိနေ၏။ သူ့ရှေ့မှ လူများ၏ အပြုအမူများကိုကြည့်ပြီး သူ့မျက်လုံးများက ကမ္ဘာတစ်ခုလုံးကို မထီမဲ့မြင်ပြုဟန်ပြည့်နေသော အကြည့်များဖြင့် စူးစိုက်ကြည့်နေသည်။

"မင်းတို့ ပုရွက်ဆိတ်လေးတွေက ငါ့ရှေ့မှာ မလေးမစားလုပ်ရဲတာလား"

ကျန်းဟန်သည် ရုတ်တရက် ထူးဆန်းသောစကားများဖြင့် ပေါက်ကွဲထွက်လာသည်။

ပရိသတ်များအားလုံး ခဏလောက်တိတ်ဆိတ်သွားပြီး နောက်အခိုက်အတန့်တွင်တော့ လှောင်ပြောင်ရယ်မောသံများက လေထုထဲမှာပြည့်နှက်သွားခဲ့သည်။

"ကျန်းဟန် မင်းက သောက်ရူးပဲလို့ ငါထင်တယ်"

"ငါတော့ သူ့ကို အရူးတစ်ယောက်လိုဖြစ်မသွားမှာတောင်ကြောက်တယ်"

"..."

လူတိုင်းက သူ့ကို လှောင်ပြောင်လာကြသည်။ သို့သော် ကျန်းဟန်သည်တော့ သူ့ရှေ့မှ မြင်ကွင်းကို ရှင်းရှင်းလင်းလင်းမြင်လိုက်ရသောအခါ သူအံ့သြသွားလေသည်။

ငါ ၂၀၀၉ တုန်းက လန်ရှင်းတောင်မှာ လျိုဖုန်းနဲ့ ကားပြိုင်ပွဲတုန်းက ဒီလိုပဲမလား

ငါဘာလို့ ဒီကိုရောက်လာတာလဲ

ငါ မိုးကောင်းကင်ကပ်ဘေးဒုက္ခကို ခံယူနေတာမဟုတ်ဘူးလား

ဖြစ်နိုင်တာက . . . ငါ ပြန်လာတာလား

မိုးကောင်းကင်ကပ်ဘေးဒုက္ခရဲ့ နတ်ဘုရားမိုးကြိုးတွေကြောင့် ငါပြန်လည်မွေးဖွားလာတာလား

ကျန်းဟန်၏မျက်လုံးများသည် ထိတ်လန့်မှုတစ်ခုနှင့်အတူ တောက်ပလာလေသည်။

ကျန်းဟန်၏မှတ်ဉာဏ်များအရ လွန်ခဲ့သောငါးနှစ်က ကျန်းမိသားစုသည် ပေကျင်း၏ မိသားစုကြီးရှစ်ခုအနက်မှ တစ်ခုဖြစ်သည်။

ကျန်းဟန်၏အဖေသည် ထိုစဉ်က မိသားစုခေါင်းဆောင်ဖြစ်သောကြောင့် ကျန်းဟန်သည် ကောင်းကင်နှင့်မြေပြင်ကိုပင် ကြောက်ရွံ့ခြင်းမရှိခဲ့ပေ။

သို့သော်လည်း သူ၏မိသားစုသည် လေယာဉ်ဖြင့် ခရီးသွားစဉ် လမ်းတစ်ဝက်၌လေယာဉ်ပျက်ကျခဲ့သည်။ သူ၏ မိဘများနှင့် ညီမဖြစ်သူမှာ သေဆုံးခဲ့ကြသည်။ ဒုတိယဦးလေး ကျန်းမင် ကို မိသားစုခေါင်းဆောင်ခန့်အပ်ခဲ့သော်လည်း ကျန်းမိသားစုကျဆုံးခြင်းကို တားဆီးနိုင်ခဲ့ခြင်းမရှိပေ။ ကျန်းဟန်သည် ကြီးမားသောထိုးနှက်ချက်ကို ခံလိုက်ရပြီးနောက် သူ၏အဖေအမေနှင့် ညီမဖြစ်သူတို့မှာ အသတ်ခံရသည်ဟုယူဆပြီး အဖေဖြစ်သူကို အမြဲမနာလိုမုန်းတီးနေသော ဦးလေး ကျန်းမင်ကို သံသယဖြင့် စုံစမ်းစစ်ဆေးရန်စတင်ခဲ့သည်။ သို့သော် သူရှာဖွေ့တွေ့ရှိပြီးတဲ့နောက်တွက်တော့ ကျန်းဟန်သည် အခြားလူများကို စိတ်အနှောက်အယှက်ဖြစ်စေသည် ဆိုသည့် အကြောင်းပြချက်ဖြင့် ကျန်းမိသားစုကနေ ထုတ်ပယ်ခံခဲ့ရသည်။

ငါးနှစ်ကြာခဲ့ပြီဖြစ်သော်လည်း ကျန်းဟန်သည် လက်လျှော့ထွက်ခွာရန်ဆန္ဒမရှိပေ။ ထို့ကြောင့် သူသည် ဤကိစ္စကို သေချာစုံစမ်းချင်သည်။ သူ၏နေ့ရက်များသည် ကြမ်းတမ်းခဲ့၏။ သို့သော် သူသည် လန်ရှင်းတောင်မှ အဖြစ်အပျက်မတိုင်မီအထိ ရပ်တည်နိုင်ခဲ့သည်။ ထိုအချိန်ကို သူမှတ်မိသေးသည်။ သူသည် လန်ရှင်းတောင်ပေါ်တွင် ကားမောင်းနေစဉ် ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပြီး လက်နှစ်ဖက်လုံးဆုံးရှုံးခံရသည်။ သူသည်ချောက်ကမ်းပါးပေါ်မှ မခုန်ချမီ ငါးနှစ်ကြာအောင် ပင်ပန်းဆင်းရဲခံခဲ့ရသည်။ သို့သော် မမျှော်လင့်ပဲနှင့် သူသည် ကျင့်ကြံခြင်းကမ္ဘာသို့ မတော်တဆဖြင့် ဝင်ရောက်မိခဲ့သည်။

သူသည် ကျင့်ကြံခြင်းနဲ့ ပထမဆုံးထိတွေ့မိသောအခါ သူ၏မွေးရာပါနတ်ဘုရားစွမ်းရည်ဖြစ်သော ရတနာအနံ့ခံခြင်းနှာခေါင်းကို နိုးထစေနိုင်ခဲ့သည်။ ဤစွမ်းရည်ကို အားကိုး၍ ကျန်းဟန်သည်

နှစ်ပေါင်းငါးရာအတွင်း ရတနာအမျိုးမျိုးကို ရှာဖွေသုံးစွဲ၍ သူ၏ကျင့်ကြံခြင်းကို အရှိန်အဟုန်လျင်မြန်စွာပင်ကျင့်ကြံခဲ့သည်။ သို့သော် မိုးကောင်းကင်ကပ်ဘေးဒုက္ခကို ဖြတ်ကျော်သောအခါ သူ၏ ကျင့်ကြံခြင်းအခြေခံ မခိုင်မာမှုကြောင့် နတ်ဘုရားမိုးကြိုးကပ်ဘေးကို ခံနိုင်ရန် အားနည်းလွန်းလိမ့်မည်ဟု မထင်ခဲ့မိပေ။

ဘာလို့ လွန်ခဲ့တဲ့ငါးနှစ် မဟုတ်ရတာလဲ

ကျန်းဟန်၏အမူအရာသည် အထီးကျန်ဝမ်းနည်းလာလေသည်။ သူ၏ဆွေမျိုးသားချင်းများရှိစဉ်က သူသည် လူငယ်တစ်ယောက်ဖြစ်သည့် အလျောက် အလွန်ငယ်ရွယ်မောက်မာပေသည်။

သူသည် ဖခင်ဖြစ်သူကို ပြဿနာအများအပြားပေးခဲ့ပြီး မိခင်ဖြစ်သူကိုလည်း ဝမ်းနည်းစေမည့် စကားများကို ပြောခဲ့ပေသည်။ ကျန်းဟန်သည် ထိုစဉ်က မလိမ္မာခဲ့သော်လည်း သူ၏မိဘများအပေါ် ထားရှိသော ချစ်ခြင်းမေတ္တာသည် အခြားသူများထက် မနိမ့်ကျပေ။

နှစ်ပေါင်းငါးရာကြာ ကျင့်ကြံခဲ့ပြီးသည်ပင် ကျန်းဟန်သည် ထို အကြောင်းကို အမြဲတွေးနေမိသည်။

"ကျန်းဟန်"

မှိုင်းညို့နေသည့်အသံက ကျန်းဟန်၏ အတွေးများကို ဖြတ်တောက်လိုက်သည်။

သူခေါင်းမော့ကြည့်လိုက်သောအခါ လျိုဖုန်းက သူ့ကို အေးစက်စွာစိုက်ကြည့်နေတာကို သူမြင်လိုက်ရသည်။

"လွန်ခဲ့တဲ့ ငါးနှစ်က မင်း ငါ့ကို ပေကျင်းမြို့တော်ကနေ နှင်ထုတ်ခဲ့တယ်။ ငါးနှစ်ကြာပြီးတဲ့နောက် ငါ Los Angeles ရဲ့ ကားဘုရင် လျိုဖုန်း က သန်မာစွာနဲ့ ပြန်လာပြီ။ ဒါပေမဲ့ မင်း ကျန်းဟန် က ခွေးတွေ ဝက်တွေ ထက်ကို ပိုမိုဆိုးရွားစေရမယ်။ မှတ်ထားပါ။ ငါဆိုတဲ့ လျိုဖုန်းက မင်းကို ပေကျင်းမြို့တော်ကနေ ဒီနေ့ ထွက်သွားစေရမယ်"

"အိုး အဲ့လောက်အစွမ်းထက်တာလား"

ကျန်းဟန်က အံ့အားသင့်စွာမေးလိုက်ပြီး ငြင်းလိုက်သည်။

"ဒါဆို ငါမပြိုင်တော့ဘူး"

လျိုဖုန်း ချက်ချင်းလန့်သွားပြီး မျက်နှာပေါ်ရှိကြွက်သားများပင်တုန်သွားသည်။

သူ၏လက်သီးချက်က လေဟာပြင်ကိုထိုးမိလိုက်သလို မသက်မသာခံစားလိုက်ရသည်။

"ကျန်းဟန် ဒီပြိုင်ပွဲအတွက် မင်းကို အပိုဆုနည်းနည်းပေးမယ်"

လျိုဖုန်းသည် ဖယ်ရာရီ ကားသော့ကို လက်ထဲ ကိုင်လိုက်ပြီး

"မင်းအနိုင်ရရင် ဒီကားက မင်းအပိုင်ပဲ"

"ဒါဆိုရင်တော့ ငါပြင်းဖို့ အတော်ခက်လိမ့်မယ်" ကျန်းဟန်က တောက်ပသည့်အပြုံးနဲ့ပြောလိုက်သည်။

"ဟမ့်"

လျိုဖုန်းက နှာခေါင်းရှုံ့လိုက်သည်။ သူကလက်ကိုမြှောက်ကာ

"စခရင်ကို တပ်ဆင်လိုက်တော့"

ထိုစကားနှင့် အတူ သူ့နောက်မှ လူများသည် ရုပ်မြင်သံကြားဖန်သားပြင်များကို တပ်ဆင်ပြီး

တစ်ချိန်တည်းမှာပင် အဝေးထိန်းဒရုန်းများသည် လန်ရှင်းတောင်ပေါ်ဒေသ အသီးသီးမှ ပျံတက်လာကြသည်။ ဖန်သားပြင်တစ်ခုပြီးတစ်ခုဖွင့်လိုက်သောအခါ ဒရုန်းများပေါ်ရှိကင်မရာများမှ လန်ရှင်းတောင်တစ်ခုလုံး၏မြင်ကွင်းပေါ်လာလေသည်။

“အဆင်သင့် ပြင်ထားပါ”

လျိုဖုန်းသည် မြင်းနောက်မှာထိုင်နေတဲ့ ဖတ်တီးကို လျှို့ဝှက်စွာ ခေါင်းညိတ်ပြလိုက်ပြီး Ferrari ပေါ်မှာထိုင်လိုက်သည်။

သို့သော် ကျန်းဟန် Ford Mustang ထဲသို့ ဝင်ခါနီးတွင် မဝံ့မရဲ ကလေးဆန်သောအသံက အနောက်မှထွက်လာလေသည်။

“ဖေဖေ သွားပြီးတော့ လူဆိုးတွေကို အနိုင်ယူလိုက်ပါ”

ကျန်းဟန် လန့်သွားပြီး ခေါင်းလှည့်ကြည့်လိုက်ရာ ဖက်တီး၏ ခြေထောက်နားတွင် ရပ်နေတဲ့ မင်းသမီးလေးကို မြင်လိုက်ရသည်။

"ဒီလောက်ချစ်စရာကောင်းတဲ့ ကောင်မလေးက ဘာလို့ တစ်ယောက်ယောက်ကို အဖေ လို့ ခေါ်လိုက်တာလဲ"

ကျန်းဟန်ရယ်မောကာ ခေါင်းယမ်းလိုက်သည်။

"အစ်ကိုဟန် သေချာပေါက် အနိုင်ရလိမ့်မယ်"

ဖက်တီးသည် ကျန်းဟန်ဆီသို့ လက်သီးဆုပ်ပြကာ အားတက်သရောပြောလိုက်လေသည်။

"မင်းရဲ့ ကောင်းချီးပေးမှုနဲ့ မင်းရဲ့ကားက ငါ့ကို ကံကောင်းစေလိမ့်မယ်"

ကျန်းဟန် သူ့ကို ဂရုမစိုက်ပဲကြည့်လိုက်ပြီး မြင်းလှည်းပေါ်တွင်ထိုင်လိုက်သည်။

(TL Note - မြင်း မြင်းလှည်း ဆိုသည်မှာ Ford Mustang တံဆိပ် ကား ကို ဆိုလိုခြင်းဖြစ်သည်)

အရပ်ရှည်ရှည်နှင့် ဘစ်ကီနီဝတ်ထားသော မိန်းမလှလေးသည် လက်ထဲတွင် အလံငယ်နှစ်ခုကို ကားနှစ်စီးရှေ့သို့ ကိုင်ဆောင်လာပြီး မြှောက်လိုက်သည်။

“အသင့်ပြင်ပါ”

ကားနှစ်စီးလုံး၏ အင်ဂျင်သံသည် တပြိုင်နက်တည်း ကျယ်လောင်စွာ ဟိန်းထွက်လာသည်။ Ferrari အတွင်း၌ လျှိုဖုန်း၏နှုတ်ခမ်းသည် ဂုဏ်ယူသောအပြုံးတစ်ခုဖန်တီးလိုက်သည်။ နောက်ကွယ်ရှိ ဖက်တီးသည်လည်း အဓိပ္ပာယ်ပါသော အပြုံးတစ်ခုကို ဖော်ထုတ်လိုက်သည်။

သူ၏ခြေရင်းရှိ ချစ်စဖွယ်မင်းသမီးလေး၏မျက်လုံးများသည် ကြောက်ရွံ့ခြင်း စိုးရိမ်ခြင်းတို့ဖြင့် ပြည့်နေသည်။ သူမလေး၏မျက်လုံးများထဲတွင် မျက်ရည်များစီးကျလာ၏။

မြင်းလှည်းအတွင်းရှိ ကျန်းဟန်၏မျက်နှာ၌ အေးစက်စက်အပြုံးတစ်ခုရှိနေသည်။

မင်းက ငါ့ကို ဒုက္ခပေးဖို့ ကြံစည်နေတာလား

ကံမကောင်းစွာနဲ့ပဲ ငါက အတိတ်ကတစ်ယောက်မဟုတ်တော့ဘူး

အခုချိန် ငါ့မှာ ဘာကျင့်ကြံခြင်းမှ မရှိသေးရင်တောင်မှ မင်းတို့လို ပုရွက်ဆိတ်တွေက ငါ့ကို ဘယ်လို တွန်းလှန်နိုင်မှာတဲ့လဲ

-C 1 End

wunzinnosp

## အပိုင်း(၂) - မယုံနိုင်စရာပဲ

“ စပြီ ”

ရုတ်တရက် လူအုပ်၏အော်သစ်သံများအောက်တွင် ကားနှစ်စီးသည် လျှပ်စီးကဲ့သို့ ရှေ့သို့ ထိုးထွက်သွားသည်။

လူများသည် အီလက်ထရောနစ်ဖန်သားပြင်ဆီသို့ပြေးလာပြီး ကားနှစ်စီးကြားက အဝေးထိန်းကင်မရာမှမြင်ကွင်းကို ကြည့်လိုက်ကြသည်။

“အစ်ကိုဖုန်းရဲ့ စထွက်နှုန်းက အတော်မြန်တာပဲ”

“အမှန်ပဲ။ ကားနှစ်စီးက အဆင့်တူတောင်မဟုတ်ဘူး”

“နောက်ဆုံးမှာတော့ အစ်ကိုဖုန်းက ကျွမ်းကျင်ပြိုင်ကားသမားတစ်ယောက် ရဲ့ အစွမ်းသတ္တိတွေရှိတယ်”

“ဒါပေမဲ့ ကျန်းဟန် အတွက်ကတော့ သူက ပြိုင်ကားနဲ့မထိတွေ့တာ ငါးနှစ်ရှိပြီမဟုတ်လား။”

ဖန်သားပြင်ပေါ်တွင် ငါးစက္ကန့်ကြာပြီးနောက် လျိုဖုန်း၏ Ferrari သည် (၁၀) မီတာအကွာ ရှေ့မှ ဦးဆောင်နေသည်။ (၁၀) မီတာလေးသာဆိုပြီး လျှော့တွက်လို့မရပေ။ ကွေ့ကောက်သော လမ်း၏ ပထမတစ်ဝက်တွင် ကားနှစ်စီးသည် တစ်စီးကို တစ်စီးဖြတ်ကျော်မောင်းနှင်နေသည်။ တောင်ထိပ်ပေါ်သို့ရောက်သည်နှင့် မြေပြင်နှင့်တာယာပွတ်တိုက်သံကို ကြားရသည်။

"လျိုဖုန်းက Los Angeles ရဲ့ ကားဘုရင်ဖြစ်ဖို့ ထိုက်တန်တယ် ။သူ့မှာ ထူးခြားတဲ့ နားလည်နိုင်စွမ်းနှင့် အရည်အချင်းရှိတယ်"

လူလတ်ပိုင်းအရွယ် ထိပ်ပြောင်တစ်ဦးသည် သူ၏အမြင်ကို ဆွေးနွေးနေသည်။ သူသည် ပရော်ဖက်ရှင်နယ် ကားပြိုင်ပွဲများ၏ အကဲဖြတ်ဆရာတစ်ဦးဖြစ်သည်။

သူစကားပြောနေရင်းနှင့် ရုတ်တရက် အံ့သြစွာအော်လိုက်သည်။

"အာ...ကျန်းဟန်ရဲ့ ဒရစ်ဖ်တင်း(drifting) က လျိုဖုန်းထက် ပိုသာလိမ့်မယ်လို့ ဘယ်သူထင်မှာလဲ။ သူက အကွာအဝေးနဲ့ခွန်အားသတ်မှတ်ချက်တွေမှာ အမှန်တကယ်ကို ကျွမ်းကျင်မှုရှိတာပဲ"

ကင်မရာမြင်ကွင်းတွင် အပြာရောင် Ford Mustang ရဲ့ အမြန်နှုန်းနဲ့ တိကျမှုက Ferrari ထက်ကို ပိုမို ချောမွေ့နေသည်။ တဖြည်းဖြည်းနှင့် ကားနှစ်စီးကြားရှိအကွာအဝေးသည်

ပိုမိုနီးကပ်လာသည်။ Mustang သည် သူ့အားကျော်တက်တော့မှာကို သိလိုက်သောကြောင့် Freeari သည် တစ်ဘက်မှ တစ်ဘက်သို့ ယိမ်းလာကာ ထက်ရှသော အနေအထားသို့ ဝင်ရောက်လာသည်။ ၎င်းသည် Mustang ၏ အရှိန်ကို နှေးကွေးသွားစေသည်။

"ဒါပဲ... လျှိုဖုန်းရဲ့ စကေးကလည်း မဆိုးပါဘူး။ သူ့အနေနဲ့ ရှည်လျားတဲ့ အကွေ့တွေကို အာရုံစိုက်သင့်တယ်။ သူသတိမထားရင်တော့ ကျော်တက်ခံလိုက်ရမှာပဲ" ထိပ်ပြောင်သည် ဖန်သားပြင်ကို ငေးကြည့်ရင်းပြောလိုက်သည်။ ကားနှစ်စီးသည် တစ်လမ်းပြီးတစ်လမ်း ရှည်လျားကွေ့ကောက်ကာ မောင်းနှင်နေကြသည်။

သူတို့ လှုပ်ရှားလိုက်သောအခါ လျိုဖုန်းက ကားကို ထိန်းချုပ်လိုက်ပြီး ကျန်းဟန်၏ကားကို ကျော်ဖြတ်ခွင့်မပေးပေ။

၎င်းကိုမြင်ပြီးနောက် ထိပ်ပြောင်သည်

"မဆိုးဘူး မဆိုးဘူး . . ဒီအကွက်က တကယ်ကို စွဲဆောင်မှုရှိတယ်"

" အမှန်ပဲ ဒါမှ ငါ့အစ်ကိုဖုန်းပဲ"

"နိမ့်ကျတဲ့ ကျန်းဟန်က ငါ့အစ်ကိုဖုန်းရဲ့ ပြိုင်ဘက် ဘယ်လိုဖြစ်နိုင်မှာလဲ"

"…"

"နောက်လမ်းတစ်ခုကတော့ ဖြောင့်ဖြောင့်တန်းတန်းပါပဲ။ အဲ့ဒါပြီးရင်တော့ သူတို့ လန်ရှင်းတောင် လမ်းရဲ့ နောက်ဆုံး နဲ့ အခက်ခဲဆုံးအပိုင်းဖြစ်တဲ့ လမ်းကွေး (၉)ခုနဲ့ အကွေ့ (၁၈) ခု ကို ရောက်လိမ့်မယ်" ထိပ်ပြောင်သည် သူ၏မေးစေ့ကို ပုတ်လျှက်ပြောလိုက်သည်။

အမှန်ပင် . . . ကားနှစ်စီးလုံးသည် လမ်းဖြောင့်အတွင်းသို့ ဝင်ရောက်လာပြီး အရှိန်နဲ့ မောင်းနှင်လာကြသည်။

ထိုအချိန်တွင် ထောင့်တစ်နေရာ၌ရပ်နေသော ဖက်တီး၏မျက်လုံးများတွင် အေးစက်သော အပြုံးတစ်ခုပေါ်လာလေသည်။

တစ်ချိန်တည်းမှာပင် မြင်းလှည်းအတွင်းရှိ ကျန်းဟန်၏ နှုတ်ခမ်းတွင် အပြုံးတစ်ခုရှိနေခဲ့သည်။

တကယ်ကိုပဲ . . . ဘရိတ်စနစ်မှာ ပြဿနာရှိနေတာလား

သူ၏အရင်ဘဝက ကားကို အရှိန်မထိန်းနိုင်ခဲ့သောကြောင့် လမ်းကွေ့တွင် ကွေ့ရင်း မတော်တဆဖြစ်ကာ ဒဏ်ရာအပြင်းအထန်ရခဲ့သည်။ ဒါတွေအားလုံးသည် သူ၏ညီအစ်ကို ဒေါင်ဟူ ကြောင့်ပင်ဖြစ်သည်။ လွန်ခဲ့သောနှစ်အနည်းငယ်က သူသည် ကံကောင်းစွာနှင့်

ကျန်းဟန်၏နောက်သို့လိုက်ကာ ဒရစ်ဖ်တာ တစ်ယောက်ဖြစ်ခဲ့သည်။ ကျန်းဟန်သည် ငယ်ရွယ်သေးသော်လည်း သူ၏ညီအစ်ကိုကို အလွန်ကြင်နာစွာနှင့်ပင် အကူအညီပေးခဲ့သောကြောင့် ဒေါင်ဟူ သည်အချို့သော အလုပ်အနည်းငယ်ကို ရရှိခဲ့သည်။ သူသည် ပေကျင်းတွင် ကားဟောင်းအရောင်းဆိုင်တစ်ခုနှင့် ကားပြခန်းများဖွင့်လှစ်ခဲ့သည်။ သူသည် ဒေါ်လာ ငါးသန်းကျော် စုဆောင်းနိုင်ခဲ့ပြီး သူ၏ဘဝ အဆင်ပြေချောမွေ့ခဲ့သည်။

သို့သော် လွန်ခဲ့တဲ့ငါးနှစ်က ကျန်းဟန် ပြဿနာဖြစ်ခဲ့ချိန်တွင် သူသည် လုံးဝတွေ့ဆုံခြင်းမရှိခဲ့ချေ။ ပြီးခဲ့သည့် ရက်အနည်းငယ်ကမှ သူတို့၏ ဆက်ဆံရေးကို အကြောင်းပြု၍ ဟန်ဆောင်ဆက်သွယ်ခဲ့သည်။

"ဒါပေမဲ့... တကယ်တော့ ငါကလည်း အရှိန်လျှော့ဖို့ စိတ်ကူးမရှိပါဘူး"

ကျန်းဟန် ပေါ့ပါးစွာရယ်လိုက်သည်။

ပုံမှန်အားဖြင့် ဘရိတ်မပါပဲ ဒရစ်ဆွဲဖို့ ခက်လိမ့်မည်။ သို့သော် လောကတွင် လုံး၀ မဖြစ်နိုင်ဘူးဆိုတာ မရှိခဲ့ပေ။ ကျန်းဟန်သည် သူ၏အင်အားကို တိကျစွာ ထိန်းချုပ်နိုင်ပါက ဒီအခက်အခဲကို ဖြေရှင်းနိုင်ပေသည်။

ထိုအချိန်တွင် လျိုဖုန်းသည် ကားကို လမ်းကွေး(၉)ခု၏ အ၀င် သို့မရောက်ခင်အထိ ကျန်းဟန်၏ညာဘက်တွင် ထိန်းထားခဲ့သည်။

"မင်း အရှိန်လျှော့လို့ မရဘူးဆိုတာ တွေ့ပြီမဟုတ်လား"

လျိုဖုန်းသည် နှာခေါင်းရှုံ့လိုက်ပြီး သူ့ကိုကျော်တက်သွားသော Ford Mustang ကိုကြည့်လိုက်သည်။ သူ၏မျက်လုံးများတွင် ကားကို ဖျက်စီးဖို့အတွက်မျှော်လင့်ချက်မဲ့နေခဲ့သည်။

အခြားတစ်ဖက်တွင်တော့ ဖန်သားပြင်ကို ဂရုတစိုက်ကြည့်နေသော လူများ ထိတ်လန့်တုန်လှုပ်သွားကြသည်။

"သူ့အရှိန်မလျှော့ဘူးလား...သူ့အသက်မရှင်ချင်တော့ဘူး လား... သူသတိတစ်ချက်လွတ်သွားတာနဲ့ ကမ်းပါးပေါ်က ပြုတ်ကျလိမ့်မယ်"

ထိပ်ပြောင်သည် မျက်မှောင်ကြုတ်လိုက်သည်။

"သေစမ်း...ကျန်းဟန်က အရမ်းကြီးရဲတင်းလွန်းမနေဘူးလား"

"သူက တကယ်ကို လုံလုံလောက်လောက် ရှင်သန်ခဲ့ပြီးလို့ထင်တယ်"

"သူ စောစောသေသွားတော့လည်း သူ့ဒါကို မြန်မြန်ကျော်ဖြတ်နိုင်သွားတာပေါ့"

"..."

အနောက်ဘက်ထောင့်တစ်နေရာတွင် ဒေါင်ဟူ၏ခြေရင်းနားရှိ ချစ်စဖွယ်ကလေးမလေးသည် သူမရှေ့ရှိလူများ၏ ခြေထောက်များကိုသာ မြင်နိုင်ပေသည်။ သို့သော် လူတိုင်း၏ ကျန်းဟန်ကို လှောင်ပြောင်ပြောဆိုသံများကို ကြားလိုက်ပြီးနောက် သူမလေးကိုယ်တိုင် အနိုင်ကျင့်ခံရသကဲ့သို့ ငိုလေတော့သည်။

"ဖေဖေ . . ."

"တိတ်စမ်း . . ငိုမနေတော့နဲ့ ငါရိုက်မိလိမ့်မယ်" ဒေါင်ဟူ မျက်မှောင်ကြုံ့ကာ အော်လိုက်သည်။ သုံးလေးနှစ်အရွယ် ကလေးမလေးက အဘယ်သို့ ထိုမျှအထိနားလည်နိုင်ပါမည်နည်း။ သူမလေးသည် ဒေါင်ဟူအော်လိုက်မှ ပို၍ ကျယ်လောင်စွာအော်ငိုတော့သည်။

ဒေါင်ဟူ၏မျက်နှာသည် ဒေါသဖြင့်ပြည့်နှက်သွားပြီး ကလေးမလေးကို ရိုက်ရန်လက်ကို မြှောက်လိုက်၏။

သို့သော်လည်း လူများက ဘေးမှဝိုင်းကြည့်နေသောကြောင့် လက်ကို ပြန်ရုတ်ကာ ရယ်လိုက်သည်။

"ဘယ်လောက်ချစ်စရာကောင်းတဲ့ ကောင်မလေးလဲ"

အသက်နှစ်ဆယ်အရွယ်အမျိုးသမီးသည် သနားစရာငိုကြွေးနေသော မင်းသမီးလေးကို မြင်သောအခါ မနေနိုင်ပဲ ချော့မြူရန် အပြေးသွားလိုက်သည်။

"ဘာလဲ . . ငါဘာကြီးမြင်လိုက်ရတာလဲ"

လူအုပ်ရှေ့ရှိ ထိပ်ပြောင်ထံမှ မယုံကြည်နိုင်သော အသံတစ်ခုထွက်လာသည်။

Mustang သည် လမ်းကွေး(၉)ခု အကွေ့ (၁၈)ခုကို အရှိန်မလျှော့ပဲ တိုက်ကက်ရိုက်မောင်းနှင်သွားသည်။ ပထမလမ်းကွေးသည် စက်ဝိုင်းခြမ်းပုံဖြစ်ပြီး Mustang သည် လှည့်၍ ဒုတိယတစ်ခုသို့ အရှိန်မပျက်ပဲ လုပသော

ဒရစ်တစ်ခုနှင့် ဖြတ်သွားသည်။ ဒုတိယလမ်းကွေးတစ်ခုသည် (၉၀) ဒီဂရီ ရှိပြီး တတိယတစ်ခုသည် ကိုနီကယ်မျဉ်းကွေးပုံဖြစ်သည်။ လမ်းကွေးနှစ်ခုသည် အလွန်နီးကပ်သောကြောင့် အရှိန်ဖြင့်ဖြတ်မောင်းရန် အလွန်ပင်ခက်ခဲလှသည်။

လူတိုင်း၏အမြင်တွင် Ford Mustang သည် တစ္ဆေမြင်းရထား ကဲ့သို့ အရှိန်အဟုန်ဖြင့် ရွေ့လျားနေဆဲဖြစ်သည်။ ၎င်းသည် ဒုတိယအကွေ့ကို ညာဘက်သို့လှည့်ကာ တတိယကွေ့သို့ ဝင်ရောက်သွားသည်။

"ပြီးသွားပြီ . ဒီအမြန်နှုန်းက လုံးဝကို ရပ်တန့်လို့ရမှာမဟုတ်တော့ဘူး"

ထိပ်ပြောင်သည် သက်ပြင်းချကာ သနားတဲ့မျက်လုံးများနှင့်ကြည့်လိုက်သည်။

သို့သော် နောက်အခိုက်အတန့်တွင် ဖြစ်ပျက်ခဲ့သော မြင်ကွင်းက သူ့ကို မျက်လုံးပြူးသွားစေခဲ့သည်။

တတိယကွေ့သို့ မရောက်မီ (၃၆၀)ဒီဂရီ လှည့်ပတ်နေသော Ford Mustang ကို သူမြင်လိုက်ရသည်။ ပထအလှည့်ပြီးတွင် ကားသည် လမ်းကွေးသို့ ဝင်သွားသည်။ ဒုတိယအလှည့်တွင် ကိုနီကယ်ကွေ့ကို ဖြတ်သွားသည်။တတိယအကွေ့ပြီးတွင် ကားသည် လေးခုမြောက်အကွေ့သို့ လုံးဝစတင်ရောက်သွားသည်။

"ဘုရား ဘုရား"

"ဒါက ဘယ်လိုမျိုးကားမောင်းကျွမ်းကျင်မှုလဲ ။ သုံးကြိမ်တည်းနဲ့ (၃၆၀)ဒီဂရီ . သူဘယ်လိုလုပ်လိုက်တာလဲ . . ."

"သူက လမ်းကွေ့(၉)ခုကို အရှိန်မလျှော့ပဲ မောင်းတဲ့ ပထမဆုံးသူပဲ"

"ကျန်းဟန် ... သူ ... လန်ရှင်းရဲ့ဒဏ္ဍာရီကို ရေးချင်တာလား"

လူတိုင်း အံ့ဩမှင်တက်သွားကြသည်။ မြင်းရိုင်းကားလေးသည် ကွေ့ကိုးခုစလုံးကို လှပသောအလှည့်အပြောင်းများဖြင့် အရှိန်ကို အပြည့်အဝထိန်းထားသည်ကို သူတို့အံ့ဩစွာကြည့်ခဲ့ကြရသည်။ ထောင့်တစ်ခုကို ကွေ့လိုက်ပြီးနောက် ဖို့ဒ်မြင်းရိုင်းလေးသည် သားရဲတစ်ကောင်ကဲ့သို့ ရှေ့သို့လျင်မြန်စွာပြေးနေသည်။

ထိုအချိန်တွင် လျိုဖုန်း၏ ဖယ်ရာရီသည် ခရုတစ်ကောင်ကဲ့သို့ စတုတ္ထကွေ့ကို ဖြည်းဖြည်းချင်း ကျော်ဖြတ်လာလေသည်။

မိနစ်အနည်းငယ်အကြာတွင် ဖို့ဒ်မက်စတန်သည် ဆူဆူညံညံသံနှင့်အတူ ပလက်ဖောင်းပေါ်သို့ အရှိန်ပြင်းပြင်းဖြင့် ဆွဲတင်လာသည်။ (၃၆၀) ဒီဂရီကို (၁၀)ကြိမ်ခန့် လှည့်လိုက်ပြီး မတ်စောက်သောတောင်စောင်းကို မျက်နှာမူကာ ရပ်လိုက်သည်။

ကျန်းဟန်သည် ကားပေါ်မှဆင်းပြီး တံခါးကို မှီလိုက်၏။ သူ၏ခန္ဓာကိုယ်သည် ဤမတိုင်ခင်ကကဲ့သို့ စုတ်ပြတ်နေဆဲဖြစ်ပြီး ဆံပင်များမှာလည်းရှုပ်ပွနေဆဲဖြစ်သည်။

“(၇)မိနစ် နဲ့ (၃၀) စက္ကန့် . တစ်ခါမှမကြုံဖူးသေးတဲ့ ကြောက်ဖို့ကောင်းတဲ့ စံချိန်ပဲ”

ထိပ်ပြောင်က အံ့ဩစွာပြောလိုက်သည်။

"သူသာ ဖယ်ရာရီကို မောင်းခဲ့မယ်ဆိုရင် ပိုပြီးမြန်မှာပဲ"

"လန်ရှင်းတောင်ရဲ့ အမြန်ဆုံးစံချိန်က (၁၀)မိနစ် နဲ့ (၂၀)စက္ကန့်မလား။ မိုးကောင်းကင်ရေ ၊ ကျွန်းဟန်က တော်တော်သန်မာလွန်းတယ်"

"ငါ့မျက်လုံးတွေနဲ့မြင်ရတာသာ မဟုတ်ခဲ့ရင် ငါ ဒါကို ယုံနိုင်မှာတောင်မဟုတ်ဘူး။ အာ..အစ်ကိုဖုန်း သူ့အတွက်တော့ ဆုံးရှုံးမှုဖြစ်လိမ့်မယ်"

"..."

လူတိုင်းအံ့သြထိတ်လန့်စွာ ခေါင်းကိုခါယမ်းနေကြသည်။ သို့သော် ဒေါင်ဟူ၏ အမူအရာမှာ အလွန်ရုပ်ဆိုးနေပေသည်။ သူ၏ခေါင်းကို လှည့်ကြည့်လိုက်သောအခါ "ဖေဖေ"ဟုခေါ်ကာ ငိုနေသော ကလေးမလေးကို တွေ့လိုက်ရ၍

သူပြုံးလိုက်မိသည်။ ထို့နောက် ကလေးမလေးကို ချီကာ ကျန်းဟန် ဆီသို့လျှောက်သွားလိုက်သည်။

"ငါ့အစ်ကိုဟန်က မျှော်လင့်ထားသလိုပဲ . . အရမ်းအံ့သြဖို့ကောင်းတယ်"

ဒေါင်ဟူ မျက်နှာချိုသွေးလိုက်သည်။

"ဟေး မင်းရဲ့ကားက အကောင်းဆုံးဖြစ်နေတုန်းပဲ ။ မဟုတ်ရင် ငါ အနိုင်ရမှာမဟုတ်ဘူး" ကျန်းဟန်က ပေါ့ပေါ့ပါးပါးရယ်မောရင်းပြောလိုက်သည်။

"ဖေဖေ..."

ထိုအချိန်တွင် ဒေါင်ဟူရင်ခွင်ထဲရှိ မင်းသမီးလေးသည် မရပ်မနားရုန်းကန်နေသည်။

သူမလေး၏အသံမှာ ညင်သာနေပြီး မျက်လုံးထောင့်မှ မျက်ရည်များစီးကျနေဆဲဖြစ်သည်။ ကျန်းဟန်သည် မင်းသမီးလေးကို သူ့လက်မောင်းတွင် ပွေ့ချီလိုက်ပြီး ပေါ့ပါးစွာ ရယ်မောပြောဆိုလိုက်သည်။

"မိန်းမလှလေး . ဘာလို့ငါ့ကို ဖေဖေ လို့ခေါ်တာလဲ"

အခြားတစ်ဖက်တွင် ကလေးမလေးသည် ငိုကြွေးထားခြင့်ကြောင့် မောပန်းနွမ်းနယ်ကာ ထိုနေရာတွင် အချိန်ကြာကြီးရပ်ပြီးနောက် ကျန်းဟန်၏ရင်ခွင်ထဲတွင် အိပ်ပျော်သွားသည်။

"ဒါ မင်းရဲ့ သမီးလား" ကျန်းဟန် ဘာသိဘာသာနှင့်မေးလိုက်သည်။

"ငါ့မှာ ဘယ်လိုလုပ်ပြီး ဒီလိုချစ်ဖို့ကောင်းတဲ့ သမီးလေးရှိမှာလဲ. ဟားဟား... အစ်ကိုဟန် သူက မင်းရဲ့သမီးမဟုတ်ဘူးလား" ဒေါင်ဟူ ပြုံးကာပြောလိုက်သည်။

"ငါ့မှာ ဘယ်လိုလုပ် သမီးတစ်ယောက်ရှိနိုင်မှာလဲ"

"ဒါတော့ ငါလည်းမသိဘူး။ ပြောရရင် ဒီကလေးမလေးကို ဒီကို မင်းပဲခေါ်လာခဲ့ပြီး သူက မင်းကို ဖေဖေ လို့ အမြဲတမ်းခေါ်နေတာ။ မင်းအခုပဲ သူ့ကို ဂရုစိုက်ထားပေးဖို့ ပြောခဲ့တယ်လေ။ မေ့သွားပြီလား" ဒေါင်ဟူက စူးစူးဝါးဝါးမေးလိုက်သည်။

ငါ့သမီးလေးလား

ကျွန်းဟန်၏ဆံပင်များအောက်ရှိကွယ်နေသော မျက်လုံးများမှာ အာရုံစူးစိုက်နေသည်။

သမီးတစ်ယောက်က ဘယ်ကနေပေါ်လာတာလဲ။ ဘာတွေဖြစ်နေတာလဲ

သူ့ဉာဏ်ကိစ္စကို စဉ်းစား၍မပြီးခင်မှာပဲ လျိုဖုန်း၏ ဖယ်ရာရှိသည့် အိတ်ဇေ ပေါက်ကွဲသံတွေဆက်တိုက်ဖြင့်မောင်းနှင်လာခဲ့သည်။ ကားမှာ ဘေးတွင်ရပ်သွားပြီး ခဏအကြာ၌ ဖျော့တော့စွာဖြင့် လျိုဖုန်းဆင်းလာသည်။

သူသည် ကျန်းဟန်ကို အံ့သြတုန်လှုပ်စွာ ငေးကြည့်ပြီး ခြေလှမ်းကျဲကြီးများနှင့် လျှောက်လာသည်။ ထိုအချိန် စင်မြင့်ထက်တွင် လုံးဝတိတ်ဆိတ်နေခဲ့သည်။ လူတိုင်း၏အကြည့်က ထိုနေရာတွင်စူးစိုက်နေကြသည်။

“မင်း ငါနဲ့နောက်တစ်ပွဲပြိုင်ဖို့ သတ္တိရှိလား”

လျိုဖုန်း အံကိုကြိတ်ရင်းပြောလိုက်သည်။

“ဟဲဟဲ ... ငါ့ကို ရှုံးနိမ့်ခဲ့တဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ အချိန်ဖြုန်းဖို့ ငါစိတ်မဝင်စားဘူး”

ကျန်းဟန်က ပြုံးပြီး ပြောလိုက်သည်။

“ကားသော့ကို လွှဲပေးပါဦး”

ထိုစကားကို ကြားသောအခါ လျိုဖုန်း၏မျက်လုံးများနီရဲလာပြီး သူ့ညာလက်တွင် ကားသော့ကို တင်းကြပ်စွာဆုပ်ကိုင်ကာ မုန်းတီးစွာပြောလိုက်သည်။

“ငါတို့ တစ်လနေရင် တစ်ပွဲပြိုင်မယ်”

သူ၏ပုံစံကြည့်ရသည်မှာ ကျန်းဟန်သာသဘောမတူလျှင် ကျန်းဟန်ကို လွှတ်ပေးလိမ့်မည်မဟုတ်ပေ။

"ကောင်းပြီ ကောင်းပြီ ကောင်းပြီ .. ငါ့ကို ကားသော့သာ ပေးစမ်းပါ"

ကျန်းဟန် လက်ကို ဆန့်ထုတ်လိုက်သည်။

လျိုဖုန်း ကားသော့ကို ကျန်းဟန်၏လက်ထဲသို့ ဒေါသတကြီး ထည့်ပေးလိုက်ပြီး ကားအသစ်တစ်စီးဝယ်လိုက်ရတော့မည်။

ကျန်းဟန်သည် ကားသော့ကို အနီရောင်ဖယ်ရာရီ ဆီသို့ယူလာပြီး သူ့လက်မောင်းပေါ်ရှိ မင်းသမီးလေးကို ရှေ့ခရီးသည်ခုံတွင်ထားလိုက်သည်။

သူသည်ကားကို မီတာတစ်ရာခန့်မောင်းပြီး လမ်းဘေးမှာရပ်လိုက်ကာ နောက်ကြည့်မှန်မှတဆင့် လမ်း၏တစ်ဖက်ကို ကြည့်လိုက်သည်။

ပြိုင်ပွဲပြီးဆုံးသွားပြီးနောက် လူအုပ်သည်လည်း အဖွဲ့ငယ်လေးများအဖြစ်ခွဲကာ ထွက်ခွာသွားကြသည်။

-C 2 End

wunzinnosp

## အပိုင်း(၃) - သမီးလေးလား

ဒေါင်ဟူသည် လောလောဆယ် လျိုဖုန်းကို တောင်းပန်နေရပြီး တစ်စုံတစ်ခုကို ရှင်းပြနေ၏။ သို့သော်လည်း လျိုဖုန်းသည် ဒေါင်ဟူ၏ပါးနှစ်ဖက်ကို တစ်ဖက်ငါးချက်စီရိုက်နေသည်ကို မြင်နိုင်ပေသည်။ ပါးရိုက်ပြီးနောက် လျိုဖုန်းသည် သူ့သူငယ်ချင်း၏ကားအတွင်းသို့ဝင်ကာ ထွက်ခွာသွားသည်။

"အမှိုက်ကောင်ကျန်းဟန်က နိုင်သွားလိမ့်မယ်လို့ ငါဘယ်လိုလုပ်သိမှာလဲ။ ငါကားကို သေချာဘရိတ်မှာပြဿနာရှိအောင်လုပ်ထားတာကို။ ချီးပဲ"

ဒေါင်ဟူ ဒေါသတကြီးကျိန်ဆဲကာ သူ၏ဖို့ဒ်မက်စ်တန် အတွင်းသို့ဝင်ကာ လီဗာကို နင်းလိုက်သည်။

"ဘွန်း..."

ဖို့ဒ်မက်စ်တန်သည် အရှိန်ပြင်းပြင်းဖြင့် ရှေ့သို့ထွက်သွားသည်။ သို့သော် ဘရိတ်ပေါ်သို့ သူခြေနင်းလိုက်သောအခါ ကားဘရိတ်မှာ ပြဿနာရှိနေပြီး အလုပ်မလုပ်ဘူးဆိုသည်ကို တွေ့လိုက်ရသည်။

တဖြည်းဖြည်းနီးကပ်လာသော တောင်စောင်းကို ကြည့်ကာ ဒေါင်ဟူ၏မျက်နှာသည်

ကြောက်ရွံ့မှုကြောင့်ဖြူဖျော့သွားပြီး မျက်လုံးများကျဉ်းမြောင်းသွားသည်။

“ဘန်း . . ဘန်း . . ဘန်း ...”

ဝံပုလွေ(လန်ရှင်း)တောင်တန်းကြီးတစ်ခုလုံးတွင် ကားတစ်စီး အထက်အောက်လန်နေသည့်အသံများ ပဲ့တင်ထပ်သွားပြီး ထွက်ခွာသွားသောသူများသည် ဘာတွေဖြစ်ပျက်နေလဲဆိုသည်ကို လှည့်ကြည့်လိုက်သောအခါ သူတို့၏မျက်နှာများ ပြောင်းလဲသွားသည်။

ဖယ်ရာရီကို ဝံပုလွေ(လန်ရှင်း)တောင်မှ မောင်းထွက်လာစဉ် ကျန်းဟန်၏နှုတ်ခမ်းထောင့်တွင် မထီပြုံးတစ်ခုကပ်ပါလာသည်။

လက်ရှိတွင် ကျန်းဟန်သည် ပေကျင်းမြို့တော် ဝူဟွမ်လမ်းရှိ သာမန်ခပ်ညံ့ညံ့တိုက်ခန်းတစ်ခုတွင်နေထိုင်သည်။ သူ၏တိုက်ခန်းသို့အပြန်ခရီးတွင် ကျန်းဟန် စတင်တွေးတောလိုက်သည်။

"အခုချိန်ထိ ငါ့မှာ ချီခါတ် အရိပ်အယောင်တောင် မရှိဘူး။ လောလောဆယ် ဘယ်ကျင့်ကြံခြင်းနည်းလမ်းကိုမှ လုည့်ပတ်နိုင်စွမ်းမရှိသေးဘူး။ ပြောရရင် ငါအခု သာမန်သေမျိုးတစ်ယောက်ပဲ"

"ငါ့ရဲ့သိုလှောင်လက်စွပ်လည်းမရှိတော့ဘူး"

ဒါက ကျန်းဟန်၏နှလုံးသားကို အလွန်နာကျင်သွားရစေသည်။

"ငါ့ရဲ့ နှစ်ပေါင်းငါးရာစုဆောင်းလာခဲ့တဲ့ ရတနာတွေအားလုံးကုန်ပြီ"

“မကောင်းတဲ့ ကိုးခုမြောက်ကောင်းကင်နတ်ဘုရားမိုးကြိုးရေ ။ မင်းက ငါ့ကို ပြန်လည်မွေးဖွားစေပြီးတော့ ဘာလို့ ရတနာတချို့တလေပါမပေးရတာလဲ”

“…”

ကျန်းဟန် ခဏလောက်တိတ်ဆိတ်နေပြီးနောက် ချက်ချင်းပဲ ထိုအတွေးများကို ရပ်တန့်လိုက်သည်။ ဒါက ကျန်းဟန်၏ ပွင့်လင်းပြီး အကောင်းမြင်သော စရိုက်လက္ခဏာပင်ဖြစ်သည်။ သူသည် ပြဿနာတစ်ခုကို ခေါင်းမာစွာပူဆွေးနေမည်မဟုတ်ပေ။ အမှန်ပင်… ဒါက အရာအားလုံးအတွက်မျဉ်းတစ်ကြောင်းဖြစ်သည်။ မျဉ်းကိုတစ်ကြိမ်ဖြတ်ပြီးသည်နှင့် ကျန်းဟန်သည် ထိုကိစ္စကို ပြတ်သားစွာကိုင်တွယ်မည်ဖြစ်သည်။

မဟုတ်လျှင် သူသည် မြို့တော်ပေကျင်း၌ ငါးနှစ်တာ ထွက်ခွာသွားခြင်းမရှိပဲ သည်းခံနေခဲ့မည်မဟုတ်ပေ။

"ငါ့မှာ တခြားရတနာတွေများရှိနေသေးလား"

ကျန်းဟန် စတင် စဉ်စားလိုက်သည်။ သူ့တွင်ရှိသောရတနာများမှာ မရေမတွက်နိုင်အောင်ပင်များပြားလွန်းလှသည်။ သူပိုင်ဆိုင်ခဲ့သော ရတနာများ၏ အရေအတွက် မည်မျှရှိသည်ကို သူပင်မမှတ်မိနိုင်ခဲ့ပေ။

ရုတ်တရက် ကျန်းဟန်၏မျက်လုံးများ အရောင်တောက်လာပြီး ခေါင်းကိုမြန်မြန်မော့ကာ သူ၏လက်ကို ဘယ်ဘက်နားဆီသို့ ဦးတည်လိုက်သည်။

သူ၏ဘယ်ဘက်နားကို ခဏလောက် နှိုက်လိုက်ပြီးနောက် အပ်တစ်ချောင်းနှင့်တူသော တစ်စင်တီမီတာခန့်ရှည်သည့်အရာတစ်ခုကို နှိုက်ထုတ်လိုက်သည်။

အပ်ချောင်း၏ ကိုယ်ထည်တစ်ခုလုံးသည် ကြည်လင်ဖြူဖွေးနေပြီး အင်မော်တယ်ကျောက်စိမ်းကဲ့သို့ ထင်ရသည်။ ၎င်းကို ခဏလောက်ကြည့်လိုက်ပြီးနောက် ကျန်းဟန်၏မျက်လုံးများတွင် စိတ်လှုပ်ရှားအရိပ်အယောင်များ ပိုမိုထွက်ပေါ်လာသည်။

"ကိုးခုမြောက်ကောင်းကင်နတ်ဘုရားမိုးကြိုး…နောက်ဆုံးတော့ မင်းငါ့ကို ရတနာတစ်ခုတကယ်ပေးခဲ့ပုံရတယ်။ ယန်မိုးကြိုးသစ်ပင် နဲ့ တခြားမျိုးစေ့နည်းနည်းပဲ။ ဒါတွေက ငါ့ရဲ့ကျင့်ကြံခြင်းအတွက်…တကယ်ကို လိုအပ်နေတဲ့အရာတွေပဲ"

(ယန်မိုးကြိုးသစ်သားသည် ယင်နှင့်ယန်မှ ယန်ဖြစ်သည်။)

ကျင့်ကြံခြင်းကမ္ဘာကြီးတွင်ပင် ယန်မိုးကြိုးသစ်ပင်သည် အလွန်ရှားပါးသောရတနာဖြစ်သည်။ ၎င်း၏စွမ်းရည်များမှာ

ကြောက်ဖို့ကောင်းပေသည်။ ၎င်းသည် စွမ်းအင်အရင်းမြစ်တစ်ခုဖြစ်သည့်အပြင် စိတ်ဝိညာဉ်ဆေးပင်များကို အားဖြည့်ပေးနိုင်သည်။ထို့ပြင် ယန်မိုးကြိုးသစ်သားကိုလည်း ကြီးထွားစေနိုင်သည်။ ယန်မိုးကြိုးသစ်သားသည် ဆေးလုံးများစွာအတွက် မရှိမဖြစ်လိုအပ်သော သစ်သားတစ်မျိုးဖြစ်သည်။ တစ်စုံတစ်ယောက်က သစ်သားကို ဖြုန်းတီးပြီး သစ်သားစွမ်းအင်ကို တိုက်ရိုက်စုပ်ယူလျှင်တောင်မှ ထိုသစ်သားစွမ်းအင်ဖြင့်ပင် ရှင်းထျန်းအဆင့် သို့ရောက်ရှိနိုင်သည်။

"ဒါပေမဲ့ ယန်မိုးကြိုးသစ်ပင်က နှစ်ငါးရာမှ တစ်ကြိမ်ပဲ ယန်မိုးကြိုးသစ်သားအဖြစ် ကြီးထွားနိုင်တာ။ ငါပြန်လည်မမွေးဖွားခင်က မိုးကောင်းကင်ကပ်ဘေးကို ခံနေရတုန်းမှာ ယန်မိုးကြိုးသစ်သားကြီးထွားလာတော့မှာကို

ငါမှတ်မိတယ်။ ဒါကြောင့် ယန်မိုးကြိုးသစ်သားကြီးထွားဖို့ ငါးနှစ်လောက်ကြာလိမ့်မယ်”

ကျန်းဟန်ခေါင်းခါလိုက်ပြီး

“အဲ့ဒါကို မေ့ထားလိုက်ပါ။ ဘယ်လောက်ပဲကြာပါစေ ငါလုပ်ရမှာက ယန်မိုးကြိုးသစ်ပင်ကို စိုက်ဖို့ သင့်တော်တဲ့နေရာတစ်ခုရှာရမှာနဲ့ ပထမဆုံးပေါက်ကွဲထွက်လာတဲ့ စွမ်းအင်တွေကို စုပ်ယူဖို့ပဲ။ စွမ်းအင်တွေကို စုပ်ယူပြီးရင် ငါ ချီသန့်စင်ခြင်းအဆင့်ကို ရောက်နိုင်လိမ့်မယ်။ အဲ့အချိန်ဆိုရာ ငါ့ရဲ့ ရတနာအနန့်ခံခြင်းနှာခေါင်းကို သုံးနိုင်ပြီ။ ဒီယန်မိုးကြိုးသစ်ပင်ထဲက အစေ့တွေပါ ပေါင်းလိုက်ရင် ငါ့ရဲ့အနာဂတ်ကတော့ တောက်ပပြီပဲ ဟား ဟား ...”

ထိုအကြောင်းကို တွေးလိုက်ပြီး ကျန်းဟန် မနေနိုင်ပဲရယ်မောလိုက်သည်။

ကျန်းဟန်၏ရယ်သံကြောင့် ခဏအိပ်ပျော်နေသော မင်းသမီးလေးမှာ နိုးလာလေသည်။

နိုးလာပြီးနောက် မင်းသမီးလေးသည် သူမ၏မျက်လုံးလေးများကို ချစ်စဖွယ်ပွတ်လိုက်ပြီး စိတ်ရှုပ်နေဟန်ရသော ကျန်းဟန်ကို ကြည့်လိုက်ကာ ချိုမြိန်သော အသံလေးဖြင့် -

"ဖေဖေ သမီးဗိုက်ဆာတယ်"

မင်းသမီးလေးကိုလှည့်ကြည့်လိုက်ပြီး ကျန်းဟန်၏ရယ်သံမှာ ရပ်တန့်သွားသည်။ သူသည် ဤမင်းသမီးလေးကို ခဏတာမေ့လျော့သွားခဲ့သည်။

“ကောင်မလေး ငါက မင်းရဲ့ အဖေမဟုတ်ဘူး။ ခဏနေရင် ငါတို့ အိမ်ကို ရောက်တော့မယ်။ ငါမင်းအတွက် စားစရာရှာပေးမယ်”

ကျန်းဟန် သူ၏နှုတ်ခမ်းကို ကွေးညွှတ်ကာ ပြောလိုက်သည်။

ထိုစကားကို ကြားလိုက်သောအခါ မင်းသမီးလေးသည် သူမအမှားလုပ်မိသလို ရှက်ရွံ့စွာခံစားလိုက်ရသည်။ သူမစကားပြောချင်သော်လည်း တစ်ချိန်တည်းမှာပင် သူမ ဘာမှမပြောဝံ့ချေ။ သူမရဲ့ဖေဖေက ဘာကြောင့် “မင်းရဲ့အဖေမဟုတ်ဘူး”လို့ ပြောရတာလဲ ဆိုတာ သူမလေး နားမလည်ပေ။

ဖယ်ရာရီသည် ဟောင်းနွမ်းနေသော တိုက်ခန်းရှေ့အောက်တွင် ရပ်လိုက်သောကြောင့် အခြားသူများအမြင်တွင် ထူးဆန်းနေလေသည်။

မင်းသမီးလေးကို ပွေ့ကာ အပေါ်သို့တက်လာပြီးနောက် သူ၏အခန်းအတွင်းသို့ဝင်လိုက်သည်။ ပရိဘောဂများသည် အိုဟောင်း နွမ်းပါးသည်သာမက အခန်းသည်လည်း ရှုပ်ပွနေသည်။ ခုတင်ပေါ်ရှိ စောင် သေးသေးလေးနှင့် ဘေးရှိ ပန်းရောင် ခရီးဆောင်သေတ္တာလေးသည် သစ်လွင်နေသည်။

ဘယ်လိုအခြေအနေကြီးလဲ။

ကျန်းဟာန်၏မျက်ခုံးများ တွန့်ကွေးသွားသည်။ ဆိုဖာပေါ်တွင်ထိုင်လိုက်ပြီး မင်းသမီးလေးကို သူ့ရှေ့ရှိ ကော်ဖီစားပွဲပေါ်တွင်တင်ကာ သူမလေးကို အသေးစိတ် စူးစမ်းလိုက်သည်။

သူမလေး၏ မျက်နှာမှာ အလွန်လှပသည်။ သူမလေးတွင် လှပသော မျက်ခုံး၊ နူးညံ့သေးသွယ်သော နှာတံ၊ ကြီးမားတောက်ပသော မျက်လုံးများ၊ မိုးမခရွက်ကဲ့သို့

ပါးလျသော ချယ်ရီနှုတ်ခမ်းလေးများနှင့် စွဲမက်ဖွယ်ကောင်းသော မင်းသမီးလေးဖြစ်သည်။ သို့သော် သူမ၏ အာရုံခံအင်္ဂါငါးခုမှာ ကျန်းဟန်၏ ယောက်ျားပီသမှုနှင့် လုံးဝမတူပေ။

(အာရုံခံအင်္ဂါငါးခုဆိုတာ နှာခေါင်း(နှာတံ)၊ မျက်လုံး၊ နှုတ်ခမ်း၊ လျှာ၊ နား ကို ပြောတာ ဖြစ်ပါတယ်)

သို့သော်လည်း သူမလေးသည် ကျန်းဟန်၏ယောက်ျားပီသမှုနှင့် မတူခြင်းမှာ ကံကောင်းပေသည်။ မဟုတ်ပါက မိန်းမပျိုလေးက ယောက်ျားပီသသောပုံစံပေါက်နေခဲ့လျှင် ... အာ တွေးကြည့်ရုံနဲ့တင် ကြက်သီးမွေးညှင်းထစရာပင်။

“ဒါတကယ်ကို ငါ့ရဲ့သမီးလေးလား။ ဒါလုံးဝ မဖြစ်နိုင်တာ”

ကျန်းဟန် သူ့ဟာသူ ညည်းတွားလိုက်သည်။ ရုတ်တရက် သူ့စိတ်အာရုံထဲတွင် နာကျင်မှုတစ်ခုကို ခံစားလိုက်ရသည်။

၎င်းသည် နှစ်ပေါင်း(၂၀)ကျော်က မှတ်ဉာဏ်များပင်ဖြစ်သည်။

ထိုအချိန်တွင် ကျန်းဟန်အရာအားလုံးကို နားလည်သွားသည်။ သူ၏စိတ်ဝိဉာဉ်မှ နှစ်ပေါင်းငါးရာမှတ်ဉာဏ်များသည် လက်ရှိခန္ဓာကိုယ်၏နှစ်(၂၀)ကျော်မှတ်ဉာဏ်များကို ခဏတာဖိနှိပ်ခဲ့ခြင်းပြီး ယခု ထိုမှတ်ဉာဏ်များအားလုံး အတူတကွပေါင်းစည်းသွားခြင်းဖြစ်သည်။

ယခုဘဝ၏နှစ်(၂၀)ကျော်မှတ်ဉာဏ်များကို ပေါင်းစည်းလိုက်ပြီးနောက် ကျန်းဟန် အနည်းငယ်အံ့သြသွားသည်။

ဘာလို့ ငါ့ဘဝရဲ့ ကြီးပြင်းလာပုံက ပြောင်းလဲသွားတာလဲ။

သူ၏ အရင်ဘဝက သူ၏မိဘများနှင့် ညီမသည် မတော်တဆမှုတစ်ခုဖြစ်ပွားပြီး သေဆုံးခဲ့ကြသည်။ ယခုတော့ သူ၏မှတ်ဉာဏ်များထဲတွင် သူ၏မိဘများသည် လွန်ခဲ့သော ငါးနှစ်က ထူးဆန်းစွာ ပျောက်ဆုံးသွားပြီး သူ၏ ဒုတိယဦးလေး ကျန်းမင်သည်တော့ သူတို့တစ်မိသားစုလုံးကို မုန်းတီးနေဆဲဖြစ်သည်။ သူ၏ညီမသည် အိမ်မှထွက်ပြေးသွားပြီး သူမယခု ဘယ်ရောက်နေလဲဆိုသည်ကို မည်သူမှမသိပေ။ သို့သော် သူ၏ညီမသည် လတိုင်း သူ့ဆီကို ငွေလွှဲပေးလေ့ရှိသည်။ သူကိုယ်တိုင်တွင်တော့ သူ၏ယခင်ဘဝကကဲ့သို့ပင် ကျန်းမင်ကြောင့် ကျန်းမိသားစုမှ ထုတ်ပယ်ခံရသည်။

“ဒါ မိုးကောင်းကင်က ငါ့ရဲ့အမှားတွေကိုပြင်ဆင်ဖို့အတွက် အခွင့်အရေးပေးနေတာလား”

ကျန်းဟန်၏မျက်လုံးများတွင် ပျော်ရွှင်သည့် အရိပ်ယောင်များထွက်ပေါ်လာသည်။

ထိုမှတ်ဉာဏ်များကို ရရှိပြီးနောက် ကျန်းဟန်သည် နောက်ဆုံးတွင် သူ၏ရှေ့ရှိ မင်းသမီးလေး၏ ဇစ်မြစ်ကို သိရှိသွားသည်။

သူမလေး၏အမေသည် ဇီယန် ဖြစ်သည်။ ကျန်းဟန်သည် သူမနှင့်မရင်းနှီးခဲ့သလို သူမသည် တစ်ချိန်က box-office ဇာတ်လမ်းများ တွင် သရုပ်ဆောင်ဖူးသူတစ်ယောက်ဆိုတာသာ သိသည်။ လွန်ခဲ့သော ငါးနှစ်က သူမ၏အောင်မြင်မှုအမြင့်ဆုံးသို့ ရောက်ရှိချိန်ဖြစ်ပြီး ကျန်းဟန်သည်လည်း အပျော်အပါးလိုက်စားမှုတွင်

ထိပ်ဆုံးသို့ရောက်ရှိပြီး သူ၏ဘဝ တွင်းနက်ထဲသို့ ကျသည့် အချိန်ဖြစ်သည်။ မိန်းမလှလေးကို ကယ်တင်သော သူရဲကောင်းတစ်ဦးအဖြစ် ဖြစ်ပျက်ပြီးနောက်တွင် သူတို့နှစ်ဦးသည် မတော်တဆ အတူတူနေမိခဲ့ကြသည်။ သို့သော်လည်း မတော်တဆပစ်လိုက်သော ကျည်ဆံသည် အလွန်တိကျလိမ့်မည်ဟု မည်သူက ထင်လိမ့်မည်နည်း။

ဧယန် သည် သူမ၏အလုပ်မှာအနားယူကာ အမေရိက သို့သွားရောက်ပုန်းကွယ်နေထိုင်ရန်ရွေးချယ်ခဲ့ပြီး ကျန်းဟန်၏ရှေ့မှောက်ရှိ ဤမင်းသမီးလေးကို မွေးဖွားခဲ့သည်။

ဤမင်းသမီးလေး အသက်လေးနှစ်အရွယ်ရောက်ခါနီးတွင် သူမလေးသည် သူမ၏အဖေကို တွေ့ချင်၍ ပူဆာလေသည်။ ထိုအချိန်တွင် ဧယန်သည် သူမအနားယူနေသည်ကို ရပ်တန့်ပြီး ဖျော်ဖျော်ရေးနယ်ပယ်သို့ ပြန်လည်ဝင်ရောက်ရန် ရည်ရွယ်ကာ တရုတ်ပြည်သို့ ပြန်လာခဲ့သည်။

တရုတ်ပြည်သို့ ရောက်သည်နှင့် ဇီယန်သည် မင်းသမီးလေးအား ကျန်းဟန်၏ တိုက်ခန်းသို့ တန်းတန်းမတ်မတ်ခေါ်ဆောင်လာပြီး သူနှင့် ခုနှစ်ရက်သာ နေခွင့်ပေးခဲ့သည်။ ဖြစ်နိုင်သည်မှာ ဇီယန်သည် သူမလေး၏စိတ်ပျက်စရာကောင်းသော ဖခင်အား မင်းသမီးလေးလက်လျှော့သွားစေရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။

ကျန်းဟန်နှင့် ဇီယန်တို့ တွေ့ဆုံကြသည်သောအခါ ဇီယန်၏ မပြောင်းလဲမှုကြောင့် ကျန်းဟန်၏မာနကို လှုံ့ဆော်ကာ သူတို့နှစ်ဦး အကြီးအကျယ်စကားများကြသည်။

နောက်ဆုံးတွင် ဇီယန်သည် အံကိုကြိတ်ကာ ထွက်သွားခဲ့ပြီး ကျန်းဟန်သည် ထိုကိစ္စကို အထင်သေးကာ သူဟာသူတွေးလိုက်သည်။

“နာမည်ကြီးတွေက ဘာမှဟုတ်တာမဟုတ်ပါဘူး။ သရုပ်ဆောင် သက်သက်ပဲ မလား။ သူမက ဘာဖြစ်လို့ သရုပ်ဆောင်ပဲလုပ်ချင်နေရတာလဲ”

တကယ်တော့ ၎င်းသည် ကျန်းဟန်၏ပြန်လည်မွေးဖွားမှုက ထင်မြင်ချက်သာဖြစ်သည်။

ယနေ့သည် မင်းသမီးလေး သူ့ဘဝထဲရောက်ရှိလာသည့် သုံးရက်မြောက်နေ့ဖြစ်သည်။

ဤမင်းသမီးလေးမှာ သူ၏သမီးဖြစ်ကြောင်းအတည်ပြုပြီးနောက် ကျန်းဟန်၏ အမူအရာမှာ အကြီးအကျယ်ပြောင်းလဲသွားသည်။ မိုးကြိုးအပစ်ခံလိုက်ရသကဲ့သို့ ဖြစ်သွားပြီး သူသည်

ကလေးမလေးအား ထိတ်လန့်ကြောက်ရွံ့စွာ ငေးကြည့်ရင်း ဝမ်းနည်းပူဆွေးစွာ ညည်းတွားလိုက်သည်။

“မိန်းကလေးတစ်ယောက်တဲ့လား”

“မိုးကောင်ကင် မင်းငါ့ကို ဟာသလုပ်နေတာလား။ ငါ့ကလေးက ယောကျ်ားလေးမဟုတ်ရင် ငါ့အမွေကို ဘယ်သူဆက်ခံမလဲ”

ခနအကြာတွင် စိတ်ရှုပ်လာသဖြင့် ကော်ဖီစားပွဲပေါ်ရှိ စီးကရက်တစ်လိပ်ကို ကောက်ကိုင်ကာ မီးညှိပြီး နက်ရှိုင်းစွာ ဖွာရှိုက်လိုက်သည်။

“အဟွတ် အဟွတ်”

ဆေးလိပ်ငွေ့များကြောင့် မင်းသမီးလေးမှာ ချောင်းဆိုးလေတော့၏။

ထို့ကြောင့် ကျန်းဟန်ရပ်လိုက်သည်။ သားယောက်ျားလေးကို သူ၏အမွေဆက်ခံစေချင်သော်လည်း နောက်ဆုံးမှာ ဤမိန်းကလေးသည် သူ၏ သမီးလေးပင်ဖြစ်ပေသည်။ ကျန်းဟန် သက်ပြင်းချကာ ဆေးလိပ်ကို မီးသတ်လိုက်ရင်း ကလေးမလေးသောက်ရန်အတွက် နွားနို့ခွက်သွားယူရန် မတ်တပ်ရပ်လိုက်သည်။

"ကျေးဇူးပါ ဖေဖေ"
မင်းသမီးလေးသည် မဝံ့မရဲဖြင့် ပြောလိုက်သည်။

သူ၏ရှက်ရွံ့နေသော သမီးလေးကို ကြည့်ရင်း ကျန်းဟန် နောက်တစ်ကြိမ်သက်ပြင်းချလိုက်သည်။ အကယ်၍ ၎င်းက ယောက်ျားလေးသာဖြစ်လျှင်

“အဖေ ကျွန်တော်ဗိုက်ဆာတယ်။ ဟိုလိုလိုဒီလိုလိုလုပ်မနေနဲ့။ ကျွန်တော့်အတွက် နွားနို့တစ်ခွက်မြန်မြန်ယူပေးပါ” ဟုပြောပေလိမ့်မည်။

သူ၏သမီးလေးသည်တော့ အလွန်ပင် ရှက်ရွံ့သိမ်မွေ့ကာ ဘာမှပြန်ပြောရဲခြင်းမရှိပေ။

သို့သော် ထိုခံစားချက်များမှာ ပေါ်လာပြီး လျင်မြန်စွာပျောက်ကွယ်သွားသည်။ ကျန်းဟန်သည် နို့သောက်နေသော မင်းသမီးလေးကို ကြည့်နေစဉ် မသိလိုက်စွာပင် သူ၏မျက်နှာတွင် နူးညံ့သိမ်မွေ့သော အရိပ်အယောင်များ ပေါ်လာသည်။

မင်းသမီးလေးသည် နို့သောက်ပြီးသည်နှင့် ခွက်ကို စားပွဲပေါ်တင်လိုက်ပြီး သူမလေး၏သေးသွယ်သော

လက်နှစ်ဖက်ကို ဆန့်တန်းကာ ချစ်စရာအသံလေးဖြင့် ပြောလိုက်သည်။

“ဖေဖေ သမီးကို ချီပါ”

ကျန်းဟန် သူမလေးကို သူ၏လက်မောင်းထက်တွင် ပွေ့ချီလိုက်သည်။ မင်းသမီးလေးသည် ရှက်ရွံ့စွာပြုံးလိုက်ပြီး ပျော်ရွှင်စွာပြောလိုက်သည်။

“ဖေဖေ က သမီးရဲ့ သူရဲကောင်းကြီးပဲ။ ဖေဖေ့ကို ချစ်တယ်”

မင်းသမီးလေးသည် ကျန်းဟန်၏ပါးကို နမ်းလိုက်သည်။

ကျန်းဟန်၏နှလုံးသားလေးမှာ အရည်ပျော်သွားလေပြီ။

ထိုအနမ်းသည် ကျန်းဟန်အား မခံစားရတာကြာပြီဖြစ်သော နွေးထွေးမှုနှင့် နူးညံ့မှုတို့ကို ခံစားရစေသည်။

၎င်းသည် ကျန်းဟန်၏နှစ်ပေါင်းငါးရာတိုင်အောင် နှလုံးသားထဲမှ အထီးကျန်ဆန်မှုကို နက်ရှိုင်းစွာဖြည့်တင်းပေးလိုက်သည်။

နောက်ဆုံးတော့ ငါ့မှာ ကလေးတစ်ယောက်ရှိခဲ့ပြီ။ သမီးလေးဖြစ်တော့ရော ဘာဖြစ်လဲ? သမီးတစ်ယောက်ရဲ့ချစ်ခြင်းမေတ္တာဟာ ဆောင်းရာသီမှာ သိုးမွေးအင်္ကျီနဲ့တူတယ်လို့ ပြောကြတယ်မလား

ကျန်းဟန် အူလိုက်သည်းလှိုက်ရယ်မောလိုက်သည်။

သူ၏လက်မောင်းထက်ရှိမင်းသမီးလေးမှာ သူမ၏ဖေဖေဘာကြောင့်ရယ်နေမှန်းမသိသော်လည်း

သူ၏ရယ်မောမှုကြောင့် သူမလေးသည်လည်း လိုက်၍ရယ်လေသည်။

ထိုအချိန်ခဏတွင် အခန်းထဲတွင် ရယ်မောသံများဖြင့် ပြည့်နက်သွားကာ သက်သောင့်သက်သာဖြစ်သွားသည်။

“သမီးမေမေက သမီးကို နာမည်ပေးထားသေးလား” ကျန်းဟန်နူးညံ့စွာမေးလိုက်သည်။

“အင်း မေမေက သမီးကို နာမည်တစ်ခုပေးထားတယ်” မင်းသမီးလေးသည် သူမလေး၏လက်ကို မြှောက်လိုက်ပြီး သူမကိုယ်သူမ ညွှန်ပြကာ ချစ်စရာအသံလေးဖြင့်

“သမီးက… သမီး . .က အမ်မလီလို့ခေါ်ပါတယ်”

၎င်းကိုကြားလိုက်ရပြီးနောက် ကျန်းဟန်၏မျက်နှာမှ အပြုံးမှာ ရုတ်တရက်ပျောက်ကွယ်သွားသည်။

သူ၏မျက်လုံးထောင့်မှ ကြွက်သားများပင် လှုပ်နေပြီး သူမည်မျှမပျော်မရွှင်ဖြစ်နေသည်ကို ဖော်ပြနေသည်။

"အမ်မလီလား" ကျန်းဟန်ပြောလိုက်သည်။

"ဒီမိန်းမ အတော်ရက်စက်တာပဲ"

သူ့သမီးလေး၏ မျိုးရိုးနာမည်မှာ ဘာကြောင့် ကျန်း မဟုတ်တာလဲ။ အဲ့ဒါ ဘာအဓိပ္ပာယ်လဲ။

"ဖေဖေ..." ကျန်းဟန်၏အမူအရာကို ကြည့်ပြီး မင်းသမီးလေးသည် သူမအားစိတ်ဆိုးသွားသည်ထင်ပြီး မျက်ရည်များကျလာသည်။

"ဟေး...ဟေး... မငိုနဲ့ မငိုနဲ့ ဖေဖေက သမီးကို ပြောတာမဟုတ်ပါဘူး"

ကျန်းဟန်ပြာပြာသလဲပြောလိုက်သည်။

“ဖေဖေ စိတ်မဆိုးပါနဲ့...” မင်းသမီးလေးသည် မဝံမရဲပြောလိုက်သည်။

ကျန်းဟန်ခေါင်းညိတ်လိုက်ပြီး ပြောလိုက်သည်။
“ဖေဖေက သမီးရဲ့နာမည်ကို မကောင်းဘူးလို့ ခံစားရလို့ပါ။ ဖေဖေသမီးကိုနာမည်အသစ်တစ်ခု ပြန်ပေးမယ်လေ။ အဆင်ပြေလား”

“ဟုတ်ကဲ့ ဟုတ်ကဲ့”
သူမ၏ဖေဖေသည် သူမကို စိတ်မဆိုးပဲ နာမည်အသစ်ပေးချင်နေသည်ကို ကြားသည့်အခါ မင်းသမီးလေးသည် တဖန်ပြန်လည်ပျော်ရွှင်လာသည်။

“သမီးကို ဘယ်လိုခေါ်ရမလဲဆိုတော့ ...” ကျန်းဟန်စဉ်းစားလိုက်ပြီး ၂ စက္ကန့်အကြာတွင်

သူ၏လက်မောင်းပေါ်မှ မင်းသမီးလေးကို ကြည့်ပြီး ပြောလိုက်သည်။

"သမီးကို ကျန်းယွီမုန့် လို့ခေါ်မယ်။ သမီးရဲ့နာမည်ကို ချစ်စနိုးနဲ့ မုန့်မုန့် လို့ခေါ်မယ်။ သမီးဘယ်လိုထင်လဲ။ အဲ့နာမည်ကို ကြိုက်လား"

ကျန်းဟန် မင်းသမီးလေးကို မျှော်လင့်ချက်များပြည့်နေသောအကြည့်ဖြင့် ကြည့်လိုက်သည်။

သို့သော် သူ၏လက်မောင်းပေါ်ရှိ မင်းသမီးလေးသည်ကား တုံ့ဆိုင်းသွားသည်။

"ဒါပေမဲ့ သမီး မေမေသမီးကို ပေးထားတဲ့ အမ်မလီ ဆိုတဲ့နာမည်ကို ပိုကြိုက်တယ်"

ကျန်းဟန်၏အမူအရာမှာ တောင့်တင့်သွားပြီး လေးနက်စွာပြောလိုက်သည်။

"အဲ့ဒါတော့ မဖြစ်ဘူး!"

သို့သော် သူ၏လေးနက်သောအမူအရာနှင့် လေသံကြောင့် မင်းသမီးလေး၏မျက်နှာမှာပြောင်းလဲသွားပြီး သူမလေး၏မျက်လုံးအတွင်းမှ မျက်ရည်များ အချိန်မရွေးကျလာတော့မည့်ပုံဖြစ်လာသည်။

၎င်းကိုကြည့်ပြီး ကျန်းဟန်၏အသံမှာ ချက်ချင်းပြောင်းသွားပြီး နူးညံ့သည့်အသံဖြင့် ပြောလိုက်သည်။

"ဖေဖေ့ရဲ့ ပူတူးတူးလေး..."

-C 3 End

wunzinnosp

## အပိုင်း(၄) - သတ္တိရှိအောင်လေ့ကျင့်ခြင်း

ကျန်းဟန်သည် မင်းသမီးလေးအား အမြန်ချော့လိုက်သည်။

သူသည် ဖခင်တစ်ယောက်၏ဘဝအတွေ့အကြုံကို ပထမဆုံးအကြိမ် ခံစားလိုက်ရပြီး ချွေးပြန်သွားသည်။ ကလေးတစ်ယောက်ကို ချော့မော့ခြင်းသည် အမှန်တကယ်ကို လေ့လာသင်ယူရန်လိုအပ်သော အရည်အချင်းတစ်ခုဖြစ်သည်။

“ပူတူးတူးလေး…” ကျန်းဟန် ခနစဉ်းစားပြီး

“ဖေဖေ သမီးကို မေးခွန်းတစ်ခုမေးလို့ရမလား? သမီးက ဘာလူမျိုးလဲ”

“သမီး..က… တရုတ်ပါ”

“အဲ့ဒါသေချာလို့လား?” ကျန်းဟန်ပြောလိုက်သည်။

"သမီးစဥ်းစားကြည့် သမီးနာမည်က အမ်မလီနော်။ သမီးက အမေရိကန်မဟုတ်ဘူးလား"

"မဟုတ်ဘူး"

မင်းသမီးလေးသည် ကျန်းဟန်ပြောသည်အား မကျေမနပ်ဖြင့် နှုတ်ခမ်းလေးစူကာ

"သမီးက... တရုတ်လူမျိုး" ဟုပြန်ပြောလေသည်။

"သမီးက တရုတ်လူမျိုးဆိုရင် သမီးတရုတ်နာမည်တစ်ခုရှိဖို့ လိုတယ်မလား"

"အွန်း...ဟုတ်တယ်"

"ဟဲဟဲဟဲ ... "ကျန်းဟန် ညစ်ကျယ်ကျယ်ရယ်လိုက်ပြီး ပြောလိုက်သည်။

"ဒါဆို သမီးနာမည်ဘယ်လိုခေါ်လဲ"

“အမ်” မင်းသမီးလေးမှ မည်သို့ပြန်ဖြေရမှန်းမသိတော့။

“သမီးက ကျန်းယွီမုန့် လို့ခေါ်တယ်။ သမီးရဲ့ ချစ်စနိုးနာမည်က မုန့်မုန့်” ကျန်းဟန်ထပ်ပြောလိုက်သည်။

“သမီးက…” မင်းသမီးလေးသည် သူမကိုယ်သူမညွှန်ပြလိုက်ပြီး ပြောလိုက်သည်။

“ကျန်း…ယွီ…မုန့်…မုန့်မုန့်, မုန့်မုန့်”

“မှန်တယ်!” ကျန်းဟန် ဟက်ဟက်ပက်ပက်ရယ်လိုက်ပြီး မင်းသမီးလေးက ‘မုန့်မုန့် မုန့်မုန့်’ ဟူသော စကားလုံးကို ထပ်တလဲလဲဆက်ပြောနေသည်။

မင်းသမီးလေး သူမ၏ နာမည်အသစ်ကို လက်ခံအောင်စည်းရုံးပြီးနောက် ကျန်းဟန်သည် စစ်ပွဲတစ်ခုကို အနိုင်ရလိုက်သကဲ့သို့ခံစားလိုက်ရသည်။

"ဖေဖေ့အကျႌတွေက တော်တော်ညစ်ပတ်နေပြီ။ ဖေဖေအရင်ဆုံး အကျႌလဲလိုက်ဦးမယ်နော်"

ကျန်းဟန် မင်းသမီးလေးကို ဆိုဖာပေါ်တင်ပြီး ဗီရိုရှေ့လျှောက်သွားလိုက်သည်။ ဗီရိုတံခါးကို ဆွဲဖွင့်လိုက်ပြီးနောက် သူ၏ခြေလှမ်းများရပ်တန့်သွားသည်။

ဗီရို၏အရွယ်အစားမှာ အသင့်အတင့်ရှိသော်လည်း အဝတ်အစားမှာ လေး ငါး စုံသာရှိသည့်အပြင် ဟောင်းနွမ်းစုတ်ပြတ်နေသေးသည်။

ကျန်းဟန်၏မျက်လုံးများက ရှုပ်ပွနေသော အခန်းတစ်ခုလုံးကို ဝေ့ကြည့်လိုက်သည်။

နောက်ဆုံးတွင် သူ၏အကြည့်သည် ပုံရိပ်ထင်နေသော မှန်သို့ရောက်ရှိသွားသည်။ သူ့ကိုယ်သူ ညစ်ပတ်စုတ်ပြတ်နေသည်ကို ကြည့်ပြီး အကူအညီမဲ့စွာ သက်ပြင်းချလိုက်သည်။

ငါတစ်ချိန်တုန်းက ရှုပ်ပွစုတ်ပြတ်နေခဲ့တာကို ငါတကယ်မေ့သွားတယ်

တကယ်လို့ ငါသာ ကျင့်ကြံခြင်းကမ္ဘာကလူတွေကို ဟန်ယန်အင်မော်တယ်ဧကရာဇ်က တစ်ချိန်တုန်းက အခုလိုဆိုးရွားလှတဲ့အခြေအနေမှာနေခဲ့တယ်ဆိုတာ သွားပြောရင် ဘယ်သူမှ ယုံမှာမဟုတ်ဘူး

ကျန်းဟန်သည် ငယ်စဉ်ကတည်းက အလွန်ချမ်းသာသော မိသားစုတွင် ကြီးပြင်းလာခဲ့ပြီး သူ၏ဘဝရည်မှန်းချက်သည် အကောင်းဆုံးဆိုသောအရာများကို ခံစားရန်ဖြစ်သည်။

လွန်ခဲ့သောငါးနှစ်အတွင်း အခြေအနေဆိုးရွားခဲ့သော်လည်း ကျင့်ကြံခြင်းကမ္ဘာသို့ ရောက်ရှိခဲ့ပြီးနောက် ကျန်းဟန်၏လူနေမှုဘဝသည် အဆပေါင်းများစွာ မြင့်တက်လာခဲ့သည်။

နောက်ဆုံး သူနေထိုင်ခဲ့သောနေရာသည်ပင် တုန္နိုင်းမဲ့အင်မော်တယ်နန်းတော် ဖြစ်သည်။

သူသောက်သုံးခဲ့သော ဝိုင်အရက်များမှာ နှစ်တစ်သောင်းတွင်တစ်ခါသာ ချက်လုပ်နိုင်သော အင်မော်တယ်ဝိုင်များဖြစ်သည်။

သူစားသုံးသော အစားအစာများမှာလည်း မြောက်များစွာသော ဂြိုလ်ကမ္ဘာများပေါ်တွင် အရသာအကောင်းဆုံး အစားအသောက်များဖြစ်သည်။

သူအပြင်ထွက်သည့်အခါ စီးသည့်ယာဉ်သည်ပင် နဂါးကိုးကောင်စစ်ရထားဖြစ်သည်။ သူဖြတ်သွားသည့် နေရာတိုင်းတွင် လူထောင်ပေါင်းများစွာတို့သည် ၎င်း၏ရှေ့တွင် ဦးညွှတ်လိမ့်မည်ဖြစ်သည်။

လက်ရှိအခန်း၏ မြင်ကွင်းကို ကြည့်ပြီး ကျန်းဟန်သည်းမခံနိုင်တော့ချေ။

"မုန့်မုန့် ဖေဖေသမီးကို အပြင်ခေါ်သွားမယ် အဆင်ပြေလား" ကျန်းဟန် ပေါ့ပါးစွာမေးလိုက်သည်။

"မုန့်မုန့်က ဖေဖေနဲ့ အပြင်သွားပြီး ကစားရတာကို ကြိုက်တယ်" မုန့်မုန့်လေး ပျော်ရွှင်စွာပြောလိုက်သည်။

တစ်ခုပြောရမည်မှာ ကလေးများ၏သင်ယူနိုင်စွမ်းက အမှန်တကယ်ကို ထူးခြားပေသည်။ အချိန်ခဏလေးအတွင်းသာရှိသေးသည် မုန့်မုန့်ကား သူ့မဖေဖေပေးထားသော နာမည်ကို မှတ်မိသွားပြီဖြစ်သည်။

ကျန်းဟန်ပြုံးကာ ခေါင်းညိတ်လိုက်ပြီး မုန့်မုန့်၏ပစ္စည်းများအားလုံးကိုစတင်ထုပ်ပိုးကာ သူ့မ၏ ခရီးဆောင်အိတ်ထဲသို့ထည့်ရန်ပြင်လိုက်သည်။

ခရီးဆောင်အိတ်ကိုဖွင့်လိုက်သည့်အခါ အိတ်၏ထောင့်စွန်းတွင် သပ်ရပ်စွာထည့်ထားသော ယွမ်တစ်သိန်း ကို ကျန်းဟန်တွေ့လိုက်သည်။

ထိုငွေများမှာ မုန့်မုန့်၏အမေ ဇီယန်ထားခဲ့ခြင်းဖြစ်သည်။ တကယ်တော့ ကျန်းဟန် ထိုငွေများကို သုံးရန် ရည်ရွယ်ချက်မရှိပေ။ သို့သော်လည်း ထိုငွေများကိုမြင်လိုက်သည်နှင့် ကျန်းဟန် လွန်ခဲ့သောနှစ်ရက်က ဇီယန်နှင့် စကားများခဲ့သည်ကို ပြန်တွေးမိသည်။

အတိတ်က ကျန်းဟန်၏နာမည်ကျော်များအပေါ် အမြင်မှာ နာမည်ကျော်များသည် သရုပ်ဆောင်သက်သက်သာပြီး ဘာမှမဟုတ်ပေ။ ဇီယန်နှင့်စကားများစဉ် သူ၏အမြင်ကို ထုတ်ဖော်ပြောဆိုခဲ့ပြီး ဇီယန်ကို အမုန်တကယ်ဒေါသထွက်စေခဲ့သည်။

သို့သော် ယခုကျန်းဟန်သည် ထို့သို့တူညီသော အမြင်မရှိတော့ချေ။ အဘယ်ကြောင့်ဆိုသော် သူသည်လည်း မည်မျှအထိနာမည်ကြီးသလဲဆိုရင် “ဟန်ယန်

အင်မော်တယ်ကောရာဇ်” ဟူသည့်နာမည်သည် ကျင့်ကြံခြင်းလောကတစ်ခုလုံးတွင် မသိသူမရှိလောက်အောင် ကျော်ကြားသည်။ သူသည်လည်း နာမည်ကျော်တစ်ယောက်နှင့် မကွဲပြားပေ။

မုန့်မုန့်၏ ခရီးဆောင်အိတ်ကို ထုပ်ပိုးလိုက်ပြီးနောက် ကျန်းဟန်သည် သူ၏ကုတင်ဘေး ဗီရိုထဲမှ ယွမ် နှစ်သောင်း ထုတ်ယူလိုက်သည်။ ထိုငွေများမှာ သူ၏ညီမက ပေးထားခြင်းဖြစ်သည်။ ကျန်းဟန်သည် သာမာန်အားဖြင့် အိမ်ပြင်သို့ထွက်လေ့မရှိသဖြင့် အချိန်ကြာလာသည်နှင့် အမျှ ငွေများ များပြားလာသည်။

“ဖေဖေ သမီးတို့က ပြန်မလာကြတော့ဘူးလားဟင်”

မုန့်မုန့်သည် ကျန်းဟန်၏လက်ထဲရှိ ခရီးဆောင်အိတ်ကို ညွှန်ပြရင်း မေးသည်။

"ဖေဖေတို့က ပြန်မလာကြတော့ဘူး။ ဖေဖေက သမီးကို ပျော်စရာကောင်းတဲ့ ဘဝကြီးဆီခေါ်သွားပေးမယ်"

ကျန်းဟန် ခရီးဆောင်အိတ်ကို ဘယ်လက်တွင်ကိုင်ကာ မုန့်မုန့်အား ညာလက်တွင်ချီလိုက်သည်။

"ကောင်းပြီ။ ပျော်စရာဘဝကြီးဆီသွားကြစို့"

မုန့်မုန့် ပျော်ရွှင်စွာအော်လိုက်ပြီး သူမလေး၏ လက်သေးသေးလေးများကို မြှောက်လိုက်သည်။

တိုက်ပေါ်မှ ဆင်းလာပြီးနောက် ခရီးဆောင်အိတ်ကို နောက်ခန်းတွင်ထည့်ကာ မုန့်မုန့်အား ရှေ့ခရီးသည်ထိုင်ခုံတွင် တင်လိုက်ပြီး ထိုင်ခုံခါးပတ် ပတ်ပေးလိုက်သည်။ ထို့နောက်သူသည် ကားကိုမောင်းကာ ထွက်ခွာသွားသည်။

ကားမောင်းနေစဉ် ဆံပင်ညှပ်ဆိုင်တစ်ခုကို တွေ့လိုက်၍ ထိုဆီသို့ မောင်းသွားလိုက်သည်။

ဆံပင်ညှပ်ဆိုင်သို့ရောက်သည်နှင့် ကျန်းဟန်သည် မုန့်မုန့်အား ကားထဲမှ ခေါ်ထုတ်ကာ ဆိုင်ဆီသို့ လျှောက်သွားလိုက်သည်။

ဆိုင်ထဲရှိဝန်ထမ်းများသည် ထိုအဖေနှင့်သမီးပေါင်းစပ်မှုကို တွေ့သည့်အခါ သူတို့အားလုံးသည် အနည်းငယ်ထူးဆန်းသည်ဟုခံစားရကာ သူတို့ဟာသူတို့စဉ်းစားလိုက်ကြသည်။

လူမိုက်လိုလို ဦးလေးကြီးနဲ့ ချစ်ဖို့ကောင်းတဲ့ မင်းသမီးလေးတို့က အတူတူတစ်တွဲဖြစ်နေကြတယ်။ ဘယ်လောက်ထူးဆန်းတဲ့ ပေါင်းစပ်မှုလဲ။ ဒါမှမဟုတ် ကလေးသူငယ် လူကုန်ကူးမှုများဖြစ်နေမလား

သို့သော် ကျန်းဟန်၏ ဆံပင်အားညှပ်လိုက်ပြီးနောက် အားလုံး၏ မျက်လုံးများ ပြူးကျယ်သွားကြသည်။

ဒီကောင်ရဲ့ အသွင်အပြင်က လုံးဝကို ပြောင်းလဲသွားတာပဲ

လူတိုင်းက ကိုယ့်ဟာကိုယ်တွေးလိုက်ကြသည်။

သူ၏ဖုံးအုပ်နေသော ဆံပင်များကို ရှင်းလင်းလိုက်ပြီးနောက် ကျန်းဟန်၏ချောမောခန့်ညားသည့်မျက်နှာက အခြားလူများအား ခံစားချက်ကောင်းတစ်ခုကို ပေးစွမ်းနေသည်။ သူ၏ရုပ်ရည်မှာ လမ်းဖြတ်သွားသူတိုင်း နောက်ပြန်လှည့်ကြည့်ရလောက်အောင် အလွန်ချောမောနေသည်မဟုတ်သော်လည်း သူ၏မျက်နှာမှာ ကြည့်ကောင်းနေဆဲပင်ဖြစ်သည်။

“ဖေဖေ အရမ်းမိုက်တာပဲ” ဟု အနီးရှိထိုင်ခုံပေါ်တွင် ရှက်ကိုးရှက်ကန်းဖြင့် ထိုင်နေသော မင်းသမီးလေးက ချီးကျူးလိုက်သည်။

ကျန်းဟန်ပြုံးကာ ခေါင်းယမ်းလိုက်သည်။ ဆံပင်ညှပ်ပြီးနောက် ကျန်းဟန်သည် မုန့်မုန့်အားချီကာ ဆံပင်ညှပ်ဆိုင်မှ လျှောက်ထွက်လာသည်။

ကားထဲတွင်ထိုင်လိုက်ပြီးနောက် ကျန်းဟန်လေးနက်သောမျက်နှာနှင့်ပြောလိုက်သည်။

“မုန့်မုန့်”

“အမ်”

“သမီးအပြင်ကိုသွားတဲ့အခါ ရဲရင့်ရမယ်။ သမီးက ဖေဖေ့ရဲ့သမီးပဲ။ သမီးဘာကိုပဲလုပ်ချင်လုပ်ချင် သမီးလုပ်နိုင်တယ်။ သမီးက ကောင်းကင်ကို

အပေါက်ဖောက်ထားမယ်ဆိုရင်တောင် သမီးရဲ့ဖေဖေက အဲ့ဒါကို ပြန်ပြင်ပေးနိုင်တယ်။ သမီးနားလည်လား”

“အိုး…ဖေဖေ…ဒါပေမဲ့ ကောင်းကင်က အရမ်းမြင့်လွန်းတယ်။ သမီး အဲ့ဒီအထိ မရောက်နိုင်ဘူး” မုန့်မုန့်သည် ချစ်စဖွယ်ပြောလိုက်သည်။

“အိုး…ဒါကဘာမှမဖြစ်ပါဘူး။ အနာဂတ်မှာ ဖေဖေက သမီးကို ခေါ်ပြီး ကောင်းကင်ဆီပျံသန်းသွားတဲ့အခါ သမီးအဲဒီကို ရောက်လိမ့်မယ်” ကျန်းဟန်ပြုံး၍ ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

“ ဖေဖေပြောတာက သမီးဘယ်နေရာပဲ ရောက်နေပါစေ ဘာကိုမှကြောက်စရာမလိုဘူးလို့ပြောတာ။ သမီးဘာပဲပြောချင်ပြောချင် ရဲရဲဝံ့ဝံ့ပြောလို့ရတယ်။ခဏနေလို့

ရှော့ပင်းမောလ်ကို ရောက်တဲ့အခါကျရင် ဖေဖေက သမီးကို သတ္တိရှိအောင် လေ့ကျင့်ပေးမယ်"

"ဟုတ်ပြီ။ ရှော့ပင်းမောလ်ကိုသွားမယ်။ သတ္တိရှိအောင်လေ့ကျင့်ကြမယ်" မုန့်မုန့်သည် သူမလေး၏ လက်သေးသေးလေးများကို မြှောက်ကာပြောလိုက်သည်။

ထို့နောက် ကျန်းဟန်သည် မုန့်မုန့်အား အနီးအနားရှိ ရှော့ပင်းမောလ်တစ်ခုသို့ ခေါ်ဆောင်လာသည်။

ရှော့ပင်းမောလ်တွင် ကျန်းဟန်သည် အဖြူရောင်တီရှပ်တစ်ထည်၊အနက်ရောင်ဂျာကင်တစ်ထည်၊ ပေါ့ပေါ့ပါးပါး ရှူးဖိနပ်တစ်ရံနှင့် အဝတ်အစားအသစ်တစ်စုံ ဝယ်ခဲ့သည်။ ထိုအဝတ်အစားများအားလုံးမှာ နိုင်ငံတကာအမှတ်တံဆိပ်များဖြစ်ကြပြီး ယွမ် နှစ်သောင်းနီးပါးကုန်ကျသည်။

လူတစ်ယောက်သည် သူ၏အဝတ်အစားပေါ်တွင်မှုတည်ပြီး မြင်းတစ်ကောင်သည် သူ၏ကုန်းနှီးပေါ်တွင် မှုတည်သည်။ အဝတ်အစားအသစ်များလဲပြီးနောက် ကျန်းဟန်၏ စိတ်အခြေအနေမှာ အတော်လေးကောင်းမွန်လာသည်။ ယခုအခါတွင် အခြားသူများ၏အမြင်၌ အောင်မြင်ကျော်ကြားသောအမျိုးသားတစ်ဦးသည် သူ၏ချစ်စရာကောင်းသောသမီးလေးအား ရှောပင်းမောလ်သို့ခေါ်ဆောင်လာသည်နှင့် တူသွားလေ၏။

ရှောပင်းမောလ်မှ မထွက်ခင် ကျန်းဟန်သည် မင်းသမီးလေးအားပြောလိုက်သည်။

"မုန့်မုန့် ဖေဖေတို့ သမီးရဲ့ ရဲစွမ်းသတ္တိအတွက် ခနလောက် လေ့ကျင့်ကြမယ်"

"ဟုတ် လေ့ကျင့်ကြမယ်" မုန့်မုန့်သည် ကျန်းဟန်၏လက်မောင်းထက်တွင် လဲလျောင်းရင်း ပြောလိုက်သည်။

"အခု သမီးရှေ့မှာရှိတဲ့ လူတွေကို ကြည့်လိုက် မုန့်မုန့်။ ပြီးရင် သူတို့ကို မင်းတို့အင်းစက်လေးတွေ ငါ့ရှေ့မှာ အသက်ကျယ်ကျယ်မရှုရဲကြဘူးလား လို့ကျယ်ကျယ်လေး အော်ပြောလိုက်။ လုပ်ထား . သမီးလုပ်နိုင်ပါတယ်" ကျန်းဟန်အားပေးလိုက်သည်။

"အိုး…" မုန့်မုန့်သည် ပါးစပ်လှုပ်ပြီး စကားပြောတော့မည်ဖြစ်သော်လည်း သူမရှေ့တွင် လှုပ်ရှားနေကြသော လူများနှင့် သူမကို ကြည့်နေသောလူများကို ကြည့်ပြီး ရုတ်တရက် ကျန်းဟန်အားပွေ့ဖက်ကာ ပုန်းကွယ်ရင်း ရှက်ရွံ့စွာ ပြောလိုက်သည်။

“သမီး … သမီး. မလုပ်ရဲဘူး”

ကျန်းဟန်၏အမူအရာသည် အေးခဲသွားသည်။ သူသည်မုန့်မုန့်လေးအား စတင် ချော့မော့ပြောဆိုတော့သည်။ နောက်ဆုံးတွင် ရေခဲမုန့်၏ လွှမ်းမိုးမှုအောက်တွင် မုန့်မုန့်သည် သူမ၏ကြည်လင်သည့်မျက်လုံးလေးများကို မှိတ်ပြီး သတ္တိများကို စုစည်းကာ ချစ်စရာကောင်းသော အသံကြီးဖြင့် ရဲရဲဝင့်ဝင့်ပြောလိုက်သည်။

“မင်း…မင်းတို့အင်းစက်တွေ မင်းတို့…မင်းတို့..ငါ့ရှေ့မှာ အသက်မရှူရဲကြဘူးလား”

ထိုစကားသံများထွက်လာသည့်အခါ ကျန်းဟန်နှင့်မုန့်မုန့် ပတ်ဝန်းကျင်ရှိလူများ၏အကြည့်များကို ချက်ချင်းစွဲဆောင်သွားခဲ့သည်။ မုန့်မုန့်ကိုတွေ့လိုက်သည်နှင့်

မုန့်မုန့်၏ချစ်စဖွယ်ကောင်းမှုကြောင့် လူအများစုသည် မရယ်ပဲမနေနိုင်ကြပေ။

"ခစ်ခစ်..."

လူများစွာက သူမကိုကြည့်နေသည်ကိုမြင်တော့ မင်းသမီးလေးသည် ကျန်းဟန်၏အဝတ်အစားများဖြင့် သူမလေး၏ဦးခေါင်းကို ဖုံးထားပြန်သည်။

ဒါကိုမြင်တော့ ကျန်းဟန်သည် မုန့်မုန့်၏ခေါင်းလေးကို ငုံ့ကြည့်ပြီး တွေးတောလိုက်သည်။

သူမလေးကို သတ္တိရှိရဲရင့်ဖို့ကြိုးစားတာက တကယ်ကို ခက်ခဲတဲ့ကိစ္စဖြစ်ပုံပဲ

လူအုပ်ထဲမှ အစအဆုံးမြင်လိုက်သော အဒေါ်ကြီးတစ်ယောက်သည် ကျန်းဟန်အား ဒေါသတကြီးအော်ဟစ်လိုက်သည်။

"ကလေးကို ဘယ်လိုတွေသင်ပေးနေတာလဲ။ မင်းမှာ လူမှုရေး အမူအကျင့်တွေနားမလည်ဘူးလား။ ကလေးရဲ့နေ့စဉ်ဖြတ်သန်းတဲ့ အမူအကျင့်တွေက တကယ်ကို ပျက်စီးနေတော့မှာပဲ"

၎င်းကိုကြားသည့်အခါ ကျန်းဟန်မည်သည့်မျှတုန့်ပြန်ခြင်းမရှိပေ။ နှုးညံ့စွာရယ်လိုက်ကာ ကျန်းဟန်သည် မုန့်မုန့် အတွက်ရေခဲမုန့်တစ်ခုဝယ်လိုက်ပြီး သူမလေးအား ချီဆောင်၍ ရှောပင်းမောလ်မှထွက်လာသည်။

အမှန်တော့ ကျန်းဟန်၏ရည်ရွယ်ချက်မှာ မုန့်မုန့်အား ရဲရင့်ပြီး မရှက်ကြောက်ရန် သင်ပေးဖို့ဖြစ်သည်။ သို့သော် အဖေတစ်ယောက်အဖြစ် ပထမဆုံးအကြိမ်ဖြစ်ခြင်းကြောင့် ကလေးတစ်ယောက်ကို မှန်ကန်အောင် ဘယ်လိုသင်ပေးရမလဲ မသိပေ။ ဒီအတိုင်းသာ ဆက်သွားလျှင် ကျန်းဟန်သည် နတ်ဆိုးလေးတစ်ကောင်ကို ဖန်တီးမိလိမ့်မည်။

ကံကောင်းစွာဖြင့် ကျန်းဟန်၏သင်ကြားမှုများမှာ ရက်အနည်းငယ်အကြာတွင် ဇီယန်ရောက်လာပြီး ရပ်တန့်ခဲ့သည်။ သို့သော် ကျန်းဟန်၏သင်ခန်းစာများကို ရက်အနည်းငယ်သာ သင်ယူခဲ့သော်လည်း မုန့်မုန့်သည် နောက်ပိုင်းတွင် သူ့အားလှည့်စားသည့် အရာများလုပ်ခဲ့သေးသည်။

သို့သော်လည်း ကျန်းဟန်သည် နတ်ဆိုးလေးတစ်ကောင်ကိုဖန်တီးမိလျှင်တောင်မှ

စိတ်ထဲမရှိပေ။ သူ၏အမြင်တွင် သူ့သမီးလေးသည် ကမ္ဘာပေါ်တွင် ကံအကောင်းဆုံးနှင့် အရဲရင့်ဆုံးဖြစ်စေချင်သည်။

ကျန်းဟန်သည် ဖယ်ရာရီအသစ်ကလေးကို မောင်းပြီး မုန့်မုန့်အား လင်းယွဲ့ဆိုသည့် ကြယ်ငါးပွင့်ဟိုတယ်တစ်ခုသို့ခေါ်လာသည်။

ပြိုင်ကားတစ်စီး၊ အထက်တန်းဆန်ဆန် ဝတ်စားဆင်ယင်မှုနှင့် မင်းသမီးလေးကို ပွေ့ချီထားသော ကျန်းဟန်သည် လှပသော ဟိုတယ်ဧည့်ကြိုစားရေးမလေးများ၏ အကြည့်များကို ဆွဲဆောင်နိုင်ခဲ့သည်။

အကယ်၍ ကျန်းဟန်သာ စိတ်ဝင်စားမည်ဆိုပါက ထိုလှပသောဧည့်ကြိုလေးများသည်

သူနှင့်အတူနေရပါကလည်း မည်သို့မျှစိတ်ရှိမည်မဟုတ်သည်ကို မြင်နိုင်ပေသည်။

သို့သော် သူတို့မသိခဲ့သည်က ကျန်းဟန်၏ပိုက်ဆံအိတ်ထဲတွင် စုစုပေါင်း ယွမ် ၆,၀၀၀ သာရှိသည်ဆိုတာပင်။ ဒီငွေများမှာ ယခု သူ့တွင်ရှိသမျှအကုန်ဖြစ်သည်။

သူ့တွင် ငွေအများကြီးမကျန်တော့သော်လည်း ဇိမ်ခံခန်းတစ်ခုအတွက် ယွမ် ၂၈၀၀ ကို စိတ်ချလက်ချ သုံးနေဆဲဖြစ်သည်။

"လောလောဆည်တော့ ဒီမှာပဲဖြစ်သလိုနေရမယ်"

ကျန်းဟန်သည် တုန္နိုင်းမဲ့အင်မော်တယ်နန်းတော်တွင် ဆက်မနေရတော့သဖြင့် စိတ်ပျက်နေသည်။ သို့သော်

သူ၏စကားများသည် ညော့ကြိုစာရေးမလေး၏အမူအရာကို အေးခဲသွားစေသည်။

ဖိမ်ခံခန်းထဲမှာနေရတာကို စိတ်မကျေနပ်နိုင်ဘူးလား တကယ်တော့ မိမိကိုယ်ကို တခြားသူများနှင့် နှိုင်းယှဉ်ကြည့်ခြင်းသည် ကိုယ့်ကိုယ်ကိုယ် နာကျင်စေသည်။

လှပသောညော့ကြိုစာရေးမလေးသည် ကျန်းဟာန်၏ အခန်းသို့ ကိုယ်တိုင်ကိုယ်ကျ ပို့ဆောင်ပေးခဲ့သည်။ လမ်းတစ်လျှောက်တွင် သူမသည် ကျန်းဟာန်ကို ချစ်စဖွယ်အကြည့်များဖြင့် စိုက်ကြည့်နေခဲ့သည်။ ဘာပဲဖြစ်ဖြစ် ချမ်းသာသောသူနှင့်မိတ်ဆွေဖွဲ့ထားခြင်းသည် သေချာပေါက်အကျိုးရှိပေသည်။

သို့သော်လည်းပဲ မင်းသမီးလေးသည် အလွန်သတိရှိနေသည်။ သူမလေး၏ ရှက်ရွံ့မှုများမှာ

ပျောက်ကွယ်သွားခဲ့ပြီးဖြစ်သည်။ ကျန်းဟန်ကို တင်းတင်းကြပ်ကြပ်ဖက်ထားရင်း သူမလေး၏မျက်လုံးရွဲကြီးများဖြင့်စိုက်ကြည့်ကာ ပြောလိုက်သည်။

"ဒါ သမီးရဲ့ဖေဖေ။ မင်း....အနားကို အရမ်းလာမကပ်နဲ့"

သူမလေးသည် ကိစ္စတော်တော်များများကို နားမလည်သော်လည်း သူ့မ မေမေကလွဲလျှင် သူမ၏ဖေဖေကို လုယူဖို့ကြိုးစားသည့် အမျိုးသမီးတိုင်းသည် ဆိုးသွမ်းသည့်သူများဖြစ်သည်ကိုတော့ နားလည်ပေသည်။

"ခစ်ခစ်..."

လှပသောညှော့ကြိုလေးသည် မတတ်နိုင်ဘဲ ပေါ့ပေါ့ပါးပါး ရယ်မောလိုက်၏။ ရွေးချယ်စရာမရှိပဲ သူမသည် ကျန်းဟန်နှင့် ခပ်ခွာခွာနေခဲ့သည်။

အခန်းသို့ရောက်သည်နှင့် ကျန်းဟန်သည် ခရီးဆောင်အိတ်ကို သပ်သပ်ရပ်ရပ်ထားကာ မုန့်မုန့်အား ညစာစားရန် နောက်ထပ် စားသောက်ဆိုင်တစ်ခုသို့ခေါ်ဆောင်သွားသည်။ အနောက်တိုင်းစားသောက်ဆိုင်တွင် သူသည် မုန့်မုန့်အတွက် အသားကင်ကောင်းကောင်းကိုမှာလိုက်ပြီး သူ့အတွက် အသင့်အတင့်သာ မှာယူလိုက်သည်။

ကျန်းဟန်သည် မိဘအုပ်ထိန်းမှုနှင့်ပတ်သက်၍ အတွေ့အကြုံမရှိသော်လည်း ယေဘူယျဗဟုသုတအချို့ကိုတော့ သိနားလည်သည်။ ကလေးငယ်များ၏ ကိုယ်ခံအားနှင့် အစာခြေစနစ်သည် အားနည်းသည့်အတွက် ကောင်းကောင်းမချက်ထားသော အသားကင်များကို စားသုံးရန် မသင့်တော်ပေ။

-C 4 End

wunzinnosp

## အပိုင်း(၅) - ဟန်ယန်အင်မော်တယ်ကေရာဇ်၏ ပုံပြင်

မုန့်မုန့်သည် ကောင်းမွန်သော ကိုယ်ဟန်အနေအထားဖြင့် ဘယ်လက်က ခက်ရင်းကို ကိုင်ကာ ညာလက်ကဓားကိုကိုင်ထားသည်။ သို့သော် အသားကင်ကို လှီးဖြတ်သည့်အခါ ၎င်းက သူမလေးအတွက် ခက်ခဲလွန်းနေသေးသည်။

"ဖေဖေ သမီးကို အသားလှီးပေးလို့ရမလား"

ကျန်းဟန်ခေါင်းညိတ်ကာ ပြုံးလိုက်သည်။

"အိုး.. သမီး သေးသေးလေးပဲလိုချင်တယ်" မုန့်မုန့်သည် ကျန်းဟန်အားသတိပေးလိုက်သည်။

"သေချာလား သေးသေးလေးပဲနော်"

ကျန်းဟန် အသားကို အတုံးသေးသေးလေးများ လှီးလိုက်သည်။ ထို့နောက်တွင်တော့ သားအဖနှစ်ယောက်၏ စတင်တွေ့ဆုံပြီးကတည်းက ပထမဆုံးအကြိမ် အဆင့်အတန်းမြင့်မြင့် ညစာစားပွဲကို စတင်ခဲ့လေသည်။

ညစာစားပြီးနောက် ကျန်းဟန်၏ဖုန်းမြည်လာသည်။ ဖုန်းကိုင်လိုက်သည်နှင့် ၎င်းသည် လျိုဖုန်း၏ငယ်သားတစ်ဦးထံမှ ဖြစ်ပြီး ကားအတွက် လုပ်ထုံးလုပ်နည်းများကို ဆက်တိုက်ပြင်ဆင်ပြီးဖြစ်ကြောင်း ကျန်းဟန်အား အကြောင်းကြားရန် ခေါ်ဆိုခြင်းဖြစ်သည်။

နာရီဝက်အကြာတွင် ဟိုတယ်၌ထိုငယ်သားနှင့်တွေ့ဆုံပြီးနောက် ကျန်းဟန်သည်

စာရွက်စာတမ်းများကို သိမ်းဆည်းကာ ဖယ်ရာရီအား ဓာတ်ပုံရိုက်ရန် ကားပါကင်သို့ သွားခဲ့သည်။ အခန်းသို့ပြန်ရောက်သောအခါ ဖုန်းဖြင့် ဖယ်ရာရီကားကို ကားအရောင်းဝဘ်ဆိုဒ်မှာ ချင်ချင်းအရောင်းပို့စ်တင်လိုက်သည်။

ပို့စ်တွင် ပါရှိသော ဖယ်ရာရီ၏တန်ဖိုးမှာ ယွမ် ၂ သန်းသာရှိသည်။

ကျန်းဟန်ပို့စ်တင်လိုက်ပြီးနောက်...

အခြားတစ်ဖက်တွင် အလုပ်သိမ်းရန်ပြင်နေသော အရောင်းဝဘ်ဆိုဒ်ကုမ္ပဏီ၏ဝန်ထမ်းတစ်ယောက်သည် ရုတ်တရက်ထိုပို့စ်ကို တွေ့လိုက်သည်။

ဝန်ထမ်းသည် ပို့စ်ကို သေချာ ဆွဲကြည့်ရင်း သူ၏မျက်လုံးများ ပြူးကျယ်သည်ထက် ပြူးကျယ်လာပြီး အော်လိုက်သည်။

“မန်နေဂျာ! မန်နေဂျာ!”

“ဘာဖြစ်ပြန်ပြီလဲ” မန်နေဂျာသည် မကျေမနပ်လေသံဖြင့် မေးရင်း မျက်မှောင်ကြုံ့လိုက်သည်။

အခုဆို ည ၇ နာရီထိုးနေပြီဖြစ်သည်။ အလုပ်ချိန်က ၂ နာရီပိုလာသည့်အပြင် ထိုလက်အောက်ငယ်သားက သောက်လုပ်လာရှုပ်နေသည်။ အရာအားလုံးရှုပ်ယှက်ခတ်နေသဖြင့် မန်နေဂျာမှာ စိတ်အနှောင့်အယှက်ဖြစ်နေသည်။ သူ၏လက်အောက်ငယ်သားက ဘာမှမဟုတ်ပဲအော်နေတာဆိုရင် သူ့ကို အပြစ်ပေးဖို့အတွက် ဆုံးဖြတ်ပြီးပြီဖြစ်သည်။

"မန်နေဂျာ မြန်မြန်လာပြီး ဒီမှာကြည့်ပါဦး။ ဒီမှာ တကယ့်ကို အရေးကြီးတဲ့ကိစ္စရှိတယ်"

ဝန်ထမ်းက အော်ဟစ်လိုက်ပြီး သူ၏အော်သံကြောင့် ထွက်သွားခါနီးသူများအားလုံး၏ အာရုံကို ချက်ချင်းဖမ်းစားနိုင်ခဲ့သည်။ အားလုံးက ထို ဝန်ထမ်းအား ခေါင်းလှည့်ကြည့်လိုက်သည်။

မန်နေဂျာက မျက်မှောင်ကြုံလိုက်ပြီး အမြန်လျှောက်သွားလိုက်သည်။ စခရင်ပေါ်ရှိ ပို့စ်ကိုမြင်သောအခါ သူ၏မျက်လုံးများမှာ ပြူးကျယ်သွားပြီး အော်ပြောလိုက်သည်။

"ဘာ! တစ်လပဲစီးရသေးတဲ့ Ferrari 488 ကို ယွမ် ၂ သန်းနဲ့ ပြန်ရောင်းနေတာလား"

မန်နေဂျာ၏စကားကြောင့် လူတိုင်းဝိုင်းအုံလာပြီး စခရင်ကို ကြည့်လိုက်ကြသည်။

“စုစုပေါင်းတန်ဖိုးက ယွမ် ၄.၈ သန်း ပတ်ဝန်းကျင်ရှိတဲ့ကားကို တစ်ယောက်ယောက်က ယွမ် ၂ သန်းနဲ့ ပြန်ရောင်းနေတာလား။ အတုလား အစစ်လား”

“အဲ့ဒါသာ အမှန်ဆိုရင်တော့ ဝယ်တဲ့သူက သေချာပေါက်ကို အမြတ်ထွက်မှာပဲ”

“အမှန်ပဲ ယွမ် ၂ သန်းနဲ့ဝယ်ပြီး အနည်းဆုံး ယွမ် ၃ သန်းလောက်နဲ့ ပြန်ရောင်းလို့ရတယ်”

“ဒီလူက အရေးတကြီးငွေလိုနေလို့လား။ တကယ်လို့ အရေးတကြီးလိုအပ်နေရင်တောင်မှာ ဒါက နည်းနည်းတော့ လန့်စရာကောင်းတယ်။ သူက ယွမ် ၃

သန်းနဲ့ရောင်းရင်တောင်မှ ၃ ရက်မပြည့်ခင် ရောင်းထွက်မယ်လို့ ကျွန်တော်ထင်တယ်”

ဒီလူအားလုံးသည် Ferrari ၏ဈေးနှုန်းကို နားလည်သလို မန်နေဂျာသည်လည်း ကောင်းကောင်းနည်းလည်ပေသည်။ သူသည် ကွန်ပြူတာရှေ့မှ ဝန်ထမ်းကို အမြန်ညွှန်ကြားလိုက်သည်။

“မြန်မြန် မြန်မြန် မြန်မြန် ဒီပို့စ်ကို အမြန်ပိတ်ပြီး ယာဉ်ပိုင်ရှင်ရဲ့ ဖုန်းနံပါတ်ကို ငါ့ကိုပေးစမ်းပါ”

မန်နေဂျာသည် လက်ရှိတွင် ကားဝယ်ရန်ပြင်ဆင်နေခြင်းပင်။

ကွန်ပြူတာရှေ့မှ ဝန်ထမ်းက ကမန်းကတန်း အလုပ်လုပ်နေချိန်တွင် ကျန်ဝန်ထမ်းများအားလုံးသည် မန်နေဂျာအား မနာလိုအားကျစွာ ကြည့်နေကြသည်။

ဒါကလည်း မန်နေဂျာ၏အင်အားပင်ဖြစ်သည်။ နောက်ဆုံးမှာ မန်နေဂျာက ကားကိုဝယ်ပြီး ပြန်ရောင်းရန် ပိုက်ဆံရှိသည်။ သူတို့တွင် ယွမ် ၂ သန်းပင်မရှိချေ။ ထို့ကြောင့် သူတို့ ကားကို ဝယ်ပြီးပြန်ရောင်းချင်သော်လည်း မတတ်နိုင်ကြပေ။

မန်နေဂျာသည် ကျန်းဟန်၏ဖုန်းကို ခေါ်လိုက်ပြီး ကားကိုကြည့်ရန် ဘယ်အချိန်မှာ တွေ့ရမလဲ ဆွေးနွေးပြီးနောက် သူ၏ငယ်သားရဲ့ကျောကိုပွတ်ပေးလိုက်ပြီး ကျန်းဟန်နှင့် စာချုပ်ချုပ်ပြီးပါက သူ့ကို ကြီးကြီးမားမားဆုချရန် စဉ်းစားကာ ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။

မန်နေဂျာသည် အနည်းငယ်ပြင်ဆင်ပြီးနောက် ကျန်းဟန်ရှိသော ဟိုတယ်သို့ ကားကို စစ်ဆေးရန် သူ၏လက်အောက်ငယ်သားများကို ခေါ်ဆောင်လာသည်။

သေချာစစ်ဆေးပြီးနောက် စိတ်ကျေနပ်သွားပြီး မန်နေဂျာသည် မနက်ဖြန်တွင် ကားဝယ်ရန် ကျန်းဟန်နှင့်ချိန်းလိုက်သည်။

ကျန်းဟန် မုန့်မုန့်ကို အခန်းထဲသို့ပြန်ခေါ်သွားချိန်တွင် ည ၉ နာရီပင်ထိုးနေပြီးဖြစ်သည်။

မုန့်မုန့်သည် ကျန်းဟန်၏ရင်ခွင်ထဲတွင် လဲလျောင်းရင်း သမ်းဝေလိုက်ပြီးနောက်

“ဖေဖေ သမီးပုံပြင်နားထောင်ချင်တယ်”

ပုံပြင်နားထောင်မှာလား

ကျန်းဟန်သည် မည်သူ့ကိုမျှပုံပြင်မပြောပြဖူးပေ။ ဒါပေမယ့် သူ၏သမီးက ပုံပြင်တစ်ပုဒ်နားထောင်ချင်သောကြောင့် သေချာပေါက်သူပြောပြရပေမည်။

သူ၏ စိတ်ထဲတွင် ဇာတ်လမ်းကို စဉ်းစားလိုက်ပြီးနောက်သူပြောလိုက်သည်။

"ဒါဆို ဖေဖေက သမီးကို စန္ဒီးဝိုက်ပုံပြင်ပြောပြမယ်။ ပုံပြင်လေးက ဒီလို။ တစ်ခါတုန်းက စန္ဒီးဝိုက်လို့ခေါ်တဲ့ မိန်းကလေးတစ်ယောက်ရှိတယ်..."

"ဟင့်အင်း...မလိုချင်ဘူး မလိုချင်ဘူး။ စန္ဒီးဝိုက်က အရင်တုန်းကနားထောင်ဖူးတယ်" မုန့်မုန့်သည် ခေါင်းကိုယမ်းလိုက်သည်။

"အမ်...ဒါဆိုရင် ဖေဖေက သမီးကို ဝက်ဝံနီလေးရဲ့ပုံပြင်ပြောပြမယ်လေ..."

"ဟင့်အင်း.."

"ဒါဆိုရင် လူပုလေးခုနစ်ယောက်ပုံပြင်ဆိုရင်ကော"

"ဟင့်အင်း..."

"ဒါဆို ဝံပုလွေဆိုးကြီးရဲ့ပုံပြင်ရော...."

"ဟင့်အင်း..."

ကျန်းဟန် သူသိသမျှ ပုံပြင်များအားလုံး၏ နာမည်များပြောပြခဲ့သည်။ သို့သော် နောက်ဆုံးတွင်တော့

မင်းသမီးလေးသည် ထိုပုံပြင်များကို နားထောင်ပြီးဖြစ်ကာ ဆက်တိုက် "ဟင့်အင်း" ဟုသာ ခေါင်းခါနေတော့သည်။

ကျန်းဟန်အနည်းငယ် စိတ်ခတ်ကျနေသည်။

ခဏလောက် စဉ်းစားပြီးနောက် ရုတ်တရက်ကျန်းဟန်၏ စိတ်ထဲ၌ အတွေးတစ်ခုဝင်လာသည်။ သူသည် ဆွေးနွေးသည့်လေသံလေးဖြင့် မေးလိုက်သည်။

"ပူတူးတူးလေး ဟန်ယန်အင်မော်တယ်ကေရာဇ်ရဲ့ပုံပြင်ရော နားထောင်ချင်လား"

"ဟင့်အ... အမ်" မုန့်မုန့် မှင်တက်သွားသည်။ ငြင်းမလိုလုပ်ပြီးမှ ခနလောက်စဉ်းစားကာ သူမတစ်ခါမှ မကြားဖူးသော ပုံပြင်ဆိုသည်ကို သိလိုက်ရတော့ သူမလက်ခုပ်တီး၍ ပြောလိုက်သည်။

"ဟုတ်ပြီ ဟုတ်ပြီ သမီးအဲ့ဒါနားထောင်ချင်တယ်"

"အဟမ်း..."

ကျန်းဟန်လည်ချောင်းရှင်းလိုက်ပြီး ပြောလိုက်သည်။

"ဟန်ယန်အင်မော်တယ်ကေရာဇ်က မယုံနိုင်လောက်အောင်ကို ထူးချွန်ထက်မြက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်တယ်။ ဟန်ယန်အင်မော်တယ်ကေရာဇ်ရဲ့ ဇာတ်လမ်းအစက ကမ္ဘာမြေပေါ်ကနေ စတင်ခဲ့တယ်"

"ဟန်ယန်အင်မော်တယ်ကေရာဇ် ကမ္ဘာမြေပေါ်မှာရှိစဉ်က သူ့ဘဝက အစီအစဉ်တကျဖြစ်မသွားခဲ့ပဲ အရမ်းဆင်းရဲတဲ့ဘဝကို ရောက်သွားခဲ့တယ်။ နောက်ဆုံးမှာတော့ သူဟာ

ချောက်ကမ်းပါးကနေ ခုန်ချသွားခဲ့တယ်။ ဒါပေမဲ့ သူက သေဆုံးရမဲ့အစား တခြားကမ္ဘာအသစ်တစ်ခုကို မတော်တဆရောက်သွားလိမ့်လို့ ဘယ်သူက ထင်မှာလဲ... သူမတော်တဆရောက်ရှိသွားတဲ့ ကမ္ဘာကို ကျင့်ကြံခြင်းကမ္ဘာ လို့ခေါ်တယ်"

"အိုး..ဖေဖေ ကျင့်ကြံခြင်းကမ္ဘာဆိုတာ ဘာကြီးလဲ" မုန့်မုန့်ကမေးလိုက်သည်။

"ကျင့်ကြံခြင်းကမ္ဘာက အလွန်ကို ကြီးမားတဲ့လောကကြီးပဲ။ အဲဒီမှာ မရေမတွက်နိုင်တဲ့ ဂြိုလ်တွေ နဲ့ လူတွေ ရှိတယ်။ တစ်ချို့နေရာတွေမှာ မြစ်တစ်စင်းက ကမ္ဘာမြေထက်ကိုပိုကြီးပြီး တစ်ချို့နေရာတွေမှာဆိုရင် တိုက်ကြီးတစ်ခုကတင် နဂါးငွေ့တန်းဂလက်ဆီနဲ့ ယှဉ်နိုင်လုနီးပါးရှိတယ်။ ပြောရမယ်ဆိုရင်

ကျင့်ကြံခြင်းလောက ဆိုတာက အလွန်ကိုထူးခြားတဲ့ လောကတစ်ခုပဲ”

“ဟန်ယန်အင်မော်တယ်ကေရာဇ်က ကျင့်ကြံခြင်းကမ္ဘာမှာ အလွန်ကို စွမ်းအားကြီးမားတယ်။ အစကတည်းက သူဟာ ကျင့်ကြံခြင်းကမ္ဘာကို ရောက်ရှိချိန်ကနေစပြီး ကပ်ဘေးဒုက္ခအဆင့်ကို ရောက်ဖို့ နှစ်ပေါင်းငါးရာပဲကြာခဲ့တယ်။ သူဘာယ်လိုလုပ်ပြီး လုပ်နိုင်ခဲ့တာလဲ… ဘာကြောင့်လဲဆိုတော့ သူ့မှာ ရတနာအနံ့ခံခြင်းနှာခေါင်းလို့ ခေါ်တဲ့ ရတနာတွေကို အနံ့ခံနိုင်တဲ့ မွေးရာပါ မှော်စွမ်းရည် ရှိလို့ပဲ။ အဲ့အချိန်ကစပြီး ဟန်ယန်အင်မော်တယ်ကေရာဇ်က ဘယ်တော့မှ ရတနာတွေ ပြတ်လပ်တယ်လို့ မရှိခဲ့ဘူး”

“ကမ္ဘာပေါ်မှာ နှစ်ပေါင်းငါးရာဆိုတာ အရမ်းကြာပေမဲ့ အဲ့ဒီနှစ်ပေါင်းငါးရာအတွင်း

ဟန်ရန်အင်မော်တယ်ကေရာဇ်ကြီးက ရတနာတွေရှာဖွေတယ် ဒါမှမဟုတ် ရတနာရှာဖို့ခရီးထွက်တယ်။ ဒါ့အပြင် သူက ပုံမှန်မဟုတ် ရှုပ်ထွေးတဲ့ ကျင့်ကြံခြင်းနည်းလမ်းတွေကိုလည်း လေ့လာခဲ့တယ်။ နှစ်ပေါင်းငါးရာက ခဏလေးအတွင်းမှာပဲကုန်လွန်ခဲ့တယ်။ ဒါပေမဲ့ သူနဲ့ထိတွေ့ဆက်ဆံဖူးတဲ့သူက အရမ်းနည်းပါးပြီးတော့ သူ့မှာ သူငယ်ချင်း မိတ်ဆွေလည်းမရှိတာကြောင့် အလွန်ကို အထီးကျန်ဆန်နေခဲ့တယ်”

“လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ဟန်ယန်အင်မော်တယ်ကေရာဇ်ဟာ ကပ်ဘေးဒုက္ခအဆင့်ရဲ့ အထွတ်အထိပ်ထိရောက်အောင် ကျင့်ကြံခဲ့တယ်။ မိုးကောင်းကင် ကပ်ဘေးဒုက္ခကြီး မကျရောက်ခင်မှာ သူက ကမ္ဘာပေါင်းများစွာကို လှည့်လည်ခရီးသွားခဲ့တယ်။ နောက်ဆုံးမှာ ဘာဖြစ်သွားလဲသိလား။ သူက အရမ်းကို နာမည်ကြီးကျော်ကြားလာခဲ့တယ်”

“သူက ငွေကို အမှိုက်တွေလိုမျိုး ဖြုန်းတီးခဲ့တယ်။ တခြားသူတွေကို ပေးကမ်းလိုက်တဲ့ ငွေကြေးကတင် အဲ့ဒီသူအတွက် နှစ်ရာဂဏန်းအထိ သုံးစွဲဖို့လုံလောက်တယ်။ ဒါကြောင့် နောက်ပိုင်းမှာ သူဘယ်နေရာကို သွားသွား သူက လူတိုင်းရဲ့ အာရုံစိုက်ခြင်းခံရတယ်။ သူ့ကို မြင်တဲ့သူတိုင်းက မြှောက်ပင့်ပြီး ဦးညွှတ်ကြတယ်။ ဒီလိုမျိုးအရှိန်အဝါက စွမ်းအားကြီးသလား မကြီးဘူးလား”

“စွမ်းအားကြီးတယ်...” မုန့်မုန့်သည် ကျန်ဟန်၏ပုံပြင်ကို နားထောင်နေရင်း စိတ်ရှုပ်ထွေးသွားကာ မသိစိတ်မှ ပြန်ဖြေလိုက်သည်။

သမီးဖြစ်သူ၏ ချီးမွမ်းမှုကို ခံရပြီးနောက် ကျန်းဟန်၏ပါးစပ်သည် အဆက်မပြတ်ပြုံးဖြီးနေသည်။

"အဲ့တာကြောင့်မလို့ လူတိုင်းက ဟန်ယန်အင်မော်တယ်ကေရာဇ်ကို ပိုက်ဆံကြဲတဲ့အင်မော်တယ်ကေရာဇ်လို့ နာမည်ပြောင်ပေးထားကြတယ်"

"ဒါပေမဲ့ နောက်ပိုင်းမှာ သူကအလှန်ကို ကြွယ်ဝချမ်းသာနေပြီးသားဖြစ်တာကြောင့် သူရဲ့ နာမည်ပြောင်ကို ကြွယ်ဝခြင်းအင်ပါယာ အင်မော်မော်တယ်ကေရာဇ်လို့ ထပ်ပြီးပြောင်းခေါ်လိုက်ကြတယ်။ သူတစ်ဦးတည်းရဲ့ ချမ်းသာကြွယ်ဝမှုက အင်အားကြီး ဂိုဏ်းကြီးတွေ တစ်ရာလောက်ပေါင်းထားတဲ့ စည်းစိမ်ဥစ္စာတွေနဲ့ ယှဉ်နိုင်တယ်"

"နောက်ပြီး ရတနာတစ်ခုပေါ်လာတိုင်း အဲ့ဒီနေရာမှာ သူအမြဲရှိပေါ်လာပြီး နောက်ဆုံးမှာ အဲ့ဒီရတနာကလည်း

သူရဲ့ပိုင်ဆိုင်မှုဖြစ်သွားခဲ့လို့ သူ့ကို တချို့က ရတနာသီလအင်မော်တယ်ကေရာဇ်လို့ ခေါ်ကြတယ်”

“ဟန်ယန်အင်မော်တယ်ကေရာဇ်မှာ နာမည်တွေအများကြီးရှိတာမလို့ ဖေဖေက အဲ့ဒါတွေကို ထပ်မပြောတော့ဘူး။ သူက ရတနာရှာဖွေခြင်းကလွဲပြီး ဘာမှလုပ်ခဲ့ပုံမရဘူး။ နှစ်ပေါင်းငါးရာကျင့်ကြံခဲ့တဲ့အချိန်အတွင်းမှာ သူရဲ့စွမ်းအားကို တစ်ကြိမ်သာထုတ်ဖော်ပြသခဲ့တယ်။ အဲ့ဒီအကြိမ်ကလည်း ကောင်းကင်နဲ့မြေကြီးကို ဧောက်ထိုးမိုးမျှော်ဖြစ်သွားတယ်လို့ ဆိုနိုင်တယ်။ ဟန်ယန်အင်မော်တယ်ကေရာဇ်က ဂိုဏ်းကြီး(၁၀)ဂိုဏ်းကို တစ်ချိန်တည်း နှိမ်နင်းခဲ့တယ်။ သူ့ရဲ့ ခွန်အားက တကယ်ကို ပြိုင်းဘက်ကင်းတယ်။ ဒါပေမဲ့ သူဘယ်လောက်ပဲ စွမ်းအားကြီးသန်မာပါစေ မိုးကောင်းကင်ကပ်ဘေးဒုက္ခကိုတော့ မရှောင်လွှဲနိုင်ခဲ့ဘူး။ သူ မိုးကောင်းကင်ကပ်ဘေးဒုက္ခကို ခံယူတဲ့အချိန်မှာ ဒဏ္ဍာရီထဲက

ကိုးခုမြောက်နတ်ဘုရားမိုးကြိုးနဲ့ကြုံတွေ့ခဲ့ရတယ်။ သူမှာရှိတဲ့ ရတနာတွေမရေမတွက်နိုင်အောင် ထုတ်ယူခဲ့ပေမဲ့ နောက်ဆုံးမှာတော့ ကိုးခုမြောက်နတ်ဘုရားမိုးကြိုးကို ခုခံတားဆီးနိုင်ခြင်းမရှိခဲ့ဘူး"

"အဲ့ဒါကြောင့် သူက ပြန်လည်မွေးဖွားပြီး ကမ္ဘာမြေပေါ်ကို ပြန်ရောက်လာခဲ့တယ်"

ပြုံးနေသောမျက်နှာဖြင့် သူတိုးတိုးလေးပြောလိုက်သည်။

"ဟန်ယန်အင်မော်တယ်ကေရာဇ်ရဲ့နာမည်ကို သမီးသိလား? ဟားဟား ဖေဖေပြောပြမယ် အဲ့ဒီဟန်ယန်အင်မော်တယ်ကေရာဇ်က သမီးရဲ့ ဖေဖေ ကျန်း… အမ်"

သူခေါင်းလှည့်ကြည့်လိုက်သောအခါ မင်းးသမီးလေးမှာ အိပ်ပျော်နေသည်ကိုတွေ့လိုက်ရသည်။ ဤသည်ကိုမြင်တော့

သူ၏မျက်နှာမှာ အေးခဲသွားသည်။ သူသည် လက်ရှိတွင် တစ်ကိုယ်တည်းစကားပြောနေသည့် ရူးကြောင်ကြောင် ဆယ်ကျော်သက်တစ်ယောက်လိုခံစားလိုက်ရသည်။

ကျင့်ကြံခြင်းကမ္ဘာရှိ ဟန်ယန်အင်မော်တယ်ကေရာဇ်နှင့်သိကျွမ်းသော လူများသာ ဤအခြေအနေကို မြင်လျှင် သူတို့၏ ရှုထောင့်သုံးခုကို ဖျက်စီးပစ်လိုက်နိုင်သည်။

[ရှုထောင့်သုံးခု - လောကအပေါ်အမြင်၊ တန်ဖိုးအပေါ်အမြင် နှင့် ဘဝအပေါ်အမြင် တို့ကိုရည်ညွှန်းသည်။]

မင်းသမီးလေးကို စောင်တစ်ထည်ခြုံပေးလိုက်ရင်း ကျန်းဟန်၏နှုတ်ခမ်းထောင့်မှာ တွန့်သွားသည်။ သူ၏ချစ်စဖွယ်သမီးလေးကိုကြည့်လိုက်သည့်အခါ တွန့်ကွေးနေသော သူ၏နှုတ်ခမ်းထောင့်များသည်

နွေးထွေးသောအပြုံးတစ်ခုအဖြစ်သို့ တဖြည်းဖြည်းပြောင်းလဲသွားသည်။

"နောက်ကျရင် ယန်မိုးကြိုးသစ်ပင်နဲ့အဲ့ဒီအထဲကအစေ့တွေကို စိုက်ဖို့အတွက် ရတနာမြေကို ငါရှာရမှာပေါ့"

ကျန်းဟန်ခေါင်းယမ်းကာ စဉ်းစားနေသည်။

ရတနာမြေအတွက်က ပြသနာမရှိပေ။ ယန်မိုးကြိုးသစ်ပင်နှင့်ဆိုလျှင် ရတနာမြေမဟုတ်လျှင်ပင် ယန်မိုးကြိုးသစ်ပင်၏အဟာရဓာတ်ဖြင့် တဖြည်းဖြည်း ရတနာမြေအဖြစ်သို့ပြောင်းလဲလာမည်ဖြစ်သည်။ ယခုလိုနေသည့် အဓိကအချက်မှာ နေရာကောင်းကောင်းရှာဖို့ပင်ဖြစ်သည်။

"ငါ ဘယ်ကိုသွားရမလဲ?"

ကျန်းဟန်လှဲချလိုက်ပြီး သူ့အတွက် ညီမဖြစ်သူ ပို့ပေးထားသော Apple တံဆိပ် အနက်ရောင်အိုင်ဖုန်းလေးကို ထုတ်ပြီး တရုတ်နိုင်ငံမြေပုံကို စတင်ရှာဖွေလိုက်သည်။

ခဏကြာရှာဖွေလိုက်ပြီးနောက် သူ၏အကြည့်များသည် မြေပုံရဲ့တောင်ပိုင်းတစ်နေရာမှာ ရပ်တန့်သွားသည်။

ဟောင်ကောင်!

ကျန်းဟန် ကျပန်းရွေးချယ်လိုက်သည်ဟုထင်ရသော်လည်း အချက်ပေါင်းများစွာ စဉ်းစားပြီးမှ ထိုနေရာကို ရွေးလိုက်ခြင်းဖြစ်သည်။

ဆောင်းရာသီနီးလာပြီဖြစ်၍ မြောက်ပိုင်းရှိဒေသများတွင် အပူချိန်မှာ တဖြည်းဖြည်းကျဆင်းလာသည်။ ထို့ကြောင့် မြောက်ပိုင်းတွင်နေထိုင်ခြင်းသည် မုန့်မုန့်အတွက် မသင့်တော်ပေ။

ပေကျင်းမြို့တော်သည် ကျန်းမိသားစု အိမ်တည်ရှိရာဖြစ်သည်။ ကျန်းမိသားစုသည် အင်အားကျဆင်းနေသည့်မိသားစုဖြစ်သော်လည်း သူ၏အကိုင်းအခက်များမှာ ပေကျင်းမြို့တော် နေရာတိုင်းတွင်ရှိသည်။ ကျန်းဟန်သည် ကျန်းမိသားစု၏မျက်စိအောက်တွင် နေထိုင်ရန် ရည်ရွယ်ချက်မရှိချေ။

အရှေ့ပိုင်း လင်းဟိုင်သည် သူ့အမေ၏ မိသားစုနေထိုင်ရာဖြစ်သည်။ သူ့အမေသည် ကျန်းမိသားစုနှင့် လက်ထပ်စဉ်က သူမမိသားစုနှင့် အဆင်မပြေဖြစ်ကာ

စကားများခဲ့ဖူးသည်ကို သူပြန်၍သတိရမိသည်။ ထို့အပြင် သူ့အမေ၏မိသားစုသည် သူနှင့်သူ့ညီမကို အသိအမှတ်မပြုပေ။

ထိုမြို့ကြီးများကို ဘေးဖယ်ထားလိုက်လျှင်ပင် စိမ်းလန်းသောတောင်တန်းများနှင့် ကြည်လင်သောရေများရှိသည့် နေရာများစွာရှိပါသေးသည်။ သို့သော် ကျန်းဟန်သည် ဟောင်ကောင် ကိုသာရွေးချယ်ခဲ့သည်။

ကျန်းဟန် ဟောင်ကောင်ကို ရွေးချယ်ရခြင်းမှာ မုန့်မုန့်၏မေမေရဲ့ ကုမ္ပဏီသည် ဟောင်ကောင်တွင် ရှိသောကြောင့်ဖြစ်သည်။ လက်ရှိအချိန်တွင် မုန့်မုန့်သည် သူနှင့် အပြည့်အဝသက်ဆိုင်ခြင်းမရှိသေးပေ။

ဇီယန်နှင့် ပြေလည်အောင် ဖြေရှင်းပြီးလျှင် မုန့်မုန့်အား သူကြိုက်သည့်အချိန် နေရာတိုင်းကို ခေါ်သွားနိုင်သည်။

ကျန်းဟာန်သည် သူနှင့်ဇီယန်၏ ဆက်ဆံရေးအပေါ် အကောင်းမြင်စိတ်မရှိပေ။ ဟာန်ယန်အင်မော်တယ်ကေရာဇ်ကို ထားဦး သူပြန်လည်မွေးဖွားခြင်းမပြုမီကပင် ဇီယန်နှင့်ဆက်ဆံရေးအပေါ် အကောင်းမြင်ခြင်းမရှိခဲ့ချေ။

ဖျော်ဖြေရေးနယ်ပယ်သည် အလွန်ရှုပ်ထွေးသောနေရာဖြစ်သည်။ ကျန်းဟာန်သည် ပေကျင်းမြို့တော်၏ သခင်လေးလေးယောက်ထဲမှာ တစ်ဦးအဖြစ်ထင်ရှားသောကြောင့် ဖျော်ဖြေရေးနယ်ပယ်၏နောက်ကွယ်တွင် ဖြစ်ပျက်နေသည့်အရာများကို သဘာဝကျကျပင် သူသိနေခဲ့သည်။ အမြင့်သို့တက်လှမ်းနိုင်ရန် သူတို့၏အရာအားလုံးကို စတေးခဲ့သော မိန်းကလေး မည်မျှပင်ရှိသနည်း။ ပြီးတော့ နာမည်ကြီး အနုပညာရှင်တွေ ဖြတ်သန်းခဲ့ရသည့် လမ်းခရီးတွင်

အခက်အခဲများမည်မျှအထိရှိသနည်း။ လူချမ်းသာများ၏အမြင်မှာတော့ နာမည်ကြီးများသည် ကစားစရာသက်သက်သာဖြစ်သည်။

ကျန်းဟန်၏အမြင်တွင် ဖျော်ဖြေရေးနယ်ပယ်သည် လူတွေကို ဆေးရာင်ဆိုးပေးနေသည့် ဆိုးဆေးပုလင်းကြီးတစ်လုံးနှင့်တူသည်။ ဇီယန်သည် ထိုသို့သော အရှုပ်အရှင်းများမရှိသော နာမည်ကြီး အနုပညာရှင်များထဲမှ တစ်ဦးဖြစ်သော်လည်း ၎င်းက ကျန်းဟန်၏အမြင်ကို ပြောင်းလဲမည်ဟုမဆိုလိုပေ။

“ငါသွားချင်တဲ့နေရာကို ခရီးတစ်ခုလောက်ထွက်လိုက်ရအောင်”

ကျန်းဟန်သည် အိမ်ပျော်နေသော မုန့်မုန့် ကို ကြည့်ရင်း ပြုံးလိုက်ပြီး လေယာဉ်လက်မှာ ကြိုတင်မှာယူရန် ဖုန်းကို ချက်ချင်းသုံးလိုက်သည်။

သူကြိုတင်မှာယူလိုက်သည့် လက်မှတ်များမှာ မနက်ဖြန်ညနေတွင် လေယာဉ်စီးရန်ဖြစ်သည်။ သို့သော် ငွေပေးချေမှုအပိုင်းသို့ ရောက်သည့်အခါ သူအံ့သြသွားသည်။

သူ၏ ခရက်ဒစ်ကတ်တစ်ခုမှ ငွေမရှိတော့ပေ။ ရွေးချယ်စရာမရှိပဲ မနက်ဖြန်မှ ငွေအရင်သွင်းပြီး လက်မှတ်ဝယ်ရပေတော့မည်။

စဉ်းစားနေစဉ်မှာပဲ ဒင် ဟူသည့် မြည်သံနှင့်အတူ သူ၏ဖုန်းမှ မက်ဆေ့ချ်အကြောင်းကြားချက် ထွက်လာသည်။

သူဖုန်ဖွင့်ကြည့်လိုက်သည့်အခါ သူ၏ဘဏ်အကောင့်သို့ ယွမ် ၅၀၀၀ ဝင်လာသည်ကိုတွေ့လိုက်ရသည်။

ကျန်းဟန်၏အမူအရာမှာ ခဏတောင့်တင်းသွားပြီးနောက် ချက်ချင်းပင် သူသည် လေယာဉ်လက်မှတ်ဝယ်လိုက်သည်။

ခဏကြာပြီးနောက်တွင် သူသည် သန့်စင်ခန်းသို့လျှောက်လာသည်။ အိမ်သာတံခါးပိတ်လိုက်ပြီးနောက် ကျန်းလီ ၏ နံပါတ်ကို ဖုန်းခေါ်လိုက်သည်။

“လီလီ အစ်ကို့ဆီအခုပဲ ညီမပို့လိုက်တဲ့ပိုက်ဆံရောက်တယ်” ကျန်းဟန်ပြောလိုက်သည်။

“အင်း” ကျန်းလီပြန်ပြောလိုက်သည်။

ကျန်းလီ၏အသံမှာ စကားပြောရန် စိတ်မဝင်စားသလိုထင်ရသော်လည်း သူ၏ညီမသည် သူ့ကို အလွန်ဂရုစိုက်ကြောင်း ကျန်းဟာန်သိသည်။

လွန်ခဲ့သော ငါးနှစ်က သူတို့၏မိဘများ ပျောက်ဆုံးသွားချိန်က ကျန်းလီသည် ၎င်းမှာ ထိုနှစ်များတွင် ကျန်းဟာန်၏ပြဿနာရှာမှုများကြောင့်ဟု ယူဆကာ ကျန်းမိသားစုမှ ထွက်သွားခဲ့ပြီး ကျန်းဟာန်အား တစ်နှစ်ကျော်ပင် အဆက်အသွယ်မလုပ်ခဲ့ပေ။

ကျန်းလီသည် ကျန်းဟာန်မှာ ပေကျင်းမြို့တော်မှ ထွက်မသွားပဲ မိဘများ၏အကြောင်းအားစုံးစမ်းရန် ပေကျင်းမှာပင် ဆက်လက်နေထိုင်ကြောင်း သိလိုက်ရသောအခါ သူမသည် ကျန်းဟာန်အား ပြန်လည်ဆက်သွယ်ခဲ့သည်။

-C 5 End

wunzinnosp

## အပိုင်း(၆) - ထွက်ခွာခြင်း

"ဘယ်လောက်တိုက်ဆိုင်လိုက်လဲ။ အခုပဲ လေယာဉ်လက်မှတ်နှစ်စောင် ကြိုတင်မှာထားမယ်လုပ်မှ ဘဏ်ထဲမှာ ပိုက်ဆံမရှိဘူးဆိုတာ သိလိုက်ရတယ်။ အဲ့အချိန်မှာပဲ ညီမ အစ်ကို့ကို့ပို့ပေးတဲ့ ငွေက ရောက်လာတယ်" ကျန်းဟန်ခပ်ဖျော့ဖျော့ရယ်မောလိုက်သည်။

"အွန်း...အမ်?" ကျန်းလီ ဘာသိဘာသာခေါင်းညိတ်လိုက်ပြီးမှ တအံ့တဩဖြင့်

"လေယာဉ်လက်မှတ်ဝယ်တာလား? အစ်ကို နင်သေချာလို့လား"

"ဟုတ်တယ်။ ငါတခြားတစ်နေရာကို သွားမလို့" ကျန်းဟန်ပြောလိုက်သည်။

"နောက်ဆုံးတော့ အစ်ကို ပေကျင်းကနေ ထွက်သွားဖို့ ဆန္ဒရှိပြီပေါ့။"

ကျန်းလီ၏အသံမှာ တုန်နေပြီး သူမ၏လေသံတွင် ပျော်ရွှင်မှုများရှိနေသည်။

"အမှန်ပဲ ။ ညီမလေးပြောသလိုပဲ ပေကျင်းမှာနေလည်း အစ်ကို အများကြီးစုံစမ်းနိုင်မှာမဟုတ်ဘူး။ ကိုယ်ကပိုပြီးသန်မာလာမှ အရာအားလုံး သူဟာသူ နေရာကျလာလိမ့်မယ်" ကျန်းဟန်ပြောလိုက်သည်။

"အစ်ကိုနားလည်သွားပြီပေါ့"

ကျန်းလီမေးလိုက်သည်။

"ဒါနဲ့ အစ်ကိုဘယ်ကိုသွားချင်တာလဲ"

"ဟောင်ကောင်" ကျန်းဟန်ပြန်ဖြေလိုက်သည်။

"မင်းကိစ္စတွေဖြေရှင်းပြီးရင် ညီမလေးလည်း ဟောင်ကောင်ကို လာသင့်တယ်။ မင်းရဲ့အစ်ကိုကြီးနဲ့ အတူတူလာပြီး ဘဝကိုပျော်ပျော်နေလိုက်ပါ"

"ညီမလေးလည်း အခု ဟောင်ကောင်မှာနေတာပဲ" ကျန်းလီဖြည်းညှင်းစွာပြောသည်။

"အိုး...မနက်ဖြန်ညနေ ၆ နာရီမှာ ဒီကနေလေယာဉ်ထွက်ပြီး ဟောင်ကောင်လေဆိပ်ကို ည ၉ နာရီခွဲလောက်ရောက်မယ်။ ညီမလေး အစ်ကို့ကို လာကြိုပေးလို့ရတယ်" ကျန်းဟန် ပြောလိုက်သည်။

ကျန်းလီခနတုံ့ဆိုင်းသွားပြီး ပြန်ပြောလိုက်သည်။

“ကောင်းပြီလေ။ ဒါနဲ့ စောစောက လေယာဉ်လက်မှတ်နှစ်စောင် ကြိုတင်မှာထားတယ်လို့ အစ်ကိုပြောခဲ့တယ်။ ဘယ်သူနဲ့လာမှာလဲ”

“ငါ့သမီးလေးနဲ့”

ခလွတ်! ခလွတ်! ခလွတ်!

ကြမ်းပြင်ပေါ်ဖုန်းလွတ်ကျသံကို ကြားရပြီး ကျန်းလီ၏အံ့သြတကြီးမေးသံကို ကြားလိုက်ရသည်။

“အစ်ကို ဘာပြောလိုက်တယ်... အစ်ကိုရဲ့သမီး ဟုတ်လား”

“ဟုတ်တယ် ငါ့သမီး မင်းရဲ့တူမ” ကျန်းဟန်ခေါင်းညိတ်ရင်း ရယ်သည်။

“ဘယ်လိုဖြစ်နိုင်မှာလဲ... ဘယ်လိုဖြစ်ပြီး ညီမလေး အဲ့ဒီအကြောင်းကို မသိရတာလဲ... အစ်ကို ညီမလေးကိုနှောက်နေတာလား”

“မနှောက်ပါဘူး အဲ့ဒါအမှန်ပါ။ ငါ့ကိုယ်ငါတောင် တော်တော်လေးလန့်သွားသေးတယ်” ကျန်းဟန်ပြန်ပြောလိုက်သည်။

“မြတ်စွာဘုရား... ငါအဒေါ်ဖြစ်သွားပြီလား” ကျန်းလီ အံ့သြတကြီး အော်လိုက်သည်။

“မနက်ဖြန်တွေ့တဲ့အခါကျရင် မင်းသူ့ကိုမြင်ပါလိမ့်မယ်”

“မဟုတ်ဘူး။ ငါအခုသူ့ကို တွေ့ချင်တယ် ဗွီဒီယိုကောနဲ့ပြောရအောင်”

ပြောပြီးပြီးချင်း ကျန်းလီသည် ဖုန်းကိုချက်ချင်းချလိုက်သည်။

မကြာခင်ပဲ ကျန်းဟန်၏ WeChat တွင် ဗွီဒီယိုကောတစ်ခုရောက်လာသည်။

ဗွီဒီယိုချိတ်ဆက်သွားပြီးနောက် ကျန်းလီသည် ယခင်ကကဲ့သို့ သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားသော ကျန်းဟန်ကို မြင်လိုက်သောအခါ သူမ၏မျက်လုံးများတွင် မျက်ရည်များဖြင့် ပြည့်လျှံလာသည်။

"ဟုတ်ပါပြီ။ ညီမလေးက အခုအရွယ်ရောက်နေပြီလေ။ ငိုနေစရာမလိုတော့ပါဘူး" ကျန်းဟန် ပြုံးပြုံးလေးပြောလိုက်သည်။

"ညီမ ဘယ်လောက်ပဲကြီးနေပါစေ ညီမလေးက အစ်ကိုရဲ့ ညီမလေးပဲလေ။ အစ်ကို ကိုယ့်ဟာကိုယ် ပြန်ပြီးထိန်းကျောင်းနိုင်တာကို တွေ့ရတော့ ညီမလေးအရမ်းပျော်တယ်"

ကျန်းလီ မျက်ရည်များကို သုတ်လိုက်ပြီး သူမ၏စိတ်ခံစားမှုများကို ထိန်းကာ ပြောလိုက်သည်။

"ညီမရဲ့ တူမလေးက ဘယ်မှာလဲ။ သူ့ကို ပြပါဦး"

ကျန်းဟန်ကုတင်ဘေးသို့ လျှောက်သွားလိုက်ပြီး အိပ်ပျော်နေသော မင်းသမီးလေးအား ဖုန်းကင်မရာဖြင့် ချိန်လိုက်သည်။

"ဘယ်လောက်တောင် လှပပြီး ချစ်ဖို့ကောင်းတဲ့ ကလေးမလေးလဲ" ကျန်းလီ နူးညံ့စွာပြောလိုက်သည်။

"အစ်ကို ငါ့ရဲ့ ယောင်းမလေးက ဘယ်သူလဲ ဒီလိုချောမောလှပတဲ့ ကလေးလေးကိုမွေးနိုင်တယ်ဆိုတော့ အရမ်းလှတယ်မဟုတ်လား"

"အာ..."

မုန့်မုန့် အိပ်ပျော်နေရာမှ လန့်နိုးသွားမည်စိုးရိမ်သဖြင့် ကျန်းဟန်က

"ငါတို့တွေ့မှပဲ အဲ့အကြောင်းပြောရအောင်" ဟု တိုးတိုးလေးပြန်ဖြေလိုက်သည်။

ကျန်းဟန်၏အသံမှာ အလွန်တိုးနေသော်လည်း မင်းသမီးလေးသည် သူ၏အသံကို ကြားနေရဆဲဖြစ်သည်။ သူမ၏ ခန္ဓာကိုယ်လေးကို လှည့်လိုက်ပြီး စောင်ကို ကန်ထုတ်ကာ သူမ၏ခြေထောက်လေးများနှင့် တစ်ခါသုံးဒိုက်ပါလေးကို လှစ်ဟလိုက်သည်။

ကျန်းဟန်သည် သူမလေးအား စောင်ဖြင့် ဖြည်းညှင်းစွာ ပြန်ခြုံပေးလိုက်ပြီး ကျန်းလီနှင့်စကားဆက်ပြောရန် အခန်းထောင့်သို့လျှောက်သွားလိုက်သည်။ တစ်နာရီခန့်ကြာအောင် စကားပြောပြီးနောက် သူဖုန်းချလိုက်သည်။

ကုတင်ဆီသို့ပြန်လျှောက်သွားပြီး ကျန်းဟန်သည်သူ၏အင်္ကျီများကို ချွတ်ကာ ဘေးမှာတင်လိုက်သည်။ သူ၏ဘေးရှိ ချစ်စဖွယ်မင်းသမီးလေးကိုကြည့်ရင်း ကျန်းဟန်တဖြည်းဖြည်းအိပ်ပျော်သွားသည်။

နောက်တစ်နေ့တွင် နေထွက်လာသည်နှင့် ကျန်းဟန်သည် အော်ဟစ်ငိုသံကြောင့် နိုးလာသည်။

ကျန်းဟန် လျှင်မြန်စွာ မျက်လုံးဖွင့်ကြည့်လိုက်တော့ သူ့ဘေးနားရှိ မင်းသမီးလေးသည် ကျယ်လောင်စွာငိုနေသည်ကို တွေ့လိုက်ရသည်။

“ဘာဖြစ်လို့လဲ ပူတူးတူးလေး... မငိုနဲ့ မငိုနဲ့ လာ ဖေ့ဖေ့ကို ဖက်ထား” ကျန်းဟန်သည် သူမလေးအား သူ၏ရင်ခွင်ထဲသို့ အမြန်ပွေ့ဖက်လိုက်သည်။

“ဝါး...အူးဝါး... ဖေဖေ သမီးနောက်ကို မကောင်းဆိုးဝါးကြီးတစ်ကောင်လိုက်ဖမ်းနေတယ်။ သမီးကြောက်တယ်” မုန့်မုန့်သည် ငိုလေသည်။

ကျန်းဟန် နူးညံ့စွာပြောလိုက်သည်။

“မုန့်မုန့် အဲ့ဒါက အိပ်မက်တစ်ခုပဲလေ။ သမီးအိပ်မက်မက်နေရုံပါပဲ”

"ပူးဝါး… သမီးကြောက်တယ်…"

အချိန်တော်တော်ကြာအောင် ချော့ပြီး လုံးဝအလုပ်မဖြစ်သည်ကို တွေ့လိုက်တော့ ရုတ်တရက်သူအကြံတစ်ခုရလိုက်သည်။ သူ၏ဘယ်လက်ကို မြှောက်လိုက်ကာ မင်းသမီးလေး၏ အာရုံကိုဖမ်းစားလိုက်သည်။

"မုန့်မုန့် မကြောက်နဲ့။ မကောင်းဆိုးဝါးကြီးတွေက ရုပ်ဆိုးပြီး မိုက်မဲတဲ့သတ္တဝါတွေပဲ။ ဖေဖေက မကောင်းဆိုးဝါးကြီးကို ဘယ်လိုအနိုင်ယူမလဲဆိုတာ စောင့်ကြည့်ပါဦး။ ဟား… ငါ့လက်သီးကိုကြည့်စမ်း ။ ဘန်း… မကောင်းဆိုးဝါးကြီးရဲ့ နှာခေါင်းကို ထိုးလိုက်ပြီ။ ဒီလက်ချောင်းနှစ်ချောင်းကို ကြည့်လိုက်စမ်း။ ဟား မကောင်းဆိုးဝါးကြီးရဲ့ မျက်လုံးကို ထိုးလိုက်ပြီ။ ငါ့လက်ဖဝါးကိုကြည့်လိုက်စမ်း။ ဖြောင်း မကောင်းဆိုးဝါးကြီး ဖေဖေရဲ့လက်ဝါးနဲ့ သေတဲ့အထိရိုက်ခံလိုက်ရတယ်"

သူ၏အပြုအမူကြောင့် သူမလေးအငိုတိတ်သွားသည်ကို တွေ့လိုက်ရသဖြင့် ကျန်းဟာန်သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကောင်းပြီ မကောင်းဆိုးဝါးကြီးက ဖေဖေရိုက်တာခံလိုက်ရပြီ"

သူမလေးသည် ကျန်းဟာန်ကိုကြည့်လိုက်ပြီး လေးစားသည့်လေသံဖြင့်

"ဖေဖေက အရမ်းအစွမ်းထက်တာပဲ"

မုန့်မုန့်၏ မျက်လုံးအစပ်များတွင် မျက်ရည်စများ စွန်းထင်းနေသော်လည်း ငိုသံက တိတ်သွားသည်။

"ဒါက ပုံမှန်ပါပဲ။ သမီးရဲ့ ဖေဖေက စွမ်းအားအကြီးဆုံးပဲ" ကျန်းဟာန်ဂုဏ်ယူစွာပြောလိုက်သည်။

"ဖေဖေ သမီးဗိုက်ဆာတယ်။ နို့သောက်ချင်တယ်"

“ခဏလေးစောင့် ဖေဖေသမီးအတွက် နို့သွားယူပေးမယ်” ကျန်းဟန် မတ်တပ်ရပ်လိုက်ပြီး သူမအတွက် နွားနို့တစ်ခွက်သွားယူလိုက်သည်။

နို့ခွက်ကို ယူလိုက်ပြီးနောက် နို့၏အနံ့မှာ မလတ်ဆတ်သည်ကို သူသိလိုက်သည်။ ကျန်းဟန်နို့မှုန့်ကိုကြည့်ပြီး အထင်အမြင်သေးစွာ ရယ်မောလိုက်သည်။

“မုန့်မုန့် ဖေဖေတို့ အခြေတကျဖြစ်တဲ့အထိ စောင့်ပါ။ အဲ့အခါကျရင် ဖေဖေက နို့စားနွားမတစ်ကောင်မွေးပြီး သမီးကို နေ့တိုင်း နွားနို့ လတ်လတ်ဆတ်ဆတ်သောက်ခိုင်းမယ်”

သူပြောပြီး နို့ဗူးအား မုန့်မုန့်ဆီသို့ ပေးလိုက်သည်။သူမလေးသည် နို့ဗူးကို ယူလိုက်ရင်း

ပါးစပ်ဖြင့်အပြည့်တစ်ချက်သောက်လိုက်ပြီး စိတ်ဝင်တစားဖြင့်မေးလိုက်သည်။

"ဖေဖေ နို့စားနွားမကဘာလဲ"

"နို့စားနွားမက နွားနို့တွေထွက်နိုင်တဲ့ နွားမကိုပြောတာ" ကျန်းဟန်ရှင်းပြလိုက်သည်။

"သမီးအခုသောက်နေတဲ့နို့မှုန့်က နွားနို့ကနေ ထုတ်ထားတာ။ နို့က အဟာရပြည့်ဝတာကြောင့် ကလေးတွေက ကြီးထွားဖို့ နို့သောက်ရတယ်"

"မေမေရဲ့နို့ကိုသောက်တာက သမီးကြီးလာဖို့မဟုတ်ဘူးလား" မုန့်မုန့် မေးလိုက်သည်။

"သမီး အသက်တစ်နှစ်လောက်အထိ သမီးမေမေရဲ့နို့ကို သောက်ရတယ်။ တစ်နှစ်ပြီးသွားရင်တော့ နွားနို့ကို စသောက်ရမယ်" ကျန်းဟန်ပြန်ပြောလိုက်သည်။

ကံကောင်းစွာပင် ကျန်းဟန်သည် မုန့်မုန့်အား အလွန်ချစ်ပေသည်။ အကယ်၍ သူမလေးသာ အပြင်လူတစ်ယောက် သို့မဟုတ် တခြားသူ၏ ကလေးဖြစ်ပါက သူ့အားမေးခွန်းတစ်ခုပြီးတစ်ခုလာမေးနေလျှင် ကျန်းဟန်သည် စိတ်တိုပြီး သေချာပေါက်ပြန်ပြောမည်မှာ

" ငါလို ကြီးမြတ်တဲ့ ဟန်ယန်အင်မော်တယ်ဧကရာဇ်က မင်းမေးသမျှဖြေဖို့ ဒီမှာရှိနေတယ်ထင်လား။ ပေါက်ကရတွေပဲ မင်းကတော့" ဟူ၍ပင်ဖြစ်သည်။

သို့သော် သူ၏သမီးအတွက် ကျန်းဟန်သည် အကူအညီမဲ့မှုနှင့် ပျော်ရွှင်မှုနှစ်ခုစလုံးခံစားနေရပြီး သူမ၏မေးခွန်းများကို ဖြေရန်မှတပါး ရွေးချယ်စရာမရှိပေ။

မနက် ၉ နာရီတွင် ကားအရောင်းဝတ်ဆိုဒ်မန်နေဂျာသည် စီစဉ်ထားသည့်အတိုင်းရောက်ရှိလာသည်။

ကားရောင်းဝယ်ရေး သဘောတူညီမှုပြီးနောက် ကျန်းဟန်သည် မန်နေဂျာ၏ အတူစားရန်ဖိတ်ခေါ်မှုကို ငြင်းဆိုခဲ့သည်။

ဟိုတယ်ကိုပြန်ရောက်ပြီးနောက် သူ၏ပိုက်ဆံအိတ်ထဲရှိ အခြားဘဏ်ကတ်များအားလုံးကို လွှင့်ပစ်လိုက်ပြီး ယွမ် ၂ သန်းပါသော ကတ်အသစ်ကို ထည့်လိုက်သည်။

ထို့နောက် ကျန်းဟန်နှင့်မုန့်မုန့်တို့သည် ညနေရောက်ရန်စောင့်ဆိုင်းပြီး လေဆိပ်သို့သွားကြသည်။

ပုံမှန်အခြေအနေအရ ဟောင်ကောင်သို့သွားသည့်အခါ ဗီဇာရဖို့လိုအပ်ပါသည်။ ထို့အပြင် ၎င်းတို့သည် ထိုနေရာတွင် အကြာကြီးနေခွင့်မရှိပေ။ သို့သော် ကျန်းဟန်သည် ထိုအသေးအဖွဲလေးများဖြင့် သူ့အတွက်အနှောင့်အယှက်ဖြစ်ရန် မလိုအပ်ပေ။ အဘယ်ကြောင့်ဆိုသော် ကျန်းဟန်သည် ဟောင်ကောင်တွင်

အိမ်တစ်လုံးရှိရုံသာမက ထိုနေရာတွင်လည်း အမြဲတမ်းနေထိုင်ခွင့်လည်းရှိသည်။ တစ်ချိန်က ကြွယ်ဝချမ်းသာပြီး ဩဇာကြီးမားသော မိသားစုကြီးတစ်ခု၏ သခင်လေးတစ်ယောက်ဖြစ်ခဲ့ဖူးသူ တစ်ယောက်အနေဖြင့် ထိုကိစ္စများကိုပင် မစွမ်းဆောင်နိုင်ခဲ့ပါက အမှန်တကယ်ကို ရယ်စရာဖြစ်ပေလိမ့်မည်။

နေ့လည်ခင်းတွင် ဟိုတယ်၏စားသောက်ဆိုင်၌ ရိုးရှင်းသောနေ့လည်စာကို စားသောက်နေစဉ် ကျန်းဟန်သည် သူ၏ရှေ့ရှိ အရသာရှိလှသော အစားအသောက်များကို ကြည့်ကာ သူ၏အခြေတည်ရာအတွက် တောင်ကြီးကြီးတစ်ခုရှာရမလား စဉ်းစားနေသည်။ သူကိုယ်တိုင် ပါဝင်ပစ္စည်းများကို စိုက်ပျိုးပြီး ကိုယ်တိုင်ချက်ပြုတ်စားခြင်းသည် စားသောက်ဆိုင်များတွင် ထွက်စားခြင်းထက် အများကြီးပိုကောင်းသည်။

"မုန့်မုန့်ရဲ့ ခန္ဓာကိုယ်က လက်ရှိမှာ ဖွံ့ဖြိုးနေဆဲဖြစ်ပြီး အာဟာရဓာတ်ကြွယ်ဝဖို့လိုတယ်။ ဒါကြောင့် သူစားတဲ့အစားအသောက်က အကောင်းဆုံးဖြစ်ရမယ်။ အသေးစိတ်အစီအစဉ်တစ်ခုကို ငါပြင်ဆင်မှရတော့မယ်ထင်တယ်"

ထိုအချိန်မှစ၍ ကျန်းဟန်ကိစ္စများကို စဉ်းစားသည့်အခါတိုင်း၊ သူ၏စိတ်ထဲတွင် မုန့်မုန့် အမြဲရှိနေခဲ့သည်။ သမီးတစ်ယောက်ရပြီးကတည်းက ကျန်းဟန်၏ စိတ်နေသဘောထားများ စတင်ပြောင်းလဲလာသည်ဟု ဆိုရမည်ဖြစ်သည်။

ညနေ ၄ နာရီတွင် ကျန်းဟန်သည် မင်းသမီးလေးကို ခေါ်ဆောင်ကာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တက္ကစီစီးလာခဲ့သည်။ ညနေ ၅ နာရီတွင် လေဆိပ်သို့ရောက်လာပြီး

လေယာဉ်စောင့်ရန် နားနေခန်းတွင် နေလိုက်သည်။ မင်းသမီးလေးသည် ခရီးသွားရန် အလွန်စိတ်လှုပ်ရှားနေသည်။

ကျန်းဟာန်၏ဦးတည်ရာသည် ဟောင်ကောင်ပင်ဖြစ်သည်။

ဟောင်ကောင် တော်ဝင်ကော်ပိုရေးရှင်း၏ လုပ်ငန်းခွဲကုမ္ပဏီတစ်ခုဖြစ်သော တော်ဝင်ဖျော်ဖြေရေးတွင်

"အစ်မယန် မင်းစိတ်မလေသင့်ဘူး။ နောက်ဆုံးတော့ မင်းအနားယူသွားပြီးမှ ပြန်လာခဲ့တာ။ ကုမ္ပဏီမှာ ပြိုင်ဆိုင်မှုတွေက အရမ်းပြင်းထန်တာကြောင့် ကုမ္ပဏီက မင်းအတွက် အချိန်တိုအတွင်း အစီအစဉ်တွေ ချမှတ်ပေးဖို့ မဖြစ်နိုင်ဘူး" မြင်းမြီးဆံပင်နှင့် အမျိုးသမီးတစ်ဦးသည် ဇီယန်ကို ပြောလိုက်သည်။

"ငါ သိပါတယ်"

ပြတင်းပေါက်နားက ဆိုဖာမှာထိုင်ရင်း ဇီယန်၏လှပသော မျက်နှာက ပင်ပန်းနွမ်းနယ်မှုတွေနှင့် ပြည့်နေသည်။ ပြတင်းပေါက်မှ အပြင်သို့လှမ်းကြည့်ရင်း သူမခေါင်းယမ်းကာပြောလိုက်သည်။

"ဒါပေမဲ့ ကုမ္ပဏီက အစီအစဉ်တစ်ခုလုပ်ဖို့ စောင့်မယ်ဆိုရင် ဇာတ်လမ်းတွဲတစ်ခုမှာ ပါဝင်သရုပ်ဆောင်ရဖို့က အနည်းဆုံးတစ်နှစ်ခွဲ ဒါမှမဟုတ် အဲ့ထက်ပိုပြီး ကြာအောင်စောင့်ရလိမ့်မယ်။ ငါ အနားယူသွားတဲ့သတင်းက ထွက်နေပြီးပြီ။ နောက်လတွေမှာ ဘာလှုပ်ရှားမှုမှ မရှိခဲ့ဘူးဆိုရင် ပရိသတ်တွေ အရမ်းစိတ်ပျက်သွားလိမ့်မယ်"

"မင်းသားလီက မနက်ဖြန် Amber စားသောက်ဆိုင်မှာ ညစာစားဖို့ ဖိတ်ထားတယ်။ သူ့အဖေက

အင်ပါယာ(တော်ဝင်)ကော်ပိုရေးရှင်းရဲ့ ဒါရိုက်တာဘုတ်အဖွဲ့ဝင်တစ်ယောက်ပဲ။ သူက မင်းအတွက် တစ်ခုခုပြောပေးမယ်ဆိုရင် ဧာတ်လမ်းတွဲမှာ ပါဝင်ခွင့်ရဖို့က ပြဿနာမရှိဘူး” ထိုအမျိုးသမီးက ပြောလိုက်သည်။

“အဲ့လောက်မရိုးရှင်းဘူး” ဇီယန် ရင်တထိတ်ထိတ်ဖြင့် သက်ပြင်းချလိုက်သည်။

ဖျော်ဖြေရေးနယ်ပယ်သည် အလွန်ရှုပ်ထွေးသော နေရာတစ်ခုဖြစ်သည်။ ဥပမာအားဖြင့် မင်းသားလီ၏ ညစာစားရန် ဖိတ်ခေါ်ခြင်း၏ ရည်ရွယ်ချက်မှာ အလွန်ထင်ရှားသည်။ အကယ်၍ ဇီယန်သည် ညစားစားချိန်၌ သူလိုချင်သည့်အခြေအနေများကို လိုက်လျောပေးပါက ဧာတ်လမ်းတွဲတွင် ပါဝင်ခွင့်သည် အလွန်လျင်မြန်စွာ ဖြေရှင်းနိုင်မည်ဖြစ်သည်။ သို့သော် ဒီလိုသဘောတူညီချက်မျိုးက သူမ လိုချင်ခဲ့သည့်အရာလား။

ဇီယန်သည် ထိုသို့သော အကျိုးအမြတ်အတွက် သဘောတူညီချက်မျိုးကို အမြဲငြင်းပယ်ခဲ့သည်။ အင်ပါယာဖျော်ဖြေရေးနှင့် ၅ နှစ် စာချုပ်ချုပ်ဆိုသောအခါတွင် သူမ၏လှပသော ရုပ်ရည်သွင်ပြင်နှင့် နှလုံးသားထဲထိမိသော အသံကို အမှီပြုကာ ၃ နှစ်ကြာကြိုးစားလုပ်ကိုင်ခဲ့ပြီးနောက် ကုမ္ပဏီ၏ပံ့ပိုးမှုဖြင့် သူမအောင်မြင်ကျော်ကြားလာခဲ့သည်။

လေးနှစ်မြောက်တွင် သူမသည် အဆိုတော်ဘဝမှ သရုပ်ဆောင်အဖြစ်သို့ ကူးပြောင်းခဲ့သည်။ ထိုနှစ်အတွင်းတွင် သူမပါဝင်ခဲ့သည့် ရုပ်ရှင်များနှင့် ဇာတ်လမ်းတွဲအရေအတွက်မှာ အဆုံးမသတ်နိုင်သောကြောင့် သူမ၏ဂုဏ်သတင်းမှာ ပို၍ကြီးမားလာခဲ့သည်။ ငါးနှစ်တာကာလအတွင်း အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆု ဆွတ်ခူးရန် အခွင့်အလမ်းရရှိခဲ့သည်။ ထိုအချိန်တွင် ကျန်းဟန်နှင့် မတော်တဆမှုဖြစ်ပျက်ခဲ့သည်။

မူလက ဇီယန်ကိုယ်ဝန်ရှိစဉ် သူမ ချက်ချင်းအနားယူချင်ခဲ့သော်လည်း သူမ၏ ကုမ္ပဏီက ခွင့်မပြုခဲ့ပေ။ ရွေးချယ်စရာမရှိခဲ့ပဲ ကုမ္ပဏီနှင့်စာချုပ်မကုန်မချင်း လအနည်းငယ်ကြာအောင် ကြိုးစားခဲ့သည်။ ထို့နောက် သူမ မြောက်အမေရိကသို့ ထွက်သွားခဲ့သည်။ ငါးနှစ်ကြာပြီးနောက် သူမသည် တရုတ်နိုင်ငံသို့ ပြန်လာသောအခါ ဖျော်ဖြေရေးနယ်ပယ်သည် ယခင်လိုမဟုတ်တော့ပေ။

ဖျော်ဖြေရေးနယ်ပယ်သည် ပြိုင်ဆိုင်မှုပြင်းထန်လာပြီဖြစ်သည်။ ၃ နှစ်စာချုပ် ချုပ်ဆိုပြီးနောက် ကုမ္ပဏီက သူမအား ပံ့ပိုးပေးရန် အရင်းအမြစ်များမပေးခဲ့ချေ။ နောက်ဆုံးတွင် အခြားလူတိုင်းသည် အရင်းအမြစ်များရရန် ၎င်းတို့၏အလှည့်အတွက် တန်းစီစောင့်ဆိုင်းနေကြသည်။

ထို့ကြောင့် နာမည်ကြီးပြီးသားသူများ ကြားဖြတ်ဝင်ရန်မဖြစ်နိုင်ပေ။

ကုမ္ပဏီတွင် သူမအားညွှန်ပြကာကာ ခဏခဏ "အထည်ကြီးပျက်အနုအညာရှင်" ဟု ကျယ်လောင်စွာ ပြောဆိုသူ အများအပြားရှိသည်။ ထိုစကားသည် ဇီယန်အား ဒေါသထွက်စေသည်။ ယခု သူမသည် မိမိကိုယ်ကို သက်သေပြရန် သူမ၏ကိုယ်ပိုင်ခွန်အားကို အသုံးပြုချင်သည်။

ကျစ်ဆံမြီးနှင့်အမျိုးသမီးသည် ရေတစ်ခွက်ကို ဇီယန်ထံသို့ ကမ်းပေးကာ ပြောလိုက်သည်။

"အစ်မ ရေတစ်ငုံလောက်သောက်လိုက်ပါဦး။ အစ်မလုပ်နိုင်လိမ့်မယ်ဆိုတာကို ကျွန်မ ယုံကြည်တယ်"

"ကျေးဇူးပါ ရှောင်ဖေး" ဇီယန် အနည်းငယ်ပြုံးကာပြောလိုက်သည်။

မြင်းမြီးဆံပင်နှင့်အမျိုးသမီး၏နာမည်မှာ ကျိုးဖေး ဖြစ်သည်။ သူမသည် ငယ်စဉ်ကတည်းက မိဘမဲ့ဖြစ်ခဲ့ပြီး အတော်လေးဒုက္ခရောက်ခဲ့သည်။ အရွယ်ရောက်လာပြီးနောက် မန်နေဂျာတစ်ယောက်ဖြစ်လာသည်။
ဇီယန်၏မန်နေဂျာအဖြစ်လုပ်နေချိန်တွင် သူမသည် ဇီယန်၏ရွေးထွေးမှု နှစ်သိမ့်မှုများကို ခံစားခဲ့ရပြီး ဇီယန်အပေါ်အလွန်သစ္စာရှိလာသည်။ ဇီယန် အနားယူလိုက်ပြီး မြောက်အမေရိကသို့ထွက်သွားချိန်တွင်ပင် သူမသည် ဇီယန်နှင့်အတူရှိနေခဲ့သည်။

ယခုအချိန်တွင်သူမသည် ဇီယန်၏ မန်နေဂျာသာမက သူမ၏လက်ထောက်နှင့် အိမ်တော်ထိန်းလည်းဖြစ်ခဲ့သည်။ သူမသည် ဇီယန်အပေါ်တွင် အလွန်ကောင်းသော်လည်း အပြင်လူများအပေါ်တွင်တော့ အလွန်ထက်မြက်သောလျှာစွမ်းရှိလေသည်။

"အစ်မ အယ်လ်ဘမ်တစ်ခုကို အရင်ဆုံးထုတ်ရင်ရော ဘယ်လိုလဲ။ ကုမ္ပဏီက မကြာခင်က သီချင်းတချို့ရခဲ့တယ်။ကျွန်မ အစ်မမိန်နဲ့ သွားပြီးဆွေးနွေးလိုက်လို့ရတယ်။ သီချင်းတွေကို ရွေးချယ်ခွင့်ပြုဖို့ သဘောတူနိုင်မယ်ထင်ပါတယ်။ ပြောရမယ်ဆိုရင် အစ်မအစပိုင်းမှာ ကတည်းက ဂီတနဲ့ စတင်ပွဲထွက်ခဲ့တာပဲ" ကျိုးဖေး ပြောလိုက်သည်။

"ဘယ်လိုတွေလာဖြစ်မလဲ အရင်ဆုံးကြည့်ရအောင်"

-C 6 End

wunzinnosp

## အပိုင်း(၇) - ဧယန်၏ထိတ်လန့်မှု

ဇီယန်ခေါင်းညိတ်လိုက်သည်။ သူမ ဖုန်းကိုရှာရန် သူမ၏အိတ်ကို ကောက်ကိုင်လိုက်သည်။

“ငါ အမ်မလီကို ဖုန်းခေါ်လိုက်ဦးမယ်”

ကလေးမလေးအကြောင်းပြောသောအခါ ကျိုးဖေးသည် ဇီယန်အား မျက်လုံးမှေးကြည့်လိုက်ပြီး ပြောလိုက်သည်။

“အစ်မ ဘယ်လိုလုပ် အမ်မလီကို အဲ့ဒီရှုပ်ပွနေတဲ့နေရာကြီးမှာ ထားခဲ့လဲဆိုတာ ကျွန်မနားမလည်ဘူး။ အဲ့ဒီက ရောဂါပိုးမွှားတွေကြောင့် ကလေးလေး နေမကောင်းဖြစ်ရင် ဘယ်လိုလုပ်မလဲ”

“အင်း အမ်မလီက သူ့ရဲ့သမီးပဲလေ သူ တစ်ကိုယ်ရေသန့်ရှင်းရေးကိုတော့ ဂရုစိုက်လောက်မှာပါ”

ဇီယန်သည် ဖုန်းကို ထုတ်လိုက်ပြီး ကျွန်းဟန်၏နံပါတ်ကို ခေါ်ဆိုရင်း မသေချာမရေရာသော စကားဖြင့်ပြောလိုက်သည်။

တူ.....တူ....တူ.....

ဖုန်းမကိုင်ခင် ဆယ်ခါကျော်ကျော် မြည်ပြီးမှ ဖုန်းကိုင်လာသည်။

ဖုန်းထဲမှ တဆင့် သမီးလေး၏ နူးညံ့ရှင်လန်းသောအသံကို ကြားလိုက်ရ၏။

"မေမေ မေမေ့ကိုအရမ်းလွမ်းတာပဲ"

သမီးဖြစ်သူ၏ အသံကိုကြားလိုက်ရတော့ ဇီယန်၏စိတ်မပျော်ရွှင်မှုများ ချက်ချင်း ပျောက်ကွယ်သွားသည်။ သူမ၏မျက်နှာတွင် အပြုံးတစ်ခုပေါ်လာပြီး

"အမ်မလီ သမီးဖေဖေရဲ့နေရာမှာ ကစားရတာပျော်ရဲ့လား"

"အာ... မေမေသမီးကို နာမည်မှားခေါ်နေတယ်။ သမီးက အမ်မလီမဟုတ်ဘူး"

"ဒါဆို သမီးကဘယ်သူလဲ" ဇီယန်သည် သူမ၏သမီးလေးက စနောက်နေသည်ဟုထင်ကာ ပြုံးလိုက်သည်။

"သမီးက ကျန်း..ယွီ..မုန့်... မုန့်မုန့်...မုန့်မုန့်..." မုန့်မုန့်သည် ရွှင်မြူးသော အသံဖြင့် ပြောလိုက်သည်။

၎င်းကို ကြားလိုက်သောအခါ ဇီယန်၏အမူအရာမှာ တောင့်တင်းသွားပြီး သူမအလန့်တကြားတွေးလိုက်သည်။

ကျန်းယွီမုန့်... သူက အမ်မလီကို နာမည်အသစ်ပေးခဲ့တာလား။ ဖြစ်နိုင်တာက သူငါ့ဆီကနေ အမ်မလီကို ခေါ်ထုတ်သွားချင်တာများလား

“သမီးရဲ့နာမည်ကို ဘာလို့ပြောင်းလိုက်တာလဲ” ဇီယန် သူမ၏ခံစားချက်များကို မျိုသိပ်ရင်း မေးလိုက်သည်။

“ဘာလို့လဲဆိုတော့ သမီးက တရုတ်လူမျိုးလေ။ အမ်မလီက တရုတ်နာမည်မဟုတ်ဘူး။ဒါကြောင့် သမီး အဲ့တာကို မလိုချင်တော့ဘူး”

ဇီယန် ခဏမှင်တက်သွားပြီး မေးလိုက်သည်။

“အိုး...ဒါဆိုရင် ဒီရက်တွေမှာ သမီးပျော်ခဲ့ရဲ့လား”

“ဟုတ်... သမီးပျော်တယ်...ဖေဖေနဲ့အတူ ပျော်စရာဘဝကြီးကို ဖြတ်သန်းနေပါတယ်”

ပျော်စရာဘဝကြီးလား။ အဲ့ဒါက အရမ်းများလွန်းမနေဘူးလား။ သူနဲ့ အတူတူနေပြီးရင် သူမလေး စိတ်ပျက်သွားလိမ့်မယ်လို့ ငါမျှော်လင့်ထားတာ

ဇီယန် သူမဘာသာ တွေးလိုက်သည်။

သူမလေး၏လေသံအရ သူမလေးသည် ထိုစိတ်ဆင်းရဲစရာဒေါသကြီးပြီး ခေါင်းမာသော သူမ၏ဖခင်ကို အတော်လေးမှီခိုနေကြောင်း သိနိုင်ပေသည်။

"ဒါဆိုရင် သမီးရဲ့ ပျော်စရာဘဝကြီးက ဘယ်လိုမျိုးလဲ ပြောပါဦး" ဇီယန်မေးလိုက်သည်။

"အာ... ဖေဖေ မေမေက သမီးတို့ရဲ့ပျော်စရာဘဝကြီးက ဘယ်လိုမျိုးလဲမေးနေတယ်..."

မုန့်မုန့်၏ ချိုမြိန်သောအသံလေးက နောက်တစ်ကြိမ်ထွက်ပေါ်လာသည်။

“ဖေဖေကပြောတယ်။ သမီးတို့က အကောင်းဆုံးဆုံးအစားအစာကို စားမယ်၊ အကောင်းဆုံးသောက်စရာကို သောက်မယ်၊ အကောင်းဆုံးဂိမ်းတွေဆော့မယ်။ အို့...ခဏနေရင် သမီးလည်း ငှက်အကြီးကြီးပေါ်မှာ ထိုင်ရတော့မယ်။ မေမေ သမီးဖုန်းချလိုက်တော့မယ်နော်။ ဖေဖေနဲ့ ပျော်စရာဘဝကြီးဆီသွားတော့မယ်”

မုန့်မုန့်ပြောပြီးသောအခါ ဇီယန် ဖုန်းထဲမှ စကားလုံးအနည်းငယ်ကိုကြားလိုက်သည်။

“အားလုံးပဲ အာရုံစိုက်နားထောင်ပေးကြပါရှင်။ ပေကျင်းမြို့မှ - ”

တစ်ဝက်တစ်ပျက်ကြားလိုက်ရပြီး ဖုန်းကျသွားသည်။

ထိုအချိန်တွင် ဧီယန်မှင်တက်သွားသည်။

ငါ့သမီးက ငါ့ကိုဖုန်းချသွားတာလား။

ပျော်စရာဘ၀ကြီး။

စကားလုံးလှလှလေးတွေ ချိုချိုသာသာအပြောလေးတွေနဲ့ ကလေးကို လိမ်ညာနေတယ်။ ကျန်းဟန်ရှင်ကအကျင့်မကောင်းပဲနဲ့ ဘ၀ ဘယ်လိုလုပ်ပျော်ပျော်ရွှင်ရွှင်နေမလဲ။

ဖုန်းထဲမှာကြားလိုက်ရတာက ဘာအဓိပ္ပာယ်လဲ။ သူကားဂိတ်မှာလား လေဆိပ်မှာလား။ ဒါမှမဟုတ် တခြားတစ်နေရာရာမှာလား။ သူလောက်ခေါင်းမာတဲ့သူက တကယ်ပဲ ပေကျင်းကနေ ထွက်သွားတော့မှာလား။

“အစ်မ အစ်မ အစ်မ”

ကြိမ်ဖန်များစွာ အော်ခေါ်ပြီး ကျိုးဖေးသည် သူမဘက်သို့ ဇီယန်ခေါင်းလှည့်လာသည်ကို တွေ့လိုက်ကာ ဇီယန်၏မျက်လုံးများတွင် ပြင်းထန်သော စိတ်ရှုပ်ထွေးမှုများ ရှိနေသည်။

“ဘာဖြစ်လို့လဲ အစ်မ။ အမ်မလီကဘာပြောလဲ။ သူအဲ့မှာ နောက်ထပ်မနေချင်တော့ဘူးတဲ့လား” ကျိုးဖေး စိတ်ဝင်တစားမေးသည်။

“သူ ဘာမှမပြောပါဘူး” ဇီယန် မှင်သက်နေရာမှ သတိပြန်ဝင်လာပြီး ပြန်ဖြေလိုက်သည်။ သူမ၏ခေါင်းကိုငုံထားရင်း သူမ၏နှလုံးသားထဲသို့ နာကျင်မှုစိမ့်ဝင်လာသကဲ့သို့ ခံစားလိုက်ရသည်။

အရင်ကဆို သမီးဖုန်းခေါ်သည့်အခါတိုင်း သူမလေးကို ဖုန်းချလိုက်ဖို့ အမြဲတမ်း သူမကချော့မော့ပြောရသည်။ သို့သော် ယခုတော့ သူမလေးက အမေဖြစ်သူကို ဘာမှပင်မမေးတော့ပဲ ဖုန်းချသွားသည်။

ကျိုးဖေး သူမလက်မှ နာရီကိုတစ်ချက်ကြည့်လိုက်ပြီး "အချိန် မစောတော့ဘူး။ ပြန်ကြရအောင်" ဟုပြောလိုက်သည်။

ထိုအချိန်တွင် ဗီယန်ခေါင်းမော့လာပြီး "အိမ်မပြန်တော့ဘူး။ ရှောင်ဖေး အခုချက်ချင်း ပေကျင်းကို အစောဆုံးလေယာဉ်ခရီးစဉ်ကို ကြိုတင်မှာလိုက်ပါ"

"ဟမ်" ကျိုးဖေး ခဏလောက်ကြောင်သွားပြီး "ဒါပေမဲ့ မနက်ဖြန် ကုမ္ပဏီက အစည်းအဝေး နှစ်ခုလုပ်ဖို့ရှိတယ်။ သခင်လေးလီနဲ့ ညစာစားဖို့လည်း ရှိသေးတယ်။"

"အကုန်လုံးကို ဘေးဖယ်ထားလိုက်။ အမ်မလီကို မြန်မြန် ပြန်ခေါ်မှဖြစ်မယ်။ သူ...." ဇီယန်အသက်ပြင်းပြင်းရှူရင်း "သူမ တော်တော်ဆိုးသွားပြီ"

"အိုး...ကောင်းပြီ" ကျိုးဖေးခေါင်းညိတ်လိုက်သည်။ ကလေးနှင့်ပတ်သက်သည့် မည်သည့်အရာမဆို ဇီဟာန်တစ်ချက်သာပြောပြီး ထိုမှုလောက်နှင့်ပင် ဘာကိုဆိုလိုကြောင်းသူမနားလည်သည်။ လေယာဉ်လက်မှတ် ကြိုတင်မှာရန် သူမ ဖုန်းကိုအမြန်ထုတ်လိုက်သည်။

တကယ်တော့ ဇီယန်သည် မုန့်မုန့်ကို အထင်လွဲခဲ့ခြင်းပင်။ မုန့်မုန့်သည် သူမ မေမေနှင့် စကားဆက်ပြောချင်သော်လည်း လေယာဉ်ပေါ်တက်ရတော့မည်ဖြစ်သည်။ ကျန်းဟာန်သူမကို သတိပေးလိုက်၍ မင်းသမီးလေးသည် သူမမေမေကို နှုတ်ဆက်လိုက်ပြီးနောက်တွင် ကျန်းဟာန်သည်ချက်ချင်း

ဖုန်းကိုယူကာ ချသွားသဖြင့် မင်းသမီးလေးသည် အလွန်မကျေမနပ်ဖြစ်ခဲ့သည်။

“ဟုတ်ပါပြီ မုန့်မုန့် ဖေဖေတို့ ငှက်ကြီးထဲကိုသွားထိုင်ရတော့မယ်။ ဖေဖေတို့ ဆက်သွားမည့်နေရာကိုရောက်မှ သမီးမေမေနဲ့ စကားဆက်ပြောလို့မရဘူးလား” ကျန်းဟန် ပေါ့ပေါ့ပါးပါးပြောလိုက်သည်။

“ကောင်းပြီ ငှက်ကြီးဆီသွားထိုင်ပြီး ဟိုကိုရောက်ရင် မေမေနဲ့ စကားပြောမယ်” မုန့်မုန့် သူမ၏လက်နှစ်ဖက်ကို ကြက်ခြေခတ်ကာ နှုတ်ခမ်းစူလိုက်သည်။

မင်းသမီးလေးသည် အများအားဖြင့် လေယာဉ်စီးရသည်ကို နှစ်သက်လေသည်။ လေယာဉ်စီးသည့်အခါ ပြတင်းပေါက်မှ

ဝါးဂွမ်းသကြားလုံးကဲ့သို့ မိုးတိမ်များကို မြင်နိုင်သောကြောင့်ဖြစ်သည်။

သို့သော် ကောင်းကင်သည် မှောင်နေပြီဖြစ်၍ သူမလေး တိမ်များကို မမြင်နိုင်တော့ပေ။

ည ၉ နာရီတွင် လေယာဉ်သည် ဟောင်ကောင် လေဆိပ်သို့ အချိန်မှန်ရောက်ရှိခဲ့သည်။

ခရီးဆောင်အိတ်ကို ဘယ်ဘက်လက်ဖြင့်ဆွဲလိုက်ပြီး မုန့်မုန့်ကို ညာဘက်ဖြင့် ပွေ့ချီကာ ကျန်းဟန်လေဆိပ်မှ ထွက်လာခဲ့သည်။

လေဆိပ်၏အခြားတစ်ဖက်ဝင်ပေါက်တွင် နေကာမျက်မှန်နှင့်မျက်နှာကာ တပ်ထားသည့် ဧယန်သည် လောလောဆယ်တွင် ကျိုးဖေးနှင့် ဂိတ်ပေါက်ဆီသို့

အမြန်သွားနေသည်။ ဇီယန်၏ ဤခရီးစဉ်သည်ကား အလဟသဖြစ်ပေတော့မည်။

လေဆိပ်မှထွက်လာပြီးနောက် ကျန်းဟန် လှည့်ပတ်ကြည့်လိုက်ပြီး သူ၏အကြည့်သည် လူအုပ်ထဲမှ မိန်းကလေးတစ်ယောက်ထံတွင် ရပ်တန့်သွားသည်။

ထိုမိန်းကလေး၏ ရုပ်သွင်မှာ ကျန်းဟန်နှင့် အနည်းငယ်ဆင်တူသည်။ သူမ၏မျက်ခုံးများသည် မိုးမခရွက်များကဲ့သို့ဖြစ်ပြီး နှာခေါင်းနှင့် နှုတ်ခမ်းများမှာ သေးသွယ် ပါးလျပြီး အလွန်လက်ရာမြောက်သည့်ပန်းပုကဲ့သို့ဖြစ်သည်။ ထိုမိန်းကလေးသည်ကား အရပ် ၁.၇ မီတာ ရှိသည့် ကျန်းလီ ပင်ဖြစ်သည်။

ကျန်းဟန်ပြုံးပြီး ကျန်းလီဆီသို့လျှောက်သွားသည်။ ကျန်းဟန်သည် ကျန်းလီနှင့်နီးကပ်လာသောအခါ သူမသည် ကျန်းဟန် ဟိုယခင်ကကဲ့သို့ သပ်သပ်ရပ်ရပ်ဝတ်စားထားပြီး ခန့်ခန့်ညားညားရှိနေသည်ကို မြင်လိုက်သည်နှင့် သူမ၏မျက်လုံးများတွင် အသိအမှတ်ပြုမှုဖြင့် ပြုံးနေခဲ့သည်။

"အစ်ကို" ကျန်းလီက ပေါ့ပေါ့ပါးပါး အော်ခေါ်လိုက်သည်။ သူမသည် ကျန်းဟန်ဆီသို့လျှောက်သွားပြီး သူ့ကိုဖက်လိုက်သည်။

ဤအမျိုးသမီးကို အလွန်သတိထားသည့်အကြည့်ဖြင့် ကြည့်နေသော မုန့်မုန့်သည် နှစ်ယောက်သားဖက်လိုက်သည်ကို မြင်သည်နှင့် ချက်ချင်းပင် ငိုတော့သည်။

“အာ... ဘာဖြစ်လို့လဲ မုန့်မုန့်” ကျန်းဟန်သည် ညီမဖြစ်သူအား လွှတ်လိုက်ပြီး မင်းသမီးလေးကို ချော့ရန်အမြန်သွားလိုက်သည်။

ထိုအချိန်တွင် ကျန်းလီသည် မုန့်မုန့်ကို သတိပြုမိသွား၏။ မုန့်မုန့်၏ချစ်စဖွယ် ဝမ်းနည်းနေသည့်မျက်နှာလေးကို မြင်လိုက်တော့ ကျန်းလီ ပြုံးပြီး ပြောလိုက်သည်။

“မုန့်မုန့် မငိုပါနဲ့။ နောက်ကျရင် အန်တီလာတဲ့အခါ သမီးစားဖို့ အရသာရှိတာတွေယူလာပေးမယ်နော်”

စကားပြောနေရင်း ကျန်းလီသည် မုန့်မုန့်အား ကျန်းဟန်လက်ထဲမှာ ပွေ့ခေါ်ထားချင်သည်။ သို့သော် မင်းသမီးလေးက သူမလက်များကို တွန်းဖယ်ကာ ငြင်းဆန်လိမ့်မည်ဟု မည်သူကထင်မည်နည်း။

"ဝေးဝေးကိုသွား လူဆိုးမကြီး။ ဖေဖေက သမီးမေမေရဲ့အပိုင်ပဲ။ တခြားသူတွေက ဖေဖေ့ကို ဖက်လို့မရဘူး"

"အမ်.." ကျန်းလီခဏမှင်တက်သွားပြီး ခဏအကြာတွင် သူမ စိတ်မထိန်းနိုင်ပဲ ရယ်မောလေတော့၏။

အခြေအနေမှာ ရယ်ရမှာလား ငိုရမှာလား မသိတော့ပေ။ ကျန်းဟန်သည် မင်းသမီးလေးအား "ဒေါ်လေး" ဆိုသည့် အခိပ္ပာယ်အားရှင်းပြလေ၏။ ကျန်းလီသည် သူမဖေဖေ၏ ညီမလေးဖြစ်ကြောင်း သိပြီးနောက် မုန့်မုန့်၏ စိတ်အခြေအနေမှာ ကောင်းမွန်လာသည်။

အစက ကျန်းလီသည် သူတို့အား ပင်လယ်စာကျွေးလိုသော်လည်း ကျန်းဟန်က

ချက်ချင်းငြင်းလိုက်သည်။ ပထမအချက် ပင်လယ်စာစားခြင်းသည် ကလေးများအား ဝမ်းပျက်စေသည်ဟု ခံစားရသည်။ ဒုတိယအချက်မှာ ယေဘုယျအားဖြင့် စားသောက်ဆိုင်များနှင့် ပတ်သက်၍ စိတ်မချပေ။ သူတို့ ပင်လယ်စာစားမည်ဆိုရင်တောင်မှ အနည်းဆုံး ပင်လယ်စာတွေကို သူကိုယ်တိုင် ပြင်ဆင်ထားသင့်သည်။

ချက်ပြုတ်ခြင်း အနေအညာ နယ်ပယ်တွင် ကျန်းဟန်၏သတ်မှတ်ချက်သည် အလွန်မြင့်မားသည်။ သူသည် ယန်မိုးကြိုးသစ်ပင်ကို စိုက်ပြီးလျှင် မုန့်မုန့်အတွက် ဟင်းသီးဟင်းရွက်များကို ကိုယ်တိုယ်စိုက်ပျိုးရန် ရည်ရွယ်ထားသည်။ ထိုအချိန်မတိုင်ခင်အထိ မုန့်မုန့်အတွက် သာမန်ဟင်းချက်စရာများဖြင့်သာ ချက်ပြုတ်ပေးနိုင်သည်။

နောက်ဆုံးတွင် ကျန်းဟန်သည် ပေါင်မုန့်ဆိုင်တစ်ခုတွင် စားရန် ရွေးလိုက်သည်။ စားသောက်နေစဉ်တွင် ကျန်းလီသည် ပင်လယ်ကွေ့လမ်းမကြီးရှိ ဘားတစ်ခုတွင် DJ အဖြစ် အလုပ်လုပ်နေကြောင်း ကျန်းဟန်သိလိုက်သည်။ သူမသည် တစ်ပတ်လုံးအလုပ်လုပ်ပြီး တနင်္ဂနွေတစ်ရက်သာ အားလပ်သည်။

DJ တစ်ယောက်အဖြစ် အလုပ်လုပ်ရတာ မည်မျှပင်ပန်းလည်းဆိုတာ တွေးမနေပါနှင့်။ အလုပ်လုပ်ရသည့် ပတ်ဝန်းကျင်က အတော်ဆိုးပေသည်။ လူဆိုးများနှင့် ရိုးသားသောသူများ သည် ထိုပတ်ဝန်းကျင်တွင် ရောနှောနေသည်။ ကျန်းဟန်သည် ကျန်းလီကို DJ အဖြစ် ဆက်မလုပ်စေချင်သော်လည်း DJ သည် သူမ၏ ဝါသနာဖြစ်ကြောင်း ကျန်းလီပြန်ပြောသည်။

သူ၏တားဆီးမှုသည် အသုံးမဝင်ကြောင်းတွေ့လိုက်ရသဖြင့် ကျန်းဟန်ထိုအကြောင်းကို ဆက်မပြောတော့ပေ။ စားသောက်ပြီးနောက် ည ၁၁ နာရီထိုးခါနီးနေပြီး မင်းသမီးလေးမှာ အိပ်ငိုက်နေပြီဖြစ်သည်။ ကျန်းလီသည် တက္ကစီတစ်စီးခေါ်လိုက်ပြီး ကျန်းဟန်ကို သူမငှားထားသည့် တိုက်ခန်းတွင် လာနေစေချင်သည်။ သို့သော် ကျန်းဟန်သည် သူ၏ညီမက တိုက်ခန်းကို တခြားတစ်ယောက်နှင့်အတူငှားနေသည်ကို သိလိုက်ရ၍ သူမအား ပင်လယ်ကွေ့လမ်းမကြီးရှိ ဖူရှိဟိုတယ်တွင် သူနှင့်အတူနေရန် ပြောလိုက်သည်။

အမှန်ပင် ။ ကျန်းဟန်၏ ဘဝပျော်ရွှင်မှုအတွေးအခေါ်အရ သူသည် ယွမ် ငါးသိန်းကို ကြိုတင်ငွေပေးချေပြီး တစ်ရက်ကို ယွမ် တစ်သိန်းရှစ်သောင်း ကုန်ကျသည့် သမ္မတအိမ်တော်ကြီးမှာ တည်းခိုခဲ့ပေသည်။

ငှင်းကြောင့် ကျန်းလီ၏အမူအရာမှာ ခဏတာအေးခဲသွားစေသည်။

အစ်ကို အခြေအနေက ငါထင်သလောက်မဆိုးဘူး ထင်တယ်

သို့သော် ခဏအကြာတွင် ကျန်းလီ၏ စိတ်ထဲ အတွေးများပုံ့လွင့်လာကာ ဒေါသထွက်လာသည်။

ငါကတော့ သူ့ကို လတိုင်း ယွမ်ငါးထောင် ပို့ပေးနေတာ။ တကယ်တော့ သူက အခုတောင် ယွမ် ငါးသိန်းကို လွယ်လွယ်လေး သုံးလိုက်တာလား။ သူ့အခြေအနေကို ဆိုးတယ်လို့ ဘယ်လိုတောင်ထင်ရတာလဲ။ ကြည့်ရတာ ကျန်းမိသားစုက အသိတရားတချို့ရှိသေးလို့ သူ့ကို ပိုက်ဆံနည်းနည်းပေးခဲ့ပုံရတယ်

အခန်းထဲဝင်လာပြီးနောက် ကျန်းဟာန်သည် ပထမဆုံး အိပ်ပျော်နေသည့်မင်းသမီးလေးကို အစိကအိပ်ခန်းမှာ အိပ်ယာပေါ်ချပေးလိုက်သည်။ ထို့နောက် ဧည့်ခန်းသို့ပြန်သွားကာ ကားပြိုင်ပွဲအကြောင်းရှင်းပြသည်။ ထိုနောက် ကျန်းလီသည် ကျန်းဟာန်၏ပိုက်ဆံများ ဘယ်ကလာသည်ကို သိရှိသွား၏။

မောင်နှမနှစ်ယောက် မတွေ့ဖြစ်တာ နှစ်အတော်ကြာပြီမို့ စကားတွေ အများကြီးပြောဖြစ်ကြသည်။ ညခန်းခေါင်အထိပင် စကားပြောနေခဲ့ကြသည်။

စကားပြောနေစဉ် ကျန်းလီသည် မုန့်မုန့်၏အမေအကြောင်းမေးသည့်အခါတိုင်း ကျန်းဟာန်က တိကျသည့်အဖြေအပေးပဲ ဝေ့လည်ကြောင်ပတ်လုပ်နေသည်။

ဒါကိုမြင်တော့ ကျန်းလီ သည်းမခံနိုင်တော့ပေ။ သူမပင်ပန်းလာပြီးနောက် ဒုတိယအိပ်ခန်းသို့သွား အိပ်သည်။

ကျန်းဟာန်သည်လည်း အိပ်ငိုက်နေသော်လည်း သူလုပ်ရမည့် ကိစ္စများမှာ ပို၍အရေးကြီးသည်။ သူသည် စိတ်များကို တင်းလိုက်ပြီး ကွန်ပြူတာဆီသို့သွားကာ ဖွင့်လိုက်သည်။

အံဆွဲထဲမှ ဘောပင်ကို ထုတ်လိုက်ပြီးနောက် သူစဉ်းစားလိုက်သည်။

"ယန်မိုးကြိုးသစ်ပင်ကို စိုက်ပြီးရင် စိုက်ထားတဲ့တောင်ကို ငါ့ရဲ့ကိုယ်ပိုင်နယ်မြေအဖြစ်သတ်မှတ်ပြီး မြေဆီလွှာကို စိတ်ဝိညာဉ်မြေအဖြစ်ပြောင်းလဲပေးနိုင်တယ်။ ကျန်တဲ့ အစေ့တွေကို စိုက်ဖို့ကလွဲပြီး ဟင်းသီးဟင်းရွက်တွေ အသီးအနှံတွေကို ငါစိုက်လို့ရတယ်။ ဒါပေမဲ့ ကုန်းမြေက

ဘယ်လောက်အထိကြီးရမလဲ စဉ်းစားရမယ်။ ကုန်းမြေက ပိုကြီးလေ စိတ်ဝိညာဉ်စွမ်းအားနည်းလေဖြစ်မှာ။ ငါ ဘာကို လိုအပ်လဲ အရင်ဆုံးစဉ်းစားရမယ်။ မဟုတ်သေးဘူး အဲ့ဒါတွေက မုန့်မုန့် အတွက် လိုအပ်တဲ့ဟာ ဖြစ်သင့်တယ်"

ကျန်းဟန် ဘောလ်ပင်ကို ယူကာ စာရွက်ပေါ်တွင် ရေးလိုက်သည်။

"မုန့်မုန့်က နို့သောက်ဖို့လိုတယ်။ ဒါကြောင့် နို့စားနွားမတစ်ကောင်မွေးထားရမယ်။ ဒါတင်မကသေးဘူး ကြက်၊ ဘဲ၊ ငါး စတဲ့အသားငါးတွေ စားဖို့လည်း လိုသေးတယ်။ အဲဒီဧရိယာက မွေးမြူရေးနယ်မြေဖြစ်မယ်"

"မုန့်မုန့်ရဲ့ အဓိက အစားအစာက ဆန်နဲ့ ဂျုံမှုန့်ပဲ။ ဒါကြောင့် စပါးနဲ့ဂျုံကိုလည်း စိုက်ရမယ်။ သစ်သီးဝလံတွေနဲ့

ဟင်းသီးဟင်းရွက်တွေလည်း လိုတယ်။ နောက်တစ်ခုကို စိုက်ပျိုးရေးနယ်မြေ အဖြစ်သုံးရမယ်”

“တောင်ထိပ်မှာရှိတဲ့ ဧရိယာက ကျင့်ကြံခြင်းအတွက်လိုအပ်တဲ့ နေရာပဲ။ အဲ့ဒီမှာ ယန်-မိုးကြိုးသစ်ပင်နဲ့ ယွမ်ကျင်းသစ်ပင်က လွဲပြီး တစ်ခြားဟာတွေ စိုက်ဖို့မလိုဘူး။ အဲ့နေရာကို လူနေဧရိယာအဖြစ်သုံးရမယ်”

“မွေးမြူရေးဧရိယာနဲ့ စိုက်ပျိုးရေးဧရိယာကို တောင်ရဲ့ အနောက်ဘက်မှာထားရမယ်။ အိုး..ဟုတ်ပြီ မုန့်မုန့်နဲ့ ကစားဖို့ အိမ်မွေးတိရိစ္ဆာန်လေးတွေ မွေးထားလို့ရတာပဲ။ ဒါကြောင့် အိမ်မွေးတိရိစ္ဆာန်အတွက် ဧရိယာတစ်ခုချန်ထားရမယ်”

“တောင်ရဲ့ အရှေ့ဘက်ကိုတော့ အပန်းဖြေဧရိယာ အဖြစ် သတ်မှတ်နိုင်တယ်။ အပန်းဖြေဧရိယာမှာ ရေကူးကန်၊ ဂေါက်ကွင်း ဒါမှမဟုတ် တခြားတစ်ခုခုကို ဆောက်လို့ရတယ်”

“နေရာက မျက်စိပသာဒဖြစ်ရမယ်။ ဒါကြောင့် ရှုခင်းနေရာလည်းထားရမယ်။ ရှုခင်းမှာ ပန်းလှလှလေးတွေ အပင်လေးတွေ သစ်ပင်တွေ စိုက်လို့ရတယ်။ ရောမငါးကန်ကြီးတစ်ခုကိုလည်း ထားပြီး ထူးထူးခြားခြားငါးတစ်ချို့ကိုလည်း မွေးမြူထားလို့ရသေးတယ်။ ပြီးရင် ကြာပန်းစိုက်ဖို့ ရေကန်လုပ်ရမယ်။ နောက်ဆုံးအနေနဲ့ ရှုခင်းကြည့်လို့ကောင်းမဲ့ ရေပြင်ပေါ်မှာ ခြံတစ်ခုဆောက်လို့ရတယ်”

“ပင်လယ်ရေပြင်ဧရိယာကို ငါလုပ်နိုင်ရင် အကောင်းဆုံးဖြစ်မှာ။ ဒါပေမဲ့ ပင်လယ်ရေပြင်ဧရိယာလုပ်ဖို့က တော်တော်ခက်တယ်။ လောလောဆယ် အဲ့ကိစ္စကို စဉ်းစားဖို့ မလိုသေးဘူး။ အရံဧရိယာနှစ်ခုအတွက် တစ်ခုကို တောင် အနောက်မှာထားပြီး တစ်ခုကို တောင်အရှေ့ဘက်မှာ ထားရမယ်”

အဲ့ဒါတွေအကုန် ချရေးပြီးတာနဲ့ ကျန်းဟန် သူရေးထားသည်မှာ ပြဿနာတစ်ခုခုရှိမရှိစစ်ဖို့ စတင်ဖတ်ရှုလိုက်သည်။ ဖတ်ပြီးသွားသည်နှင့် ချက်ချင်းကြောင်တက်တက်ဖြစ်သွား၏။

"မွေးမြူရေးဧရိယာ၊ စိုက်ပျိုးရေးဧရိယာ၊ အိမ်မွေးတိရိစ္ဆာန်နေရာ၊ အပန်းဖြေနေရာ၊ ရှုခင်းကြည့်ဖို့နေရာ၊ ပင်လယ်ရေပြင်ဧရိယာနဲ့ အရန်ဧရိယာ"

နောက်ဆုံး အရန်နယ်မြေနှစ်ခုကို ထည့်အတွက်ပဲ ရှေ့က ခြောက်ခုနဲ့နှင့် တော်တော်များနေပြီဖြစ်သည်။ လိုအပ်သည် ပမာဏက အလွန်များနေပြီး ယန်-မိုးကြိုးသစ်ပင်မှာ ထိုမျှလောက် စွမ်းအင်မရှိပေ။

ယန်-မိုးကြိုးသစ်ပင် စိုက်ပျိုးချိန်အတွင်း ယန်-မိုးကြိုးသစ်ပင်သည် တောင်ကို သူ၏ဒိုမိန်းနယ်မြေအဖြစ်မှတ်ယူပြီး ထိုဧရိယာကို ပြောင်းလဲရန် ပထမအကြိမ် စွမ်းအင်ကို ထုတ်လွှတ်သည်။ ထို့နောက်တွင် ယန်-မိုးကြိုးသစ်ပင်သည် စွမ်းအင်ပြန်လည်ဖြည့်တင်းမည်ဖြစ်ပြီး လုံလောက်သောစွမ်းအင်ကိုစုပ်ယူပြီးပါက ကိုယ်ပိုင်နယ်မြေကို ပြောင်းလဲရန် ဒုတိယအကြိမ်ထုတ်လွှတ်ပေးမည်ဖြစ်သည်။ ထိုသံသရာသည် ထပ်ခါထပ်ခါ ဖြစ်ပေါ်ပြီး နောက်ဆုံးတွင် ယန်-မိုးကြိုးသစ်ပင်သည် နယ်မြေနှင့် ပေါင်းစည်းကာ သုခဘုံတစ်ခုဖြစ်လာမည် ဖြစ်သည်။

သို့သော် နယ်မြေကို ပြောင်းလဲရန် အခွင့်အရေးသုံးကြိမ်သာ ရှိသည်။

-C 7 End

wunzinnosp

## အပိုင်း(၈) နယ်မြေစီမံကိန်း

ကျန်းဟန်သည် သူလိုချင်သည့်အတိုင်း ဒိမိန်းနယ်မြေကို ပြောင်းလဲရန် အခွင့်အရေးသုံးကြိမ်ရှိသည်။ တတိယအကြိမ်ပြီးလျှင်တော့ ကုန်းမြေအတွက် သူလုပ်ချင်တာမှန်သမျှ ကိုယ့်လက်နဲ့ကိုယ်လုပ်ရမည်ဖြစ်သည်။

ပြောင်းလဲခြင်း၏စွမ်းအားသည် အဆုံးမဲ့ မဟုတ်ချေ။ ယန်မိုးကြိုးသစ်ပင်၏ စွမ်းအင်မှာ အကန့်အသတ်နှင့်ဖြစ်ပြီး ကျန်းဟန်သည် ချီစုဆောင်းခြင်းအဆင့်သို့ တက်လှမ်းရန် စွမ်းအင်၏ တစ်စိတ်တစ်ပိုင်းကို စုပ်ယူဖို့လိုအပ်သည်။ သူ့အတွက်လိုအပ်သော စိတ်ဝိညာဉ်စွမ်းအင်သည်ပင် စုစုပေါင်းစွမ်းအင်၏ တစ်ဝက်ကျော်နေပြီဖြစ်သည်။ ထို့အပြင် တောင်ထိပ်တွင်စိုက်မည့် ယွမ်ကျင်းသစ်ပင်သည် ကောင်းကောင်း ကြီးထွားလာရန် စွမ်းအင် ၂၀ရာခိုင်နှုန်းလိုအပ်သည်။

အဲ့ဒါတွေအားလုံးစဉ်းစားပြီးနောက် ကျန်ရှိသည့် စိတ်ဝိညာဉ်စွမ်းအင်ပမာဏသည် ထိုဇရိယာနယ်မြေများကို အပြည့်အဝထောက်ပံ့ပေးနိုင်မည်မဟုတ်ပေ။

"အဲ့ဒါမှ ပြဿနာပဲ"

ကျန်းဟန်သည် စိတ်ပူပန်စွာဖြင့် ခေါင်းကို ပွတ်သပ်လိုက်သည်။ အရာအားလုံးကို တစ်ကြိမ်တည်းနှင့် ရယူရန်စိတ်ကူးကို စွန့်လွှတ်ဖို့ကလွဲပြီး သူတွင် ရွေးချယ်စရာမရှိပေ။

"မေ့ထားလိုက်တော့။ အစားသောက်ကို တစ်ကြိမ်မှာ တစ်လုတ်ပဲစားပြီး လမ်းကိုလည်း တစ်လှမ်းချင်းလျှောက်ရမှာပဲ။ ပြီးတော့ မုန့်မုန့်က ငယ်သေးတယ်။ ကျေးလက်လူနေမှုပုံစံကို လုပ်ဖို့မလိုအပ်သေးဘူး"

ရွေးချယ်စရာမရှိပဲ ကျန်းဟန်သည် လူနေအိမ်၊ အပန်းဖြေဇရိယာနှင့် ရှုခင်းကြည့်ဇရိယာတို့ကို ခေတ္တ ဘေးဖယ်ထားလိုက်သည်။ အိမ်မွေးတိရိစ္ဆာန်နေရာကို လည်း

ဆိုင်ငှံထားသည်။ အဓိကဦးစားပေးမှာ စိုက်ပျိုးရေးဇရိယာနှင့် မွေးမြူရေးဇရိယာကို အခြေကျသွားရန်ဖြစ်သည်။

အစီအစဥ်ဆွဲပြီးသောအခါ ကျန်းဟာန်သည် ဝဘ်ဆိုဒ်စာမျက်နှာပေါ်သို့သွားလိုက်ပြီး အမျိုးမျိုးသော တောင်များ၏ အရွယ်အစားနှင့် အနေအထားကို ကြည့်ရန် ဟောင်ကောင်၏ဂြိုလ်တုမြေပုံကိုဖွင့်လိုက်သည်။

ဟောင်ကောင်မှာ ရှိတဲ့တောင်အရေအတွက်မှာ များပြားသည်ဟုဆိုရပေမည်။ သို့သော် ဘဝကိုပျော်ရွှင်စွာဖြတ်သန်းလိုသူတစ်ဦးအနေဖြင့် ပထမဆုံးရွေးချယ်မှုမှာ ပင်လယ်ရှုခင်းနှင့် တောင်များဖြစ်သည်။

အချိန်အတော်ကြာ ရှာဖွေပြီးနောက် ကျန်းဟာန်သည် တောင်အများစုတွင် အလွန်ကြီးမားသော မျက်နှာပြင်ဧရိယာရှိကြောင်း တွေ့ရှိခဲ့သည်။ ပြီးပြည့်စုံသော ပညာရှင်တစ်ယောက်အနေဖြင့် ကျန်းဟာန်သည် မျက်နှာပြင်အရမ်းမကျယ်လွန်းသောတောင်ကို

ရှာဖွေလိုသော်လည်း တစ်ချိန်တည်းတွင် ကျန်းဟန်၏ လိုအပ်ချက်များဖြင့် ကိုက်ညီသည့် အရွယ်အစား အထိ လုံလောက်အောင် ကြီးမားဖို့လိုလေသည်။

တစ်နာရီခန့် ကြည့်ရှုလိုက်ပြီးနောက် ကျန်းဟန်သည် စာရွက်ပေါ်တွင် လိပ်စာ ၇ ခုကို ချရေးခဲ့သည်။

အရွယ်အစားမှန်ကန်ပြီး ပင်လယ်ကို မျက်နှာမူထားသော တောင်များဖြစ်သည်။

"ဒီတောင်တွေထဲက ရတနာနယ်မြေတစ်ခုလောက်ရှာတွေ့ဖို့ မျှော်လင့်ပါတယ်"

ကျန်းဟန် သူ့ကိုယ်သူ ရေရွတ်လိုက်သည်။ ပင်ပန်းနေပြီဖြစ်သဖြင့် ကျန်းဟန် အနားယူရန်ဆုံးဖြတ်လိုက်သည်။

မတ်တပ်ထရပ်လိုက်သည်နှင့် သူ၏ဖုန်းမှာ မြည်လာသည်။

ဒီလောက်နောက်ကျနေပြီကို ဘယ်သူက ခေါ်တာလဲ?

ကျန်းဟန် အိတ်ကပ်ထဲမှ ဖုန်းကိုထုတ်လိုက်ပြီး ခေါ်ဆိုသူကိုတွေ့လိုက်သည့်အခါ ခဏလောက် ကြောင်သွားသည်။

ဇီယန်လား?

ဖုန်းထဲမှတဆင့် ဇီယန်၏ ကျယ်လောင်သော အသံက ထွက်ပေါ်လာသည်။

“ရှင်ဘယ်မှာလဲ”

“ငါအခု ဟိုတယ်မှာ” ကျန်းဟန် အေးအေးဆေးဆေးပြန်ဖြေလိုက်သည်။

အမှန်တိုင်းပြောရလျှင် ကျန်းဟန်၏ခံစားချက်များမှာ အနည်းငယ်ဝေခွဲမရဖြစ်နေသည်။ သူသည် ဇီယန်အား အခြားသူများနှင့်ဆက်ဆံသကဲ့သို့ ဘာသိဘာသာ မဆက်ဆံနိုင်ပေ။

ဖြစ်နိုင်တာက သူက မုန့်မုန့်ရဲ့အမေဖြစ်လို့များလား...

ကျန်းဟန်တွေးလိုက်သည်။

ဇီယန်နဲ့ဆက်ဆံရင် အတုအယောင်တွေမပါပဲ ငါ့ရဲ့နှလုံးသားအတိုင်း လိုက်နာတာအကောင်းဆုံးပဲ'

"ဟိုတယ်လား"

ဇီယန်မျက်ခုံးတွန့်သွားပြီး တွေးလိုက်သည်။

ကြည့်ရတာ ဒီခေါင်းမာတဲ့ကောင်က အမ်မလီကို အတော်ဂရုစိုက်ပုံရတယ်။ မဟုတ်ရင် သူ့ရဲ့ရုပ်ပွနေတဲ့အိမ်ကို ထားခဲ့ပြီး ဟိုတယ်မှာ သွားနေမှာမဟုတ်ဘူး

"ရှင် ဘယ်ဟိုတယ်မှာလဲ" ဇီယန်၏ အသံမှာ တည်ငြိမ်သွားသည်။

"ဖူရှီဟိုတယ်" ကျန်းဟန်ပြန်ဖြေလိုက်သည်။

ကျန်းဟန်သည် သူမနှင့်ရိုးရိုးသားသားစကားပြောရန် စိတ်ဝင်စားသည့်ပုံမပေါ်သဖြင့် ဇီယန်ဒေါသမထွက်ပဲမနေနိုင်။

ကျွန်မကတော့ရှင့်ကို စိတ်ရှည်လက်ရှည်နဲ့စကားပြောခဲ့ပြီး ရှင်ကတော့ အေးတိအေးစက်နဲ့ ပြောနေတာတော့ မကောင်းပါဘူး။ ဒါက ဘာအဓိပ္ပာယ်လဲ

“ကျွန်မရဲ့ WeChat မှာ တည်နေရာပို့ပေးလိုက်”

စကားပြောပြီးနောက် ဇီယန် မျက်လုံးကိုမှိတ်လိုက်ပြီး ဖုန်းချလိုက်၏။

“ဒီမိန်းမက ဘာကိစ္စရှိလို့လဲ” ကျန်းဟာန် အနည်းငယ်စိတ်ရှုပ်သွားပြီး နှုတ်ခမ်းကို တွန့်ကာ တွေးလိုက်သည်။ သူ အခုပဲ ဟောင်ကောင် ကိုရောက်တယ် ဇီယန်က သူ့ဆီ လာတော့မှာလား။

ငါ ဟောင်ကောင် ကိုရောက်နေတယ်ဆိုတာ သူဘယ်လိုသိတာလဲ

ဟုတ်သားပဲ သူ မုန့်မုန့်နဲ့ဖုန်းပြောတုန်းက လေဆိပ်က ကြေငြာချက်ကို ကြားခဲ့တာဖြစ်မယ်

သူ့ဖုန်းမှ WeChat ကိုဖွင့်လိုက်ပြီး တည်နေရာကို ဇီယန်ထံချက်ချင်းပို့လိုက်သည်။

နှစ်စက္ကန့်အကြာတွင် ဖုန်းက နောက်တစ်ကြိမ်ထပ်မြည်လာပြီး ကျန်းဟာန် ပြန်ဖြေလိုက်သည်။

"ကျန်းဟန်!" ဇီယန်၏ ဒေါသထွက်နေသောအသံသည် ဖုန်းထဲသို့ရောက်လာသည်။

"ဘာဖြစ်တာလဲ"

"ရှင် ဟောင်ကောင်ကို ရောက်နေတာ ဘာလို့ကျွန်မကို မပြောတာလဲ။ ရှင် အမ်မလီကို ဘာလို့ ဟောင်ကောင်ကိုခေါ်သွားတာလဲ။ ရှင်လုပ်တာ ကျွန်မ ပေကျင်းကို အပြေးအလွှားသွားလိုက်ရတယ်"

ဤကိစ္စသည် သူမ၏သွားများ ယားလာသည်အထိ ဒေါသထွက်စေခဲ့သည်။ တစ်နေ့ကုန် ကုမ္ပဏီမှာကတည်းက ပင်ပန်းနေပြီသည်။ ယခုတော့ သူမ ပေကျင်းသို့ အပြေးအလွှားသွားလိုက်ရပြီး နားပင်မနားရသေးပေ။

"မင်းကမှ မမေးတာ" ကျန်းဟန်သည် အပြစ်ကင်းသည့်လေသံဖြင့်ပြောလိုက်သည်။

"ကျွန်မကမမေးတာနဲ့ပဲ ရှင်ကျွန်မကို မပြောတော့ဘူးလား" ဇီယန် ပို၍ဒေါသထွက်လာပြီး အံကိုကြိတ်ကာ ပြောလိုက်သည်။

“ရှင်...ရှင်စောင့်နေလိုက် တွေ့မယ်” သူမပြောပြီး ဖုန်းချလိုက်သည်။

“စိတ်ဆိုးသွားတာလား?”

ကျန်းဟန် ကိုယ်ကိုဆန့်လိုက်ပြီး သူ၏ခန္ဓာကိုယ်မှ ပင်ပန်းနွမ်းနယ်မှုကို ခံစားနေရသည်။ ကျန်းဟန် အိပ်ယာဆီသို့လျှောက်သွားရင်း သူဟာသူ တိုးတိုးလေးရေရွတ်လိုက်သည်။

“ဖြစ်နိုင်တာက အဲ့ဒီအချိန်ဖြစ်မယ်ထင်တယ်”

(မိန်းကလေးတွေ ဒေါသထွက်တတ်တာ ဘယ်အချိန်လဲ သိတယ်မလား)

......

ဟိုးအဝေးတစ်နေရာ ပေကျင်းရှိ ကျန်းဟန်နေထိုင်သော တိုက်ခန်းအောက်တွင် “အစ်မ သူက ဟောင်ကောင်ကို ရောက်သွားပြီဆိုတော့ ငါတို့ဘာလုပ်ကြမလဲ။ ဟောင်ကောင်ကို ပြန်ဖို့ လေယာဉ်လက်မှတ် ကြိုမှာလိုက်ရမလား”

သူမ၏သမီးနှင့် ပတ်သက်လာလျှင် ဇီယန်သည် အမြဲတမ်း ပြတ်ပြတ်သားသားလုပ်ခဲ့သည်။

အလွန်နောက်ကျနေပြီဖြစ်သော်လည်း ဇီယန်သည် မုန့်မုန့်အတွက် ဟောင်ကောင်သို့ အလျှင်စလိုပြန်သွားရလျှင်ပင် မည်သို့မျှစိတ်ရှိမည်မဟုတ်ကြောင်း ကျိုးဖေး သိသည်။

"ထားလိုက်တော့ အရင်းဆုံးအနားယူဖို့ ဟိုတယ်တစ်ခုရှာရအောင်။ မနက်ဖြန်မှပဲ ငါတို့ပြန်ကြမယ်"

ဟိုတယ်သို့သွားရာလမ်းတွင် ဇီယန်သည် အတွေးနက်နေခဲ့သည်။

သူက ပေကျင်းကနေ ထွက်သွားဖို့ဆန္ဒရှိတာလား။

ဇီယန်တွင် ပေကျင်းမှာနေထိုင်သည့် သူငယ်ချင်းအချို့ရှိသည်။ ထို့နောက်တွင် သူမသည် သခင်လေးကျန်း၏ အခြေအနေကို ပိုမိုနားလည်လာသည်။

ကျန်းဟန်သည် ခေါင်းမာပြီး ပေကျင်းကနေ ထွက်သွားရန် ဆန္ဒမရှိကြောင်း သူမသိသည်။

သူ့သမီးလေးကြောင့်လည်းဖြစ်နိုင်တယ်။

ဟောင်ကောင်ကို သွားဖို့ သူရွေးချယ်လိုက်တာ ငါ့ကြောင့်ဖြစ်မှာလား?

ဇီယန်၏ခံစားချက်များ အနည်းငယ်လှုပ်ခတ်သွားသည်။

......

နောက်တစ်နေ့မနက်တွင် ကျန်းဟန်အိပ်ပျော်နေစဉ် မုန့်မုန့်၏ငိုသံကြောင့် နိုးလာပြန်သည်။

"မုန့်မုန့်လေး ဘာဖြစ်လို့လဲ"

ကျန်းဟန်သည် မင်းသမီးလေးကို ပွေ့ချီရင်း နူးညံ့စွာပြောလိုက်သည်။

"သမီး အိပ်မက်ဆိုးတွေ မက်ပြန်ပြီလား"

မုန့်မုန့်သည် ပြန်မဖြေပဲ ငိုသာငိုနေခဲ့သည်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်ပြီးနောက် ပြဿနာက ဘာလဲဆိုတာ ကျန်းဟန်သိလိုက်သည်။

မင်းသမီးလေး၏ အိပ်ယာမှာစိုစွတ်နေပြီး သူမလေး၏ တစ်ခါသုံးဒိုက်ပါ မှာလည်း တစ်ခုလုံးနီးပါး ရွှဲနေသည်။

"ဖေဖေ သမီးရဲ့ ဘောင်းဘီကို လဲပေးမယ်။ မငိုနဲ့တော့နော်"

ကျွန်းဟန်သူမလေး၏အဝတ်စားများကို အပြေးအလွှားလဲပေးလိုက်သည်။

ထို့နောက် ကျွန်းဟန် သူမအတွက် နွားနို့တစ်ခွက်ဖျော်ပေးလိုက်ပြီး မင်းသမီးလေးသည် နွားနို့သောက်ပြီးမှသာ အငိုတိတ်သွားသည်။

မင်းသမီးလေးမှာ ရှက်နေသည်ကို မြင်လိုက်သောအခါ ကျွန်းဟန်ပြုံးကာပြောလိုက်သည်။

"မုန့်မုန့် သမီးက လေးနှစ်တောင်မပြည့်သေးဘူး။ အသက်ငါးနှစ်အောက်ကလေးတွေ အိပ်ယာထဲမှာ ရှူးပေါက်တာက ပုံမှန်ပါပဲ"

"အိုး..." မုန့်မုန့်သည် သူမ၏ခန္ဓာကိုယ်လေးကို တွန့်လိမ်လိုက်သည်။

"ဟားဟား..." ကျွန်းဟန် သူမလေး၏ခေါင်းကို ပွတ်ပေးရင်း ရယ်လိုက်သည်။

"ဖေဖေ ဒီနေ့သမီးကို ကစားကွင်းလိုက်ပို့ပေးမယ်။ ဖေဖေတို့ Disneyland ကို သွားကြမယ်"

"အမ်" မုန့်မုန့် ခဏတာ မှင်တက်သွားပြီး သူမ၏ နို့ပုလင်းကို ချလိုက်ပြီး ဝမ်းသာအားရလက်ခုပ်တီးကာ "ဟေး...ကောင်းတယ် Disneyland ကိုသွားပြီး ကစားကြမယ်"

"သွားစို့ အန်တီ့ကိုသွားနှိုးရအောင်" ကျွန်းဟန် မုန့်မုန့်ကို ပွေ့ချီပြီး ဒုတိယအိပ်ခန်းဆီသို့ လျှောက်သွားလိုက်သည်။

ကျွန်းဟန်၏လမ်းညွှန်မှုအောက်တွင် မုန့်မုန့်သည် သူမ၏ချိုသာသော အသံလေးဖြင့် အော်လိုက်သည်။

"အန်...အန်..တီ နေဖင်ထိုးနေပြီး ခုထိအိပ်နေတုန်းပဲလား? ရှက်စရာကြီး ။ အန်တီမထသေးရင် သမီးတို့ ကိုယ့်ဘာသာပဲ သွားကစားကြတော့မယ်"

ကျွန်းလီ နိုးလာသည်။ သူမနာရီကိုကြည့်လိုက်ရာ မနက် ၈ နာရီပဲရှိသေးသည်ကို မြင်ပြီး သက်ပြင်းချလိုက်သည်။

သပ်သပ်ရပ်ရပ်ပြင်လိုက်ပြီး ကျွန်းလီသည် တံခါးဖွင့်ကာ ထွက်လာသည်။ ကျွန်းဟန်နှင့်မုန့်မုန့် တို့သည် ဆိုဖာပေါ်တွင်

လှည့်ပတ်ကစားနေသည်ကို တွေ့လိုက်ပြီးနောက် ကျန်းဟန်ကို မျက်လုံးလှန်ကြည့်လိုက်ပြီး မကျေမနပ်ဖြင့်

"အစ်ကို အခုမှ မနက် ၈ နာရီပဲရှိသေးတယ်ဆိုတာ သိရဲ့လား"

" '၈ နာရီပဲရှိသေးတယ်' ဆိုတာက ဘာသဘောလဲ။ မနက် ၈ နာရီတောင်ထိုးနေပြီ မင်းကအိပ်နေတုန်းပဲ။ မြန်မြန်သွားပြီး ရေသွားချိုးလိုက်။ ခဏနေရင် ငါတို့ Disneyland ကိုသွားတော့မှာ" ကျန်းဟန်ပြောလိုက်သည်။

"ဟုတ်ပါပြီ ဟုတ်ပါပြီ ငါမြန်မြန်လုပ်ပါ့မယ်" ကျန်းလီ မျက်မှောင်ကြုတ်လိုက်သည်။

ကျန်းလီရေချိုးပြီးနောက် သူတို့ ထွက်ခါနီးတွင် မင်းသမီးလေး၏ ဝတ်ပုံစားပုံမှာ လွဲမှားနေသည်ကို မြင်လိုက်ပြီး ခေါင်းယမ်းကာ

"မဖြစ်သေးပါဘူး။ အစ်ကို မုန့်မုန့်အတွက် ဂျာကင်တစ်တည်လောက် ယူလာမှရမယ်"

“ဘာအတွက် ဂျာကင်ယူလာရမှာလဲ” ကျန်းဟန်မေးလိုက်သည်။

ဟောင်ကောင်မှာ အပူချိန်တော်တော်မြင့်ပေသည်။ ယခုအချိန်မှာ ဆောင်းဦးရာသီဖြစ်သော်လည်း လမ်းလျှောက်ခြင်းသည် ချွေးထွက်စေ၏။

“ငါတို့ Disneyland ကိုသွားမှာမဟုတ်ဘူးလား? Disneyland ရဲ့အပူချိန်က အတွင်းမှာ အေးပြီး အပြင်မှာ တော်တော်ပူတယ်။ အပူချိန်အပြောင်းအလဲကြောင့် မုန့်မုန့်အအေးမိရင် ဘယ်လိုလုပ်မလဲ။ အစ်ကို... မင်းကအဖေတစ်ယောက်ဖြစ်နေပြီ။ ဒီလိုမျိုးကိစ္စတွေကို သတိထားရမယ်” ကျန်းလီပြောလိုက်သည်။

“အိုး ညီမလေးပြောတာမှန်တယ်” ကျန်းဟန်ခေါင်းညိတ်လိုက်ပြီး အခန်းထဲသို့ပြန်ဝင်ကာ မုန့်မုန့်အတွက် ကာတွန်းပုံနှင့်ဂျာကင်တစ်ထည်ကို ယူလိုက်သည်။

ဟိုတယ်စားသောက်ဆိုင်တွင် ရိုးရှင်းသောမနက်စာကို စားပြီးနောက် ကျန်းဟန်သည် သူ၏သမီးဖြစ်သူအား Disneyland သို့ခေါ်ဆောင်ကာ သူတို့၏ပထမဆုံးအပန်းဖြေခရီးကို စတင်ခဲ့သည်။

ကျန်းဟန်သည် ဟောင်ကောင် ၏ Disneyland သို့ ယခင်က မရောက်ဖူးသောကြောင့် ကျန်းလီအား အိမ်ရှင်(နယ်ခံ)အဖြစ်လက်ခံလိုက်သည်။

Disneyland ၏ဝင်ပေါက်တွင် ကျန်းဟန်သည် မင်းသမီးလေးအား ပွေ့ချီကာ အရိပ်ထဲတွင် ရပ်နေပြီး ကျန်လီသည်တော့ လက်မှတ်ဝယ်ရန် နေပူကြီးထဲတွင် တန်းစီနေရသည်။

Disneyland သည် ကမ္ဘာတစ်ဝှမ်းလုံးတွင် ပထမတန်းစား အပန်းဖြေကစားကွင်းတစ်ခုဖြစ်သည်။ သာမန်ပန်းခြံများတွင်ရှိသည့် ချားရဟတ် မရှိသော်လည်း ဤနေရာတွင် ကလေးများကစားရန်

ရွေးချယ်စရာပိုမိုများပြားသည်။ ဒဏ္ဍာရီပုံပြင်တိုင်းကို ကလေးများအားလုံးနီးပါး နှစ်သက်ကြသည်။

သို့သော် မုန့်မုန့်သည် အသက် ၃ နှစ်သာရှိသေးပြီး အရုပ်က တစ်မီတာပင် မရှိသေးချေ။ ထို့ကြောင့် သူမလေး မကစားနိုင်သည့် အရာများက အလွန်များနေသည်။

"ဝါး... လူတွေအများကြီးပဲ။ ဖေဖေ အဲ့ဒီ မိုးပျံပူပေါင်းကြီးကိုကြည့်ပါဦး။ အကြီးကြီးပဲ.. ဖေဖေ ဟိုမှာကြည့်..ဟိုမှာကြည့်..."

မုန့်မုန့်သည် သူမ၏မျက်လုံးရွဲကြီးများဖြင့် နေရာတိုင်းကို စူးစူးစိုက်စိုက်လိုက်ကြည့်နေပြီး တခစ်ခစ်ရယ်မောနေသည်။

Disneyland သို့ဝင်ရောက်ရာတွင် ပထမဆုံးမှတ်တိုင်မှာ U.S.A မိန်းလမ်း ဖြစ်သည်။ လမ်း၏ဘေးနှစ်ဖက်စလုံးတွင် အမှတ်တရပစ္စည်းများရောင်းချသည့် ဆိုင်များရှိသည့် ဈေးလမ်းတစ်ခုဖြစ်သည်။ ကျန်းဟန်သည် ဤနေရာ၌ အချိန်ဖြုန်းရန်မရှိပဲ ကျန်းလီအား သူနှင့်မုန့်မုန့်ကို ဓာတ်ပုံအနည်းငယ်ရိုက်ပေးရန် တောင်းဆိုခဲ့သည်။

ခါတ်ပုံရိုက်ပြီးသည်နှင့် ဒုတိယမှတ်တိုင်ဖြစ်သည့် Forntierland သို့ ချက်ချင်းသွားလိုက်ကြသည်။

“ဖေဖေ” မုန့်မုန့်သည် သနားစဖွယ်အကြည့်လေးဖြင့် ရိုလာကိုစတာကို လက်ညှိုးထိုးပြီး “ဘာလို့ မကစားတာလဲ” ဟု မေးလေသည်။

“ဘာလို့လဲဆိုတော့ မုန့်မုန့်က ငယ်သေးတယ်လေ။ သမီးအရပ် ၁.၁ မီတာရှည်လာတဲ့အထိစောင့်ပါဦး။ အဲ့ဒါဆို သမီး စီးလို့ရပြီ” ကျန်းလီက ပြုံး၍ပြောရင်း မုန့်မုန့်၏ပါးကို ဆွဲလိုက်သည်။

ရိုလာကိုစတာ မစီးနိုင်သဖြင့် Geyser Gulch ကိုသွားဖို့ကလွဲပြီး ရွေးစရာမရှိတော့ပေ။ Geyser Gulch တွင် ဓါတ်ပုံအနည်းငယ်ရိုက်ပြီးနောက် Mystic Manor သို့ ရောက်ခဲ့ကြသည်။

“ဖေဖေ သမီးကြောက်တယ်”

မုန့်မုန့်သည် သူမ၏မျက်လုံးရွဲကြီးများဖြင့် ပတ်ဝန်းကျင်ကို လိုက်ကြည့်ရင်း ကျန်းဟန်၏ရင်ခွင်ထဲသို့ ကျုံ့ဝင်လာသည်။

Mystic Manor ၏ ဖန်တီးမှုသည် အလွန်ကောင်းမွန်ပြီး အကျိုးသက်ရောက်မှုမှာလည်း အတော်လေးကောင်းသည်။ အေးစက်သောလေထုသည် မင်းသမီးလေးအား ကြောက်ရွံ့သွားစေသည်။

"ဒါဆို တခြားနေရာကို သွားကစားရအောင်" ကျန်းဟန်ပြုံးပြုံးလေးပြောလိုက်ပြီး မင်းသမီးလေးကို အံ့ဖွယ်ဥယျာဉ်သို့ ခေါ်သွားလိုက်သည်။ အံ့ဖွယ်ဥယျာဉ်သည် ဓာတ်ပုံရိုက်ရန်နေရာကောင်းတစ်ခုဖြစ်သည်။ သို့သော် အံ့ဖွယ်ဥယျာဉ်တွင် လျှောက်လည်ပြီးနောက် သူတို့ပျင်းလာကြသည်။

"၁၂ ထိုးခါနီးနေပြီ။ Adventureland ကိုသွားကြရအောင်။ နေ့လည် ၁၂ နာရီမှာ ခြင်္သေ့ဘုရင်ရဲ့ ဖျော်ဖြေတင်ဆက်မှုရှိတယ်"

"ဝေး..."

မင်းသမီးလေးသည်ပျော်ရွှင်စွာအော်ဟစ်လိုက်ပြီး သူမ၏လက်ကလေးကို ကောင်းကင်ပေါ်သို့မြှောက်လိုက်သည်။

ဖျော်ဖြေပွဲသည် အင်္ဂလိပ်လိုဖြစ်သည်။ အင်္ဂလိပ်စကားပြောတွင် အခြေခံအဆင့်သာရှိသော ကျွန်းဟန်အတွက် ရိုးရှင်းသော စကားလုံးများကိုသာ ပြောဆိုနိုင်သည်။

မုန့်မုန့်သည်တော့ မြောက်အမေရိကတွင် မွေးဖွားခဲ့သူဖြစ်ပြီး အင်္ဂလိပ်စကားကို ကောင်းမွန်စွာနားလည်နိုင်သည်။

-C 8 End

wunzinnosp

## အပိုင်း(၉) Disneyland မှာ ကစားမယ်

စင်မြင့်ပေါ်ရှိ ခြသေ့ဘုရင်သည် ၎င်း၏ခန္ဓာကိုယ်ကို အဆက်မပြတ် လှုပ်ခါပြသနေစဉ် ပရိသတ်များထံသို့ ပြေးသွားသည်။ ခြသေ့ဘုရင်သည် မုန့်မုန့်ရှေ့သို့လားလာသောအခါ ခြသေ့ဘုရင်ဝတ်စုံဝတ်ထားသော် သရုပ်ဆောင်သည် အသံနက်ကြီးဖြင့်

“ကလေးတွေ ငါမင်းတို့ကို စားပစ်လိုက်မှာ မကြောက်ဘူးလား”

လူတိုင်း၏အကြည့်များက သူမထံသို့ရောက်ရှိနေသည်ကို မြင်တော့ မုန့်မုန့်သည် ရက်ရွံ့ကာ ကျန်းဟန်၏အကျႌများဖြင့် သူမမျက်နှာကို ဖုံးကွယ်ပြီး ရက်ရွံ့စွာပြောလိုက်သည်။

“မကြောက်ပါဘူး ငါ့မှာ ဖေဖေရှိတယ်”

ခြသေ့ဘုရင်သည် သူ၏အသံနက်ကြီးဖြင့် ပြန်ပြောလိုက်သည်။

“ဝေါင်း ဝေါင်း ဝေါင်း ငါမင်းကို စားပြီးရင် မင်းရဲ့ဖေဖေကိုလည်း တစ်ခါတည်းစာပစ်မယ်”

"မရဘူး" မုန့်မုန့်သည် ကျွန်းဟန်အားဖက်လိုက်ပြီး သူမ၏ဖေဖေကို ကာကွယ်ပေးသကဲ့သို့ သူ့ရှေ့မှာ ရပ်လိုက်သည်။

၎င်းကိုမြင်တော့ ကျွန်းဟန်ပြုံးလိုက်ပြီး ခေါင်းငုံ့ မုန့်မုန့်၏နားရွက်နားသို့ ကပ်ကာ တိုးတိုးလေးပြောလိုက်သည်။

မုန့်မုန့်သည် ခေါင်းမော့လိုက်ပြီး သူမ၏ကြည်လင်သော မျက်လုံးဝိုင်းကြီးများကို မှိတ်ကာ ခြသေ့်ဘုရင်အား ကြည့်၍ ချစ်စရာအသံဖြင့်ပြောလိုက်သည်။

"ဟမ့်...မင်းလိုအင်းစက်လေးက ငါ့ကိုကြောက်လန့်အောင် ကြိုးစားရဲတယ်ပေါ့။ ဖေဖေက မင်းကို ရိုက်နှက်ပြီး အဝေးကို လွှင့်ပစ်လိုက်မယ်ဆိုတာ မင်းသိလား"

ဒါကိုမြင်တော့ ပရိသတ်အာလုံး မရယ်ပဲမနေနိုင်ကြပေ။ မုန့်မုန့်၏ချစ်စရာကောင်းသည့် အသွင်အပြင်ကြောင့် သူတို့အားလုံး အရည်ပျော်သွားကြသည်။

ပရိသတ်များက မုန့်မုန့်ပြောသည်မှာ ဟာသလုပ်နေသည်ဟုထင်ကြသော်လည်း သူတို့မသိသည်က ဒါသည် ကျန်းဟန်၏ ထူးခြားသည့် ကျန်းမိသားစု၏သင်ကြားမှုပုံစံ ဖြစ်သည်ကိုပင်။

"ဟားဟားဟား တကယ်ကို ချစ်ဖို့ကောင်းတဲ့ မင်းသမီးလေးပဲ" ခြသေ့်ဘုရင်က ပြောပြီး သူ၏ဖျော်ဖြေမှုကို ဆက်လုပ်ရန် အခြားကလေးများရှေ့သို့သွားလိုက်သည်။

ဖျော်ဖြေပွဲသည် ရယ်မောသံများဖြင့် ပြီးဆုံးသွားခဲ့သည်။ Disneyland သို့ရောက်သည်မှာ သုံးနာရီခန့်ရှိပြီမို့ ကျန်းဟန်သည် မုန့်မုန့်လေး ပင်ပန်းနေမည်ကို စိုးရိမ်သည်။ ထို့ကြောင့် သူမကို အနားယူ စားသောက်ရန် စားသောက်ဆိုင်သို့ ခေါ်သွားလိုက်သည်။

နေ့လည် ၂ နာရီတွင် ကျန်းလီ၏ဦးဆောင်မှုဖြင့် ကျန်းဟန်သည် မုန့်မုန့်အား Toy Story Land သို့ခေါ်ဆောင်လာခဲ့သည်။

ပထမဆုံး အပန်းဖြေပစ္စည်းမှာ Toy Soldier Parachute Drop ဖြစ်သည်။ အမြင့်ကြောက်သောမုန့်မုန့်သည် ကြောက်ရွံ့နေခဲ့သည်။ Toy Soldier Parachute Drop မှ ထွက်လာပြီးနောက် Slinky Dog Spin သို့ရောက်သည်။ Slinky Dog Spin တွင် မုန့်မုန့်သည် ပျင်းစရာကောင်းသည်ဟု ခံစားရသဖြင့် သူတို့အဖွဲ့ နောက်တစ်နေရာဖြစ်သော Fantasyland သို့ သွားခဲ့သည်။

မုန့်မုန့်သည် Fantasyland တွင် အလွန်ပျော်ရွှင်နေခဲ့သည်။ အထူးသဖြင့် Dumbo the Flying Elephant အားစီးသည့်အခါ သူမ၏လက်ကို လက်ကိုမြှောက်ကာ ပျော်ရွှင်နေခဲ့သည်။

မုန့်မုန့်၏ ချစ်စဖွယ်အမူအရာလေးကို မြင်တော့ ကျွန်းဟန်ပြုံးလိုက်မိသည်။

အရင်တုန်းက မုန့်မုန့်သည် အလွန်ရှက်တတ်ကာ ထိုသို့ပြုလုပ်လေ့မရှိပေ။ သို့သော် ယခုအချိန်တွင် ကျွန်းဟန်၏

ကျန်းမိသားစုသင်ကြားမှုကိုဖြတ်သန်းပြီးနောက် မုန့်မုန့်၏ မိမိကိုယ်ကိုယုံကြည်မှုများ တိုးလာခဲ့သည်။

Fantasyland ပြီးနောက်တွင် ညနေ ၄ နာရီပင်ထိုးနေပြီဖြစ်သည်။ ကျန်းလီ၏ဦးဆောင်မှုဖြင့် ၎င်းတို့၏ Disneyland ခရီးစဉ်ကို ဗျူဟာကျကျ ရေးဆွဲထားသည်။

နောက်တစ်မှတ်တိုင်ကတော့ Tomorrowland ဖြစ်သည်။ Tomorrowland တွင်ကစားပြီးနောက် ၎င်းတို့သည် U.S.A မိန်းလမ်း သို့ပြန်သွားကြသည်။ ကောင်းကင်သည် မှောင်စပြုလာပြီဖြစ်၍ Disneyland ရှိမီးများပွင့်လာသည်။ ညဘက် Disneyland သည် နေ့ဘက် Disneyland နှင့် လုံးဝကွဲပြားခြားနားသည်။

ခဏလောက်လမ်းလျှောက်ကာ အမှတ်တရလက်ဆောင်များဝယ်ပြီး ကျန်းလီသည် သားအဖနှစ်ယောက်ကို The Sleeping Beauty Castle သို့ခေါ်သွားသည်။ The Sleeping Beauty Castle သည်

Disneyland တွင် မီးရှူးမီးပန်းများ ကြည့်ရန် အကောင်းဆုံးနေရာဖြစ်သည်။

စိတ်ကူးယဥ်ဆန်သော မီးရှူးမီးပန်းများကို ကြည့်ရှုပြီးနောက် ဆော့ကစားသည့်တစ်နေ့တာသည် ပြီးဆုံးသွားခဲ့၏။

ဟိုတယ်ကိုပြန်ရောက်တော့ ကျန်းဟန်သည် ပင်ပန်းနွမ်းနယ်နေသည့် မင်းသမီးလေးကို အိပ်ရန် အရင်ဆုံးချော့မော့ပြီးနောက် ရေချိုးခန်းထဲသို့ဝင်လာခဲ့သည်။

ကျန်းလီမှာ သူမ၏အဝတ်အစားများကို ထုပ်ပိုးပြီးသွားပြီဖြစ်သည်။

ကျန်းလီသည် ကျန်းဟန်၏အမူအရာကိုကြည့်ကာ

"အစ်ကို ငါ့အခုအလုပ်သွားတော့မယ်"

"အင်း ဒါဆိုလည်း သွားတော့" ကျန်းဟန်က ပေါ့ပေါ့ပါးပါးပင် သူ၏လက်ကို ဝှေ့ယမ်းလိုက်သည်။

ကျန်းလီခဏရပ်လိုက်သည်။ ဒါက နည်းနည်းထူးဆန်းသည်။

Bar DJ အလုပ်ကို သူသဘောမတူကြောင်း သူမသိသည်။ အရင်ကတော့ ကျွန်းလီသည် ကျွန်းဟန်က သူမကို ဒီအကြောင်း ဟောပြောလက်ချာပေးမှာကို အရမ်းကြောက်ခဲ့သည်။

“ဒါပေမဲ့…”

ကျွန်းဟန်၏ ရုတ်တရက်ပြောလိုက်သော စကားကြောင့် ကျွန်းလီတုန်လှုပ်သွားပြန်သည်။

“အဲ့လိုနေရာမျိုးမှာ အလုပ်လုပ်ရတာ နည်းနည်းတော့ သတိထားရမယ်။ မင်းလည်း အရမ်းကြီးရုပ်ဆိုးနေတဲ့သူမဟုတ်ဘူး။ တစ်ယောက်ယောက်က မင်းကိုနှောင့်ယှက်ရင် မင်းသူ့ရဲ့ဘောကို ကန်ပစ်လိုက်လို့ရတယ်။ ဖြစ်လာတဲ့ ပြဿနာမှန်သမျှကို မင်းအစ်ကို ငါက ရှင်းပေးမယ်”

နွေးထွေးစွာ နှစ်သိမ့်ပေးသည့်စကားများသည် “ မင်းလည်း အရမ်းကြီးရုပ်ဆိုးနေတဲ့သူမဟုတ်ဘူး” ဟူသော စကားလုံးကြောင့် ပျက်စီးသွားလေ၏။

ကျန်းလီ၏မျက်လုံးများ ကျဉ်းမြောင်းသွားသည်။

"ကျန်းဟန်! ငါကအရမ်းကြီးရုပ်ဆိုးနေတာမဟုတ်ဘူး ဆိုတာ ဘာကိုပြောချင်တာလဲ။ နင် အဲ့ဒါက ဘာကို ဆိုလိုတာလဲ။ ငါက လှပတဲ့ ဒီဂျေ တစ်ယောက်ဆိုတာ မင်းသိမှာပါ"

"အာ?" ကျန်းဟန် အနည်းငယ်ကြောင်သွားပြီး "ကောင်းပြီး ကောင်းပြီ ကောင်းပြီ တကယ်တော့ ညီမလေးက အလှဆုံးပဲ"

"ဟမ့် စကားချိုချိုလေးတောင် မပြောတတ်ဘူး" ကျန်းလီ မျက်စောင်းထိုးကြည့်လိုက်သည်။ သူမထွက်ခါနီးတွင် တစ်ခုခုကို သတိရသွားပြီး ပြောလိုက်သည်။

"အစ်ကို မင်းအခြေအနေက တော်တော်ပြောင်းလဲသွားပြီ။ ပိုက်ဆံကို ဆက်ပြီးဖြုန်းနေလို့မရတော့ဘူး။ ဒီဟိုတယ်က အရမ်းဈေးကြီးလွန်းတယ်။ တစ်ညတည်းနဲ့ ယွမ်တစ်သိန်းရှစ်သောင်း ကုန်ကျတယ်။ မင်း ရှန်ဟိုင်းမှာ အိမ်တစ်လုံးရှိတယ်မလား။ အဲ့ဒါကို ပြန်ပြင်ဆင်မွမ်းမံဖို့

ယွမ်နှစ်သန်းတောင်သုံးခဲ့တာပဲ။ ဒီဟိုတယ်နဲ့ ယှဉ်ရင် အများကြီးပိုကောင်းတယ်မဟုတ်လား”

“ငါနားလည်ပါတယ်” ကျန်းဟာန်ခေါင်းညိတ်လိုက်ပြီး “အဲ့ဒီအိမ်ကြီးက ဂရုမစိုက်ပဲထားတာ နှစ်နည်းနည်းကြာနေပြီ။ အရင်ဆုံး အိမ်ကိုသန့်ရှင်းရေးလုပ်ဖို့ သန့်ရှင်းရေးသမားခေါ်ရမယ်”

“မင်းအဲ့ဒါကို နားလည်ရင်ပြီးတာပဲ။ ငါအလုပ်သွားတော့မယ်” ကျန်းလီ အမြန်ထွက်သွားသည်။

ထွက်သွားစဉ်တွင် ကျန်းလီ၏နှုတ်ခမ်းထောင့်မှ အပြုံးလေးတစ်ခု အက်ကွဲသွားသည်။

သူ၏ညီမတစ်ယောက်အနေဖြင့် ကျန်းဟာန် သူ့ကိုယ်သူရုန်းထွက်လာနိုင်သည်ကို မြင်ရတော့ အရမ်းပျော်သည်။

ဆိုဖာပေါ်တွင်ထိုင်ရင်း ကျန်းဟာန်သည် တီဗွီကြည့်ရန် တီဗီကို ပေါ့ပေါ့ပါးပါး ဖွင့်လိုက်သည်။

တီဗွီချန်နယ်တွင် ၂၀၁၂ ဆိုသည့် ရုပ်ရှင်ကို လက်ရှိထုတ်လွှင့်နေသည်။

ဤသည်မှာ ထိပ်တန်းအဆင့် သဘာဝဘေးအန္တရာယ်ရုပ်ရှင်ဖြစ်သည်။ ကျန်းဟာန် ယခင်ဘဝက ၅ ကြိမ်ထက်မနည်း ကြည့်ခဲ့ဖူးသည်။ သို့သော် ရုပ်ရှင်ထဲတွင် ရင်းနှီးမှုမရှိသော အမျိုးသားဇာတ်ဆောင်ကို တွေ့လိုက်ရသောအခါ တုန်လှုပ်သွားသည်။

မင်းသားက John Casuak မဟုတ်ဘူးလား။ ဘာလို့ တခြားသူဖြစ်နေတာလဲ။

ကျန်းဟာန် ခဏမှင်တက်သွားပြီး မတ်တပ်ထရပ်ကာ ကွန်ပြူတာစားပွဲဆီ လျှောက်သွားကာ John Casuak ၏ အချက်အလက်များကို စတင်ရှာဖွေခဲ့သည်။

သို့သော် အချိန်အတော်ကြာရှာဖွေပြီးနောက် John Casuak နှင့် ပတ်သက်သည့် မည်သည့်အချက်အလက်ကိုမျှ ရှာမတွေ့ခဲ့ပေ။

John Casuak နှင့်ပတ်သက်သည့် အချက်အလက်များ မရှိချေ။ ကျန်းဟန်၏လက်ချောင်းများက ကီးဘုတ်ပေါ်တွင် လျင်မြန်စွာစာရိုက်ရင်း ဖျော်ဖြေရေးနယ်ပယ်နှင့် သက်ဆိုင်သည့် အချက်အလက်များကို အဆက်မပြတ်ရှာဖွေနေရင်း မျက်မှောင်ကြုတ်လိုက်သည်။

တဖြည်းဖြည်းနှင့် ကျန်းဟန်တုန်လှုပ်သွားသည်အထိ အံ့သြမှုများတိုးလာသည်။

John Cusack ပျောက်ကွယ်သွားသည်သာမက အခြားသော စူပါစတားများလည်း မရှိတော့ကြောင်း သူတွေ့ရှိခဲ့သည်။

သူ၏အတိတ်ဘဝမှ ဟောလီးဝုဒ်စူပါစတားများနှင့် အချို့သော တရုတ်စူပါစတားများ လုံးဝမရှိခဲ့ပေ။

ထို့အပြင် မရိုက်ကူးရသေးသော ရုပ်ရှင်များနှင့် တီဗွီအစီအစဉ်အချို့လည်း ရှိခဲ့သည်။ ဤအရာအားလုံးသည် တစ်ခုတည်းကိုသာဆိုလိုသည်။

ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းသည် ပြောင်းလဲသွားခဲ့သည်။

“ဒါအမှန်ပဲ” ကျန်းဟန်တွေးလိုက်သည်။

“အရင်ဘဝကက ဇီယန် ပေါ်မလာခဲ့ဘူး။ ဒါပေမဲ့ ခုဘဝတွင် သူမပေါ်လာရုံတင်မဟုတ်ဘူး ငါ့မှာ သမီးလေးတောင်ရှိနေသေးတယ်။ ဒါကို အမြန်စဉ်းစားသင့်တယ်”

“ဖြစ်နိုင်တာက ငါ့ရဲ့ပြန်လည်မွေးဖွားမှုကြောင့် ကမ္ဘာကြီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်း ပြောင်းလဲသွားတာလား။ နောက်ဆုံးမှာတော့ ငါက ဟန်ယန်အင်မော်တယ်ကေရာဇ်ပဲလေ။ ကေရာဇ်တစ်ယောက် ကမ္ဘာပေါ်ကိုရောက်လာတဲ့အချိန်မှာ သူက ကမ္ဘာမြေကြီးကို အနှောင့်အယှက်ပေးတယ်ထင်တယ်”

ထိုကိစ္စကို စဉ်းစားပြီးနောက် ကျန်းဟန်ပြုံးကာ ခေါင်းယမ်းလိုက်သည်။

"ဒီဘဝမှာ တချို့လူတွေရှိရှိမရှိရှိ ငါနဲ့ဘာမှမဆိုင်ဘူး။ အခုချိန်မှာ ငါ့ရဲ့အဓိကတာဝန်က ဖခင်ကောင်းတစ်ယောက်ဖြစ်ဖို့ပဲ"

ဖခင်ကောင်းတစ်ယောက်။

မုန့်မုန့်အတွက်တော့ သူသည် အမှန်တကယ် ဖခင်ကောင်းတစ်ယောက်ဖြစ်သည်။ သို့သော်... အကယ်၍ သူ၏ ကျန်းမိသားစုသင်ကြားမှုပုံစံကို တခြားသူများသိသွားခဲ့လျှင် သူသည် ဖခင်ကောင်းတစ်ယောက် ဟုတ်လား မဟုတ်ဘူးလားဆိုတာ အငြင်းပွားစရာဖြစ်လိမ့်မည်။

မင်းရဲ့သမီးကို အချစ်လွန်တာက မမှားပေမဲ့ ဘယ်သူတွေကများ သူတို့ရဲ့ သမီးကို "မင်းတို့ အင်းစက်လေးတွေ" လို့ ပြောဖို့သင်ပေးကြလို့လဲ။

ရုတ်တရက် တစ်စုံတစ်ယောက်က တံခါးခေါက်လိုက်သည်။

အခုမှ မနက်ကိုးနာရီပဲရှိသေးတယ်။ ဒီအချိန် ဘယ်သူက တံခါးလာခေါက်နေတာလဲ။ အထူးဝန်ဆောင်မှုများလား။

ကျန်းဟာန်တံခါးသွားဖွင့်လိုက်သည်။

တံခါးဖွင့်လိုက်ချိန်တွင် နေကာမျက်မှန်ဝတ်ထားသည့် အရပ်ရှည်ရှည်နှင့်လှပသော အမျိုးသမီးတစ်ဦး ရပ်နေသည်ကို တွေ့လိုက်သည်။

မိန်းမလှလေးသည် ဆွဲဆောင်မှုရှိသော ခန္ဓာကိုယ်ရှိလေသည်။ သူမသည် ဖန်ဒီအောက်ခံဝတ်စုံကို ဝတ်ဆင်ထားသည်။ သူမ၏ခြေဖဝါးတွင် ခရစ္စတယ်ဒေါက်မြင့်ဖိနပ်တစ်ရံကို စီးထားသည်။ သို့သော် မိန်းမလှလေး၏ ဖြူဝင်းဖြောင့်စင်းသည့် ခြေတံလေးများသည် သူမ၏အဝတ်အစားများထက် သူ၏အာရုံကို ပိုမိုဆွဲဆောင်နေသည်။

သူမ၏ဘယ်လက်တွင် ငွေရောင် Cartier လက်ပတ်နာရီကိုပတ်ထားပြီး ညာဘက်လက်တွင် Hermes

Constance အနက်ရောင် မိကျောင်းသားရေနှင့် ရွှေကြယ်သီး ပုခုံးလွယ်လက်ကိုင်အိတ်ကို ကိုင်ထားသည်။

သူမ၏ဝတ်စားဆင်ယင်မှုနှင့် စတိုင်သည် အလွန်စမတ်ကျသည်။ အကြည့်တစ်ချက်ဖြင့်ပင် ယခင်က ချမ်းသာသော ဒုတိယမျိုးဆက် သခင်လေး ကျန်းဟန်သည် သူမ၏ ပစ္စည်းများအားလုံးတန်ဖိုးကို ဖော်ထုတ်နိုင်ခဲ့သည်။

ဖန်ဒီအနောက်တိုင်းဝတ်စုံက ယွမ်တစ်သိန်း၊ ဖိနပ်က ငါးသောင်း၊ လက်ပတ်နာရီက တစ်သိန်းခွဲ၊ မိကျောင်းသားရေလက်ကိုင်အိတ်က လေးသိန်း နှင့် အခြားလက်ဝတ်ရတနာများအားလုံးပေါင်းပါက ယွမ်တစ်သန်းထက် မနည်းရှိပေသည်။

အာ... ဒီဆွဲဆောင်မှုရှိတဲ့ခြေတံလေးတွေနဲ့တင် ဘယ်လောက်တောင်တန်နေပြီလဲ။

ကျန်းဟန်၏အကြည့်သည် မိန်းမလှလေး၏ ခြေတံများကို အပေါ်အောက် စူးစိုက်ကြည့်နေသည်။

"ရှင်ကြည့်လို့ ပြီးပြီလား" ထူးခြားအေးစက်သည့် အသံတစ်သံထွက်ပေါ်လာသည်။

တံခါးခေါက်သူသည် မြင်သည့်အတိုင်းပင် အထူးဝန်ဆောင်မှုမဟုတ်ပဲ မုန့်မုန့်၏မေမေ ဇီယန်ပင်ဖြစ်ချေသည်။

ထိုအသံကို ကြားလိုက်သောအခါ ကျွန်းဟန်၏နှုတ်ခမ်းများတွန့်ကွေးသွားပြီး ခြေတံများအားအနည်းငယ်ထပ်ကြည့်လိုက်ကာ ခေါင်းမော့၍ပြောလိုက်သည်။

"မင်း ဘာလို့လာတာလဲ"

"အမ်" ဇီယန်အနည်းငယ်မှင်တက်သွားသည်။ သူမမှင်တက်သွားသည့်အခါ မုန့်မုန့်နှင့်တူလေ၏။ ချက်ချင်းဆိုသလို သူမကို ချစ်စရာကောင်းသည့်ပုံပေါက်သွားစေသည်။

သို့သော် နောက်အခိုက်အတန့်တွင် သူမ၏အရှိန်အဝါများ အေးစက်လာသည်။

“ရှင်ကျွန်မကို ဘာလို့လာတာလဲလို့မေးလိုက်တာလား။” ဇီယန် အတော်လေး မကျေမနပ်ဖြင့် “ ကျွန်မသမီးကို ပြန်ခေါ်ဖို့လာခဲ့တာ” ဟုပြောလိုက်သည်။

ပြောပြီးနောက် ဇီယန်သည် ကျန်းဟာန်ကိုဖြတ်ပြီး ဟိုတယ်ခန်းထဲသို့ လျှောက်သွားသည်။ လှည့်ပတ်ကြည့်လိုက်ပြီးနောက် မေးလိုက်သည်။

“အမ်မလီ ဘယ်မှာလဲ”

ငှင်းကိုကြားလိုက်တော့ ကျန်းဟာန်တံခါးကို ပိတ်ပြီး အနည်းငယ်မျက်မှောင်ကြုတ်၍ပြောလိုက်သည်။

“ပထမအချက် သူမကို အမ်မလီလို့မခေါ်ဘူး။ ကျန်းယွီမုန့်လို့ခေါ်တယ်။ သူမရဲ့ ချစ်စနိုးနာမည်က မုန့်မုန့် ။ ဒုတိယအနေနဲ့ အခုလောလောဆည် သူမက အိပ်ပျော်နေတယ်။ ဒါကြောင့် မင်းစကားပြောတဲ့အခါ သတိထားပါ”

ဇီယန်သည် ပေကျင်းသို့ သွားခဲ့ပြီး ကျန်းဟာန်နှင့်မုန့်မုန့်အား မတွေ့သဖြင့် စိတ်တိုနေပြီဖြစ်သည်။

အခုလည်း ကျန်းဟန်၏လေသံကို ကြားလိုက်ပြီးနောက် သူမ ပို၍ပင် ဒေါသထွက်လာသည်။ သူမနေကာမျက်မှန်ကိုချွတ်ကာ ကျန်းဟန်ကို စူးစူးဝါးဝါးကြည့်လိုက်ပြီး

"ရှင်နာမည်ပြောင်းမယ်ပြောတိုင်း ကျွန်မတို့က နာမည်လိုက်ပြောင်းနေရမှာလား။ ဘာလို့ ကျွန်မက ရှင့်စကားကို နားထောင်ရမှာလဲ"

"ငါက ကလေးအဖေဖြစ်လို့လေ။ ငါ့မျိုးရိုးနာမည်က ကျန်း ဒါကြောင့် သူမရဲ့ မျိုးရိုးနာမည်လည်း ကျန်းလို့ ခေါ်ရမှာပဲ"

ဒီကိစ္စကို ထုတ်ပြောနေရတာ သိပ်စမတ်မဖြစ်သဖြင့် ကျန်းဟန်ဒေါသတကြီးခံစားလိုက်ရသည်။

ကိုယ့်အဖေနဲ့ မျိုးရိုးနာမည်မတူတဲ့ကလေးက ဘယ်တုန်းကရှိခဲ့လို့လဲ?

ထိုစကားကိုကြားသောအခါ ဧယန်၏နှလုံးသားထဲမှ ဒေါသများက ပိုမိုကြီးမားလာသည်။ ကျန်းဟန်ရှေ့သို့ လျှောက်လာရင်း ပြောလိုက်သည်။

"ကျွန်မက ကလေးအမေပါ။ ကျွန်မသူ့မကို ကိုးလဝမ်းထဲမှာလွယ်ပြီး မွေးခဲ့တာ။ သူမကို အခုချိန်ထိ ကြီးပြင်းလာအောင် ပြုစုပျိုးထောင်ခဲ့တာ။ ရှင် သူမနဲ့တွေ့ခွင့်ရတာပဲ အရမ်းကံကောင်းနေပြီ။ ကျွန်မခွင့်ပြုချက်မရှိပဲ သူမရဲ့နာမည်ကို ပြောင်းဖို့ ရှင့်မှာ ဘာအခွင့်အရေးရှိလို့လဲ။ ရှင် ဟောင်ကောင်ကိုလာမယ်ဆိုတာရော ဘာလို့ကြိုပြီး မပြောတာလဲ။ ရှင့်မျက်လုံးထဲမှာ ကျွန်မရောရှိသေးရဲ့လား။ ရှင်ကအခုတော့ ဖခင်ကောင်းတစ်ယောက်ပေါ့။ ကျွန်မနဲ့ကလေးကို တစ်ရက်လေးတောင် ဂရုမစိုက်ခဲ့ပဲနဲ့ လာပြီး ဒေါသထွက်နေတယ်"

အမှန်မှာ ယောက်ျားတွေက ဘယ်တော့မှ မိန်းမတစ်ယောက်နဲ့ ရန်မဖြစ်သင့်ချေ။

သူမ၏စကားလုံးများသည် ကျွန်းဟန်၏နှုတ်ခမ်းထောင့်များကို အဆက်မပြတ်တွန့်သွားစေသည်။ ထို့အတူ သူ၏စိတ်ထဲတွင်

သက်ပြင်းမချပဲ မနေနိုင်ပေ။ ဧယန် ပြောသမျှအားလုံးသည် အမှန်တွေချည်းပင်။

ပျားရည်ကပဲ ယင်ကောင်တွေကို ပိုပြီးဆွဲဆောင်နိုင်သည်မဟုတ်လား?

(မာမာထန်ထန်ပြောတာထက် ချိုချိုသာသာပြောတာက လိုချင်တာရဖို့ ပိုလွယ်တယ် ဆိုတယ်အဓိပ္ပာယ်ပါ)

ကျန်းဟန်၏အသံသည် ပျော့ပြောင်းလာသည်။

"ထိုင်ပြီး ခဏနားလိုက်ပါဦး။ ငါမင်းအတွက် ရေတစ်ခွက်သွားယူပေးမယ်"

"ဟွန့်...ဒါကမှ လူတစ်ယောက်နဲ့စကားပြောနေရသလိုမျိုး ပိုခံစားရသေးတယ်" ဧယန်သည် သူမ၏ ဒေါက်မြင့်ဖိနပ်ဖြင့် ကျက်သရေရှိစွာ လျှောက်လှမ်းလာပြီး ဆိုဖာပေါ်တွင်ထိုင်ရင်း ကျန်းဟန်အား သူမ၏မျက်လုံးကြီးများကိုလှန်၍ စူးစိုက်ကြည့်လိုက်သည်။

ဇီယန်အတွက် ရေတစ်ခွက်ခပ်လာပြီးနောက် ကျန်းဟန်သည် သူမနှင့်မျက်နှာချင်းဆိုင်ထိုင်၍ ဇီယန်ကို ဂရုတစိုက်ကြည့်လိုက်သည်။

မုန့်မုန့်၏ နူးညံ့သိမ်မွေ့သောမျက်နှာ၊ လှပသော မျက်ခုံးမွေး၊ တောက်ပဝိုင်းစက်သော မျက်လုံးများနှင့် မိုးမခရွက်ကဲ့သို့ ပါးလျသော နှုတ်ခမ်းတို့သည် ဇီယန်ထံမှ အမွေဆက်ခံခဲ့ခြင်းဖြစ်ကြောင်း မြင်လိုက်ရသည်။

-C 9 End

wunzinnosp

## အပိုင်း(၁၀) ကလေးအမေရဲ့တိုက်ခိုက်မှု

သေချာတာကတော့ အဝါရောင်အသားအရေ၊ မျက်လုံးနက်များနှင့် အနက်ရောင်ဆံပင်တို့သည် ကျန်းဟန်ထံမှာ အမွေဆက်ခံခဲ့ခြင်းဖြစ်ရမည်။

အဟမ်း...နောက်တာပါ...

အမှန်တိုင်းပြောရလျှင် ကျန်းဟန်နှင့်မုန့်မုန့် တို့၏ တစ်ခုတည်းသော တူညီသည့်အရာမှာ

မျက်ခုံးနှင့်နားရွက်ဖြစ်သည်။ မုန့်မုန့်ကို သေချာကြည့်ရှုပြီးကတည်းက ကျန်းဟာန် ဒါကို သဘောပေါက်ခဲ့သည်။

ကျန်းဟာန်နှင့်မုန့်မုန့်တို့၏ နားရွက်မှာ ဝိုင်းပြီး ဇီယန်၏နားရွက်မှာ ပိုမိုပါးလွှာသည်။

နူးညံ့သိမ်မွေ့သည့်မျက်နှာအပြင် ဇီယန်တွင် သူ့ယောင်မယ်လေးတစ်ယောက်ကဲ့သို့ အင်္ဂလိပ်အက္ခရာ S ပုံသဏ္ဍာန် လှပသော ခန္ဓာကိုယ် ကောက်ကြောင်းများရှိသည်။

ဇီယန်သည် အနုပညာအလုပ်များ စတင်လုပ်ဆောင်ချိန်ကထက် ပိုမိုပိန်ပါးကာ အရပ်ရှည်လာသည်။ ယခုအချိန်တွင် ဇီယန်၏ခန္ဓာကိုယ်တွင် ကျန်းဟာန်၏အကြည့်များကို ဆွဲငင်နေသည့် မှော်စွမ်းအင်တစ်မျိုးရှိနေသည်။ ကျန်းဟာန်သည် သူ့ကလေး၏အမေရှေ့တွင် တံတွေးမမျိုချပဲ မနေနိုင်ဖြစ်နေသည်။

ကျန်းဟန်သည် ဇီယန်ကို အထက်အောက် စုံဆန်ကြည့်ကာ အကဲခတ်နေချိန်တွင် ဇီယန် သည်လည်း ကျန်းဟန်ကို အထက်အောက်စုံဆန်ကြည့်ကာ အကဲခတ်နေသည်။

ကျန်းဟန်၏မျက်နှာတွင် ရမ္မက်အရိပ်အယောင်ကို မြင်လိုက်သောကြည့် ဇီယန်သည် နှလုံးသားထဲမှ မာန်တက်ချင်သလို ခံစားလိုက်ရသည်။

ခေါင်းမာတဲ့အရူး ရှင်က အမြဲတမ်း ခပ်ခွာခွာနေသလိုဟန်ဆောင်နေပေမဲ့ အခုတော့ ရှင့်ရဲ့စရိုက်မှန်က ပေါ်လာပြီ ဟမ့်

သို့သော် ကျန်းဟန်၏ပြတ်သားသော အသွင်အပြင်က ဇီယန်ကို အံ့အားသင့်စေသည်။ နောက်ဆုံးအကြိမ် ကျန်းဟန်နှင့် သူ၏တိုက်ခန်းတွင် တွေ့စဉ်က သူ၏မိုက်မဲမှုကြောင့် ဇီယန်သည် စကားပင်မပြောချင်ခဲ့ပေ။ သို့သော် အခုချိန်တွင်တော့ သူ၏ထိုအချိန်က ညစ်နွမ်းမှုများနှင့် လွန်ကဲမှုများက ပျောက်ကွယ်သွားခဲ့သည်မှ လွဲ၍ သူသည်

လွှန်ခဲ့သည့်ငါးနှစ်ကနှင့် တူညီနေသည်။ အခုချိန်မှာ သူက ပိုပြီးတော့ပင် ရင့်ကျက်တည်ငြိမ်ပုံရသည်။

ဇီယန် လွှန်ခဲ့သောငါးနှစ်က ကျန်းဟန်ထက် ယခုကျန်းဟန်ကို ပို၍နှစ်သက်သည်။

သူက အလွှန်ကို ကြမ်းတမ်းပြီး ပြင်းထန်တယ်

ဟမ့် ဘယ်သူက သူ့ကိုနှစ်သက်မှာလဲ

ဇီယန် သူမ၏စိတ်ထဲတွင် အော်ဟစ်လိုက်သည်။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြသည်။ တစ်ယောက်က သူမ၏မျက်လုံးကြီးများဖြင့် စိုက်ကြည့်နေပြီး တစ်ယောက်ကလည်း သူ၏မျက်လုံးလေးများဖြင့် စိုက်ကြည့်နေသည်။ စကားတစ်ခွန်းမှမပြောကြပဲ နှစ်ယောက်ကြားရှိအခြေအနေမှာ ပိုမိုတင်းမာလာသည်။

“ရှင့်မှာ ပြောစရာဘာမှမရှိဘူးလား”

ဇီယန် သူမ၏ကြည်လင်သော မျက်လုံးကြီးများကို မှေးလိုက်ရင်း ပြောသည်။

ကျန်းဟန်သာ သာယာနာပျော်ဖွယ် တစ်ခုခုပြောခဲ့လျှင်ကောင်းပေလိမ့်မည်။ သို့သော် ယခု သူသည် ဘာစကားပင်မပြောဘဲ တိတ်ဆိတ်နေခဲ့သည်။

သူမတွေးရင်း တွေးရင်း ဒေါသထွက်လာသည်။

ညတုန်းက ငါ့မှာ ဟောင်ကောင်ကနေ ပေကျင်းကို အပြေးအလွှားသွားလိုက်ရပြီး နောက်တစ်နေ့ ပေကျင်း ကနေ ဟောင်ကောင် ကို အပြေးပြန်လာရတယ်။ အားလုံးက အဲ့ကျန်းဟန်ကြောင့်ပဲ။ ဒါတောင် သူက လုံးဝတောင်းပန်စကားမပြောဘူး

“ဘာပြောရမှာလဲ”

နောက်ဆုံးတော့ ကျန်းဟန် ပါးစပ်ဖွင့်လာသည်။

ထိုအချိန်တွင် ဇီယန်သည် ပို၍ဒေါသထွက်လာပြီး ကျန်းဟန်ကို အလွန်စိတ်ပျက်သွားခဲ့သည်။

သူမချက်ချင်း မတ်တပ်ထရပ်လိုက်ပြီး "ထားလိုက်တော့ ကျွန်မရှင့်ကိုဘာမှပြောစရာမရှိတော့ဘူး။ ကျွန်မ အမ်မလီကို အခုခေါ်သွားတော့မယ်"

"နေဦး" ထိုစကားကို ကြားတော့ ကျန်းဟန် လျှင်မြန်စွာ ထရပ်လိုက်ပြီး ဇီယန်၏ရှေ့သို့ သွားလိုက်သည်။

ပုံမှန်အားဖြင့် ကျန်းဟန်၏စိတ်နေစိတ်ထားကြောင့် သူသည် "မုန့်မုန့်က ငါ့သမီးပဲ။ သူမက အခုကစပြီး ငါနဲ့ပဲနေလိမ့်မယ်" ဟုပြောလိမ့်မည်။

သို့သော် စကားလုံးများ သူ့ပါးစပ်ထဲရောက်လာပြီးမှ ကျန်းဟန် ဆက်မပြောနိုင်ခဲ့ပေ။ သံသယရှိစရာပင်မလို သူသည် အရူးတစ်ယောက်မဟုတ်ပေ။ သူသာ ဒီစကားတွေပြောလိုက်လျှင် သူ့ရှေ့ရှိအမျိုးသမီးသည် ကျားတစ်ကောင်ကဲ့သို့ ချက်ချင်းပြောင်းလဲသွားမည်ကို သူသိသည်။

ထို့ကြောင့် ကျန်းဟန်သည် ပျော့ပြောင်းသော လေသံဖြင့်

"အာ... မင်း မုန့်မုန့်ကို ကိုယ်နဲ့ တစ်ပတ်နေခွင့်ပေးမယ်ပြောထားတာမဟုတ်လား။ အခုမှ ငါးရက်ပဲရှိသေးတယ်လေ"

"မုန့်မုန့်က ကျွန်မသမီးပဲ။ ရှင့်ရဲ့ခွင့်ပြုချက်မလိုပဲ ကျွန်မကြိုက်သလိုလုပ်လို့ရတယ်" စကားပြောနေရင်း ဇီယန်သည် ရုတ်တရက် သူမအမှားလုပ်မိသွားသည်ကို သိလိုက်ပြီး ပြန်ပြင်ပြောသည်။

"အဟမ်း...ကျွန်မပြောချင်တာက အမ်မလီလို့ပြောတာ"

သူမကျွန်းဟန်ကို လျစ်လျူရှုလိုက်ပြီး အိပ်ခန်းတံခါးကိုဖွင့်ကာ ဝင်သွားသည်။

"မေမေလား" လူတွေစကားပြောနေသံကိုကြား၍ မျက်လုံးဖွင့်လိုက်သော မုန့်မုန့်သည် သူမ၏ အမေကို မြင်လိုက်သည့်အခါ အလွန်ပျော်ရွှင်သွားသည်။

ငါးရက်ကြာပြီးနောက် ဇီယန်သည် မင်းသမီးလေးကို လွမ်းဆွတ်နေခဲ့သည်။ ကုတင်ပေါ်တွင်ထိုင်ရင်း သူမသည် မုန့်မုန့်အား ညင်သာစွာ ပွေ့ဖက်လိုက်သည်။

ဇီယန်၏မျက်နှာသည် မိခင်မေတ္တာ၏ အလင်းရောင်များ ထုတ်လွှတ်ပေးနေသည်။ ကျန်းဟန်နှင့်ပြောစဉ်က သူမ၏လေသံထက် အဆတစ်ရာ ပို၍ညင်သာသည်။

“မေ့မေ့ရဲ့ဘေဘီလေး မေ့မေ့ကိုလွမ်းနေလား”

“လွမ်းတယ် လွမ်းတယ် လွမ်းတယ်” မုန့်မုန့်သည် ပျော်ရွှင်စွာဖြင့် သူမ၏နှုတ်ခမ်းလေးကိုစူကာ ဇီယန်၏မျက်နှာကို နမ်းလိုက်သည်။

ကျန်းဟန်သည် ဇီယန်၏မျက်နှာမှ မိတ်ကပ်များကိုကြည့်ပြီး “မနမ်းနဲ့ သမီးမိတ်ကပ်အောက်ခံတွေ နမ်းမိလိမ့်မယ်” ဟု ပြောလိုက်ချင်သည်။

သို့သော် ပါးစပ်ဖျားသို့ စကားလုံးများရောက်လာပြီးမှ သူဆက်မပြောနိုင်တော့ပေ။ ဇီယန်နှင့်မုန့်မုန့်တို့၏ နွေးထွေးသည့်အခိုက်အတန့်လေးကို သူဝင်မနှောင့်ယှက်နိုင်ခြင်းပင်။

မုန့်မုန့်သည် သူ့သမီးလေးသာမဟုတ်ပေ။ သူမတွင် သူမအမေရှိပေသည်။ သူမအမေက သူမကို ခေါ်သွားတော့မည်ဖြစ်သည်။

သက်ပြင်းချလိုက်သည်။

ကျွန်းဟန်၏နှလုံးသားသည် မုန့်မုန့်နှင့်ခွဲခွာရန် တွန့်ဆုတ်နေခဲ့သည်။

"မေမေက သမီးကို လာခေါ်တာ။ အန်တီဖေးဖေးက အောက်မှာစောင့်နေတယ်။ သမီးအဝတ်အစားတွေ ထည့်ပြီး အိမ်ပြန်ကြရအောင်" ဇီယန် ပြုံးပြုံးလေးပြောလိုက်သည်။

"ဟုတ်ပြီ အိမ်ပြန်ကြမယ်" မုန့်မုန့်သည် သူမ၏လက်ကို ဝမ်းသာအားရ မြှောက်လိုက်သည်။

မုန့်မုန့်သည် သူမ၏အိမ်မှ အမွေးပွအရုပ်များကို လွမ်းနေပြီဖြစ်သည်။

သို့သော် မုန့်မုန့်၏ အဝတ်အစားများ ဝတ်ပြီးနောက် ဇီယန်သည် သူမ၏ညာဘက်တွင် သူမလေးကိုချီကာ ခရီးဆောင်အိတ်ကို ဘယ်ဘက်ဖြင့်ဆွဲ၍

တံခါးဆီသို့လျှောက်သွားသည်။ မုန်မုန့်သည် နောက်ဆုံးတွင်တော့ တုံ့ပြန်ခဲ့သည်။

“မေမေ နေဦး။ ဖေဖေက ခုထိအဝတ်မလဲရသေးဘူး” ဇီယန်ခဏလောက်စဉ်းစားပြီး ပြောလိုက်သည်။

“သမီးဖေဖေက လုပ်စရာတွေရှိသေးတယ်။ ဒါကြောင့် မေမေက သမီးကို လာခေါ်တာ”

ကျန်းဟန်ထိုစကားကိုကြားတော့ သူ၏နှုတ်ခမ်းများတွန့်ကွေးသွားပြီး “ငါမှာဘာမှလုပ်စရာမရှိဘူး။ မုန့်မုန့် ဒီမှာနေလို့ရတယ်” ဟုပြောလိုက်ချင်သည်။

သို့သော် ၎င်းသည် လက်တွေ့မဖြစ်ခဲ့ပေ။ ဇီယန်ဘာမှမပြောခဲ့လျှင်တောင်မှ ကျန်းဟန်သည် အမှန်ပင် သူလုပ်ရမည့် အရာများရှိသည်။

သူမ၏ဖေဖေက သူမနှင့်အတူအိမ်မပြန်ဘူးဆိုတာ ကြားလိုက်သည့်အခါ

မုန့်မုန့်၏ကြည်လင်သည့်မျက်လုံးကြီးများက မျက်ရည်စများ စီးကျလာသည်။

"အူးဝါး......မရဘူး......သမီးဖေဖေနဲ့ အတူပြန်ချင်တယ်"

မုန့်မုန့်သည် သူမမေမေ၏ရင်ခွင်ထဲမှာ လှုပ်ရှကာ ဖခင်ဖြစ်သူထံသို့ လက်နှစ်ဖက်အား ဆန့်တန်းကာ ဖခင်အား ပွေ့ဖက်ရန်တောင်းဆိုရင်း ငိုလေတော့သည်။

ကျန်းဟန်၏နှလုံးသားနာကျင်သွားပြီး ရှေ့သို့အမြန်သွားကာ မုန့်မုန့်အား သူ၏ရင်ခွင်ထဲသို့ခေါ်ဆောင်၍ နှစ်သိမ့်ပေးလိုက်သည်။

အဖေဖြစ်သူက သူ့သမီးကို ချော့မော့နေသည်။ ၎င်းသည် အလွန်နွေးထွေးသော မြင်ကွင်းတစ်ခုဖြစ်သင့်သည် မဟုတ်လား။ သို့သော် တစ်ဖက်တွင် ဇီယန်သည် စိတ်မကောင်းဖြစ်သွားသည်။

ငါးရက်ပဲရှိသေးသည် သူမလေးသည် အဖေဖြစ်သူနှင့် အလွန်ရင်းနှီးနေပြီလော။ သူနဲ့သာ သူမလေး အချိန်ကြာကြာပိုနေခဲ့ရင် ငါ့သူမကို ခေါ်သွားလို့ရပါ့မလား။

ဗီယန် ၎င်းက အန္တရာယ်ရှိသည့် လက္ခဏာဟုခံစားရသည်။ သူမ၏သမီးကို မည်သူကမျှ လုယူခွင့်မပြုနိုင်ပေ။ ထို့ကြောင့် သူမသည် ကျန်းဟန်ကို ခြိမ်းခြောက်သည့် အကြည့်ဖြင့် စိုက်ကြည့်နေသည်။

ကျန်းဟန် ခေါင်းကို အသာအယာခါလိုက်ပြီး ချော့မော့လိုက်သည်။

"မုန့်မုန့် ဖေဖေက တကယ်လုပ်စရာတွေရှိတယ်။ ဖေဖေက မုန့်မုန့်အတွက် သုခဘုံတစ်ခုဆောက်နိုင်ဖို့ နောက်ရက်အနည်းငယ်အတွင်းမှာ နယ်မြေတစ်ခုရှာရမယ်။ ဒါမှ အနာဂတ်မှာ မုန့်မုန့်က ဖေဖေနဲ့မေမေနဲ့ အတူ ထာဝရနေနိုင်မှာ"

"တကယ်လား?"

"ဒါပေါ့ ဖေဖေက ဘယ်တော့မှ သမီးကို မလိမ်ဘူး" ကျန်းဟန် အပြုံးလေးဖြင့်ပြောလိုက်သည်။

"ဒါဆို သုခဘုံ မှာ ဘာရှိလဲ? ချစ်စရာကောင်းတဲ့ အရုပ်တွေရှိလား?" မုန့်မုန့် အငိုတိတ်သွားသည်။ သို့သော်

သူမလေး၏မျက်လုံးထောင့်တွင် မျက်ရည်စများတွဲလွဲခိုနေသေးသဖြင့် အလွန်သနားစရာကောင်းသည့်ပုံဖြစ်နေသည်။

ကျန်းဟန်က မုန့်မုန့်၏မျက်လုံးထောင့်မှာ မျက်ရည်စများကို သုတ်လိုက်ပြီး "အရပ်တွေတင် ဘယ်ကမလဲ။ အရမ်းကြီးတဲ့ အိမ်ကြီး၊ ချစ်စရာကောင်းတဲ့ ခွေးလေးတွေ ကြောင်လှလှလေးတွေနဲ့ သမီးကစားလို့ရတဲ့ တခြားအိမ်မွေးတိရိစ္ဆာန်တွေ အများကြီးရှိတယ်။ နောက်ပြီး အရသာရှိတဲ့ အစားအသောက်တွေ အများကြီးနဲ့ ပျော်စရာကောင်းတဲ့ နေရာတွေလည်းရှိမယ်" ဟု အပြုံးလေးဖြင့်ပြောလိုက်သည်။

"ရေး.... ကြောင်လေးတွေ ခွေးလေးတွေ မုန့်မုန့်သူတို့ကိုချစ်တယ်" မုန့်မုန့်ပြောလိုက်သည်။

"သမီးကြိုက်ဖို့ပဲလိုတာ။ ဒါကြောင့် ဖေဖေက တကယ်လုပ်စရာတွေရှိသေးတယ်။ ဖေဖေပြီးတာနဲ့ မုန့်မုန့်ကို လာခေါ်မယ်နော်"

ကျန်းဟန်က မုန့်မုန့်ကို စကားနည်းနည်းပြောလိုက်သည်နှင့် သူမအငိုတိတ်သွားသည်ကို မြင်တော့ ဇီယန် သက်ပြင်းတစ်ချက်ချလိုက်သည်။ သို့သော် သူမသည် ပေါ့ပါးစွာ နှာခေါင်းရှုံ့၍တွေးလိုက်သည်။

စကားလုံးလှလှလေးတွေနဲ့ မြူဆွယ်နေတာပဲ။ ဒီကျန်းဟန်က တကယ်ကို ကလေးတွေကိုဘယ်လိုလိမ်ညာရမလဲသိတယ်

သို့သော် ဇီယန်သည် ကျန်းဟန်၏နူးညံ့သိမ်မွေ့သောမျက်နှာကို ပထမဆုံးအကြိမ်တွေ့လိုက်ရ၏။ ကျန်းဟန်၏အပြုံးကြောင့် သူမသည် လွန်ခဲ့သော ရက်အနည်းက သူမနှင့်စကားများရန်ဖြစ်ခဲ့သော ခေါင်းမာသော ကျန်းဟန်နှင့် ယခုကျန်းဟန်တို့ ဆင်တူသည့်အရာတစ်ခုမှ သူမ မတွေ့ရပေကြောင်း သတိပြုမိသည်။

“ကောင်းပြီး အမ်မလီ။ သမီးဖေဖေကို နှုတ်ဆက်လိုက်ပါဦး။ မေမေတို့ သွားတော့မယ်” ဇီယန်သည် မင်းသမီးလေးကို တစ်ဖန် ပွေ့ချီလိုက်ပြန်သည်။

“ဘိုင်ဘိုင် ဖေဖေ” မင်းသမီးလေးသည် သူမ၏လက်ကို ဝှေ့ယမ်းလိုက်သည်။ ချော့မော့ပြီးသည့်တိုင် မင်းသမီးလေးသည် သူမ၏ဖေဖေနှင့် ခွဲခွာရန် အနည်းငယ်တွန့်ဆုတ်နေသည်။

“ငါ့ကူညီပေးပါရစေ”

ကျန်းဟန်သည် လေးလံသည့်ခရီးဆောင်အိတ်ကို ကောက်ယူလိုက်သည်။

တံခါးအပြင်ဘက်ကို လျှောက်လာရင်း စိတ်ကောက်နေသော မုန့်မုန့်ကို ကြည့်လိုက်ပြီး ကျန်းဟန်သည် ပြုံးပြီး သူမ၏ခေါင်းကို ပုတ်လိုက်သည်။

“မုန့်မုန့် နောက်တစ်ခါ သမီး ဖေဖေလို့ခေါ်ရင် တတိယအသံမဟုတ်ပဲ စတုတ္ထအသံနဲ့ခေါ်ရမယ်”

“ဖေဖေ”

မုန့်မုန့် ရဲ့ အသက်မှာ ငယ်သေးသဖြင့် သူမ၏အသံထွက်မှာ မရှင်းမလင်းဖြစ်နေသည်။ ထို့ပြင် သူမသည် မြောက်အမေရိကတွင် ကြီးပြင်းခဲ့သည်။ သူမ၏အင်္ဂလိပ်စကားမှာ အလွန်ကျွမ်းကျင်သော်လည်း တရုတ်ဘာသာစကားကိုမူ သူမသည် သင်ယူနေဆဲပင် ဖြစ်သောကြောင့် အသံထွက်နှင့် ပတ်ပက်၍ သိပ်မကောင်းသေးပေ။

"မဟုတ်သေးဘူး" ကျန်းဟန်က ထူးဆန်းသည့်မျက်နှာဖြင့်ပြောလိုက်သည်။

"သမီးပြောနေတဲ့ ဖေဖေ(Baba) က မစင် ညစ်ပတ်တယ်လို့ အဓိပ္ပာယ်ရတယ်။ ဖေဖေက ညစ်ပတ်တဲ့သူနဲ့တူနေလို့လား"

ကျန်းဟန်၏ ထူးဆန်းသော မျက်နှာကိုကြည့်ပြီး မင်းသမီးလေးရယ်လေသည်။

"ရှင့်ကိုကြည့်ရတယ် ညစ်ပတ်တယ်လို့ ကျွန်မခံစားရတယ်" ဇီယန်က ရယ်သံစွက်၍ပြောလိုက်သည်။ "ဘေဘီ နောက်တစ်ခါ သူ့ကို "ဖေဖေ(Baba)" လို့ခေါ်ရမယ်။ မဟုတ်သေးဘူး သူ့ကို နံစော်နေတဲ့ ဖေဖေလို့ခေါ်ရမယ်"

"ဟီးဟီးဟီး...နံစော်နေတဲ့ဖေဖေ နံစော်နေတဲ့ဖေဖေ"

ရယ်မောသံများဖြင့် အောက်ထပ်သို့ဆင်းသွားကြသည်။

[ TL Note - "ဖေဖေ"နှင့် မစင်၊ ညစ်ပတ်သောအရာ(ချီးပေပေါ့နော်) စသည်နှင့် အသံထွက်ဆင်တူသည်။ လေယူလေသိမ်းက ကွဲသွားတာပါ။ ပါ့ပါး နဲ့ ပါးပါ့ လိုမျိုးဖြစ်မယ်]

ထွက်ခွာရန် အချိန်တန်သည့်အခါ မင်းသမီးလေးသည် တွန့်ဆုတ်နေဆဲဖြစ်ပြီး သနားစဖွယ် မေးသည်။

"မေမေ ဖေဖေနဲ့ ဘယ်တော့ပြန်တွေ့ရမှာလဲဟင်"

"သူ လုပ်စရာတွေပြီးတာနဲ့ တွေ့ရမှာပေါ့သမီးရဲ့" ဇီယန် ပေါ့ပါးစွာပြန်ဖြေလိုက်သည်။

“ဒါဆို ဖေဖေ ဘယ်တော့ ဖေဖေ့အလုပ်တွေပြီးမှာလဲ” မုန့်မုန့်က မေးလိုက်သည်။

ဒီမေးခွန်းကို ကြားလိုက်တော့ ကျန်းဟန် “ဖေဖေက အလုပ်မရှုပ်ပါဘူး” ဟုပြန်ဖြေလိုက်ချင်သည်။

ဒါပေမဲ့ နောက်ဆုံးမှာတော့ သူက “ ဖေဖေက အရမ်းမြန်တယ်။ ဖေဖေအလုပ်တွေပြီးတာနဲ့ သမီးကို ချက်ချင်းလာခေါ်မယ်။ ဒါကြောင့် သမီးမေမေနဲ့ အတူအတူ လိမ်လိမ်မာမာနေရမယ်နော်”

“မုန့်မုန့်က အရမ်းအရမ်းလိမ္မာပါ့မယ်”

မုန့်မုန့်နှင့် ဇီယန်တို့ ကားထဲသို့ဝင်သွားပြီးနောက် မုန့်မုန့်သည် ကားပြတင်းပေါက်တွင် ရပ်နေစဉ် ကျန်းဟန်သည် သူမလေးအား သတိမပေးပဲမနေနိုင်ခဲ့ပေ။

“မုန့်မုန့် ဖေဖေပေးခဲ့တဲ့နာမည်ကို မှတ်ထားရမယ်နော်”

ကျန်းဟန်၏သတိပေးမှုကြောင့် ဇီယန် မျက်စောင်းထိုးကြည့်လိုက်သည်။

“သမီးနားလည်ပါပြီ….” မုန့်မုန့်ပြန်ပြောလိုက်သည်။

ကားစက်နိုးပြီးနောက် တဖြည်းဖြည်းချင်း မောင်းထွက်သွားသည်။ ကျန်းဟန် ပို၍ပို၍ဝေးကွာသွားသည့်ကားကို ရပ်ကြည့်နေ၏။ ကားက သူ၏အမြင်အာရုံထဲမှ ပျောက်ကွယ်သွားသည့်အခါမှ သက်ပြင်းတစ်ချက်ချပြီး ဟိုတယ်သို့ပြန်သွားသည်။

"အိုး..အဲဒီကောင်က အမ်မလီကို နာမည်အသစ်ပေးခဲ့တာလား" ကားကို မောင်းနေရင်း ကျိုးဖေးသည် ပေါ့ပါးစွာနှာခေါင်းရှုံ့လိုက်သည်။

သူမသည် ဗီယန် ကျန်းဟန်နှင့်သွားတွေ့ရန် အဖော်လိုက်ပါသွားစဉ်က ကျန်းဟန်နှင့် ဗီယန်တို့ ရန်ဖြစ်နေကြသည်ကို မြင်ပြီး ကျန်းဟန်ကို လူယုတ်မာတစ်ယောက်ဟု ထင်မြင်လာခဲ့သည်။

ယခု သူမသည် ကျန်းဟန်အား စိတ်တို ဒေါသကြီးပြီး သဘောထားသေးသိမ်ကာ အကျင့်မကောင်းသူအဖြစ် မြင်လိုက်သည်။

"သူက ဒီကိစ္စကို တော်တော်ခေါင်းမာနေတာ။ အမ်မလီရဲ့နာမည်ကိုကြားတော့ သူမပျော်မရွှင်ဖြစ်ပြီး သူ့ရဲ့မျိုးရိုးက ကျန်း မလို့ အမ်မလီကိုလည်း ကျန်းမျိုးရိုးနာမည်ပေးရမယ် ပြောတယ်" ဇီယန် ရယ်မောကာ ပြောလိုက်သည်။

မင်းသမီးလေးကို မွေးဖွားပြီးစဉ်က သူမသည် မင်းသမီးလေးကို နာမည်ပေးရန်စဉ်းစားခဲ့သည်။ သူမ မင်းသမီးလေးကို ချစ်စနိုးဖြင့် အမ်မလီဟုပေးခဲ့သည်၊ သူမ၏ နှလုံးသားထဲတွင် ကလေး၏ဖေဖေနှင့်အတူ မိသားစုတစ်ခုတည်ဆောက်ရန် စိတ်ကူးယဉ်ခဲ့ဖူးသည်။ သို့သော် ကျန်းဟန်နှင့် အဆက်အသွယ်ရပြီးနောက် သူမအလွန်စိတ်ပျက်သွားကာ စိတ်ကူးယဉ်မှုလေးတွေလည်း ပျောက်ကွယ်သွားခဲ့သည်။

"အဲ့ဒီကောင်က သူ့ကိုယ်သူ အများကြီးတွေးထားတာပဲ" ကျိုးဖေး မထီမဲ့မြင်လေသံဖြင့် ပြောလိုက်သည်။

"ဟွန့်" ထိုစကားကို ကြားတော့ မုန့်မုန့်သည် မကျေမနပ်ဖြစ်ပြီး " နံစော်နေတဲ့အန်တီဖေးဖေး . ဖေဖေ့ကို မကောင်းပြောလို့မရဘူး" ဟုကျယ်လောင်စွာ အော်ပြောသည်။

ဇီယန် အံ့အားသင့်သွားသည်။

မုန့်မုန့်သည် အရင်က ကျယ်ကျယ်လောင်လောင်မပြောတတ်ပေ။ သူမ ဘာဖြစ်သွားတာလဲ။

ကျိုးဖေး၏မျက်နှာ အေးခဲသွားပြီး ကူကယ်ရာမဲ့စွာပြောလိုက်သည်။

"ကောင်းပါပြီး သမီးရဲ့ဖေဖေကို မကောင်းမပြောတော့ဘူး ဟုတ်ပြီလား။ အမ်မလီ သူနဲ့ရက်အနည်းငယ်ပဲ နေရသေးတယ် သမီးရဲ့နူးညံ့သိမ်မွေ့မှုတွေ ဘယ်ရောက်ကုန်တာလဲ"

"သမီးက အမ်မလီလို့ မခေါ်ဘူး" မုန့်မုန့်ပြောလိုက်သည်။

"ဒါဆို သမီးက ဘယ်လိုခေါ်လဲ" ကျိုးဖေး ပြုံး၍မေးလိုက်သည်။

မင်းသမီးလေးသည် ချစ်စရာကောင်းစွာဖြင့် လက်ကိုမြှောက်ကာ "သမီးက ကျန်းယွီမုန့်... မုန့်မုန့်...မုန့်မုန့်...မုန့်မုန့် လို့ခေါ်တယ်"

"အာ!" ခက်ထန်ပြီး ခေါင်းမာတဲ့ယောကျ်ားက ဒီလို မိန်းကလေးဆန်တဲ့နာမည်ကို ကတယ်စဉ်းစားနိုင်ပါ့မလား" ကျိုးဖေး ပြုံးပြီး ခေါင်းယမ်းလိုက်သည်။

-C 10 End

wunzinnosp

## အပိုင်း (၁၁) လခြမ်းတောင်

ကျန်းဟန်သည် ဟိုတယ်သို့ပြန်သွားပြီး ဆိုဖာပေါ်တွင် တစ်ယောက်တည်း ထိုင်နေလိုက်သည်။

ကျန်းဟန်၏စရိုက်သည် နူးညံ့သိမ်မွေ့သည်ဟု မဆိုလိုပေ။ အကယ်၍ တစ်စုံတစ်ယောက်သည် ကျန်းဟန်ကဲ့သို့ ကျင့်ကြံခြင်းကမ္ဘာတွင် နှစ်ပေါင်းငါးရာကြာအောင် ကျင့်ကြံခြင်းဆိုင်ရာအသိပညာများ သင်ယူပြီး တူညီသော

အခြေအနေတွင်ရှိပါက သူသည်အလွန်အထီးကျန်နေမည်မှာ မလွဲကေန်ပင်ဖြစ်သည်။

ပြန်လည်မွေးဖွားလာပြီးနောက်တွင် ချစ်စရာကောင်းသည့် သူ၏သမီးလေးနှင့် တွေ့ဆုံချိန်၌ ကျန်းဟန်၏နှလုံးသားထဲမှ လစ်ဟာမှုသည် ချက်ချင်းပြည့်သွားခဲ့သည်။ ထို့ပြင် သူ၏မိဘများသည် အသက်ရှင်နေသေးသောကြောင့် သူ၏ယခင်ဘဝမှ နောင်တများကို ပြင်ဆင်ရန် အခွင့်အရေးရခဲ့သည်။ ဤအရာများအားလုံးသည် ကျန်းဟန်၏ စိတ်အခြေအနေကို တိုးတက်စေခဲ့သည်။

အမှန်တော့ သူ၏စိတ်အခြေအနေကိုအတွက် အကောင်းဆုံးဆေးမှာ ချစ်စရာမင်းသမီးလေး မုန့်မုန့် ပင်ဖြစ်သည်။

"အဲဒီတောင် ၇ ခုကို သွားကြည့်သင့်တယ်ထင်တယ်"

ကျန်းဟန်ခေါင်းယမ်းလိုက်ပြီး ကွန်ပြူတာဖွင့်ကာ တောင်တွေရဲ့တည်နေရာကို စစ်ဆေးရန် Baidu မြေပုံကို ဝင်လိုက်သည်။

ပထမဆုံးတောင်သည် ဟောင်ကောင် အနောက်ပိုင်းတွင်ရှိသော တောင်ငယ်လေးဖြစ်သည့် မို့ရှဲရိန် တောင်ဖြစ်သည်။ ကျွန်းတောင်တန်းများသည် အရှေ့တောင်ပိုင်းတွင်တည်ရှိသည်။ ဒုတိယတောင်သည် ဟောင်ကောင်၏အရှေ့ပိုင်းရှိ ရှုံကျား တောင်ဖြစ်ပြီး ကျွန်းတောင်များမှာ ရှုံကျားတောင်နှင့် လခြမ်းတောင် တို့ကြားထဲတွင်တည်ရှိသည်။

ပင်လယ်ကိုမျက်နှာမူပြီး ကျွန်းဟာန်လိုအပ်သည့် မျက်နှာပြင်ဧရိယာရှိသော တောင်မှာ ၇ လုံးသာရှိသည်။ ကျွန်းဟာန်သည် လက်ရှိရောက်နေသော ပင်လယ်ကွေ့လမ်းမသည် ဟောင်ကောင်မြောက်ပိုင်းတွင်ရှိသည်။ ထို့ကြောင့်သူသည် အနောက်ပိုင်းရှိ မို့ရှဲရိန် တောင်သို့အရင်သွားရန် ရည်ရွယ်ထားသည်။ ထို့နောက် ရှေ့ဘက် ရှုံကျားတောင် သို့သွားကာ ရှုံကျားတောင်မှတစ်ဆင့် တောင်ဘက်သို့ဦးတည်သွားမည်ဖြစ်သည်။

နောက်တစ်နေ့အတွက် လမ်းကြောင်းဆွဲပြီး ကျန်းဟန်သည် သူ၏ပြီးပြည့်စုံသည့် နယ်မြေစီမံကိန်းကို စတင်ခဲ့လေသည်။

ယန်-မိုးကြိုးသစ်ပစ်ကို စိုက်လိုက်သည့်အချိန်တွင် ကျန်းဟန်၏ ကျင့်ကြံခြင်းနှင့် နယ်မြေပြောင်းလဲခြင်းအတွက် လိုအပ်သော စိတ်ဝိညာဉ်စွမ်းအင်များ ပေါက်ကွဲထွက်သွားမည်ဖြစ်သည်။ ထိုစွမ်းအင်သည် ကျန်းဟန်အား အနိမ့်ဆုံးအဆင့်ဖြစ်သည် ချီသန့်စင်ခြင်းအဆင့်သို့ တက်ရောက်စေနိုင်မည်ဖြစ်သည်။

ချီသန့်စင်ခြင်းအဆင့်သည် လူအများစုရင်းနှီးသည့် "အတွင်းအား" နှင့် အနည်းနှင့်အများ တူညီပါသည်။ ၎င်းကို ချီ ဟုလည်းခေါ်ဆိုနိုင်သည်။ အတွင်းအားနှင့် ချီ နှစ်ခုစလုံးကို လူများသည် သူတို့၏အမြန်နှုန်း နှင့် ခွန်အားကို တိုးမြှင့်ရန် အသုံးပြုကြသည်။ ကျန်းဟန် ချီသန့်စင်ခြင်းအဆင့်သို့ ရောက်သည့်အခါ သူ၏ ရတနာအနံ့ခံနှာခေါင်းကို အသုံးပြုနိုင်မည်ဖြစ်သည်။

ချီသန့်စင်ခြင်းအဆင့်သည် အနိမ့်ဆုံးနယ်ပယ်ဖြစ်သော်လည်း ချီသန့်စင်ခြင်းအဆင့်ကို အထင်မသေးသင့်။ ချီသန့်စင်ခြင်းအဆင့်သည် အင်မော်တယ်ဖြစ်သည်ထိ ကျင့်ကြံခြင်း၏ အစဖြစ်သည်။ ရှန့်ထျန်းအဆင့်သို့ ရောက်မှသာ အစစ်အမှန်ကျင့်ကြံသူဖြစ်လာမည်ဖြစ်သည်။ သို့သော် တန်ခိုးရှင်အင်မော်တယ်များအားလုံးသည် ၎င်းတို့၏ကျင့်ကြံခြင်းလမ်းစဉ်ကို ချီသန့်စင်ခြင်းအဆင့်မှ စတင်ခဲ့ကြသည်မဟုတ်လော။

ညသည်ကား စကားသံများကင်းမဲ့နေခဲ့သည်။

နောက်တစ်နေ့ မနက် ၈ နာရီတွင် ကျန်းဟန်မနက်စာကို လျင်မြန်စွာစားပြီး ဟိုတယ်မှ ထွက်လာခဲ့သည်။

ဟိုတယ်တွင် နှစ်ရက်တည်းခိုသည့်ကုန်ကျစရိတ်မှာ ယွမ် ၃ သိန်း ၆ သောင်းဖြစ်သည်။ ညှော်ကြိုသည် အခန်းထဲတွင် ပြဿနာရှိမရှိစစ်ဆေးပြီးနောက် ကျန်းဟန်အား ယွမ် ၁ သိန်း ၄ သောင်း ပြန်အမ်းပေးခဲ့သည်။ ပြီးခဲ့သည့် နှစ်ရက်အတွင်း

ကုန်ကျစရိတ်ကို ပေါင်းလိုက်သောအခါ ကျန်းဟန်၏ဘဏ်ကတ်တွင် ယွမ် ၁.၆ သန်း ကျန်သေးသည်။

ရိုးရှင်းသည့် ခရီးဆောင်အိတ်တစ်လုံးကို ကိုင်ဆောင်ကာ ကျန်းဟန်သည် သူ၏ခရီးကို စတင်ထွက်ခွာခဲ့သည်။ သူသည် မြေအောက်ရထားလည်းမစီးသလို ကားဝယ်ရန်လည်း မရွေးချယ်ခဲ့ပေ။ ထိုအစား ခြိုးခြံချွေတာသည့်အနေဖြင့် အနီးအနားရှိ ကားအငှားကုမ္ပဏီတစ်ခုသို့သွားကာ ခရမ်းပြာရောင် ဂျစ်ကားတစ်စီးကို ယွမ် ၂သောင်း ၈ ထောင် သုံးကာ ငှားလိုက်သည်။ ဂျစ်ကားကို တစ်လစာ ငှားရမ်းခဲ့ခြင်းဖြစ်သည်။

ဂျစ်ကားကိုမောင်းနှင်ရင်း ကျန်းဟန်သည် သူ၏ပထမဆုံးဦးတည်ချက်ဖြစ်သော မို့ရှဲရိန့်တောင်ကိုရောက်ရန် နာရီဝက်အချိန်ယူခဲ့သည်။

မိနစ် ၂၀ ခန့်လမ်းလျှောက်ပြီးနောက် ကျန်းဟန်သည် မို့ရှဲရိန့် တောင်ပုလေး၏ ထိပ်သို့ ရောက်ရှိခဲ့သည်။

ပတ်ဝန်းကျင်နှင့် တောင်ပတ်ပတ်လည်လမ်းကို ကြည့်ရင်း ခေါင်းညိတ်လိုက်သည်။

“မဆိုးပါဘူး။ ဒီနေရာက ငါ့ကိုအထင်ကြီးအောင်လုပ်နိုင်မလားဆိုတာ မသေချာဘူး”

ကျန်းဟန်သည် သူ၏ညာလက်ကို မြှောက်လိုက်ပြီး ယန်-မိုးကြိုးသစ်ပင်ကို နားအတွင်းမှာ ထုတ်ယူလိုက်သည်။

အသက်ပြင်းပြင်းရှူလိုက်ပြီး ကျန်းဟန်သည် အဖြူရောင်ကျောက်စိမ်းကဲ့သို့သော ယန်မိုးကြိုးသစ်ပင်ကို သူ၏သွေးကြောထဲသို့ ထိုးထည့်လိုက်သည်။

ယခင်က ကျန်းဟန်သည် ဤယန်-မိုးကြိုးသစ်ပင်အား သန့်စင်ဖူးသည်။ အခုချိန်တွင် သူ့၌စိတ်ဝိညာဉ်ချိတ်မ်းအင် လုံးဝမရှိသော်လည်း သူနှင့် ယန်-မိုးကြိုးသစ်ပင်ကြားတွင် အားနည်းသည့် ဆက်သွယ်မှုတစ်ခုတော့ ရှိနေဆဲဖြစ်သည်။

ကျန်းဟန်သည် ယန်-မိုးကြိုးသစ်ပင်ကို နှိုးဆွရန် သူ၏သွေးကို အသုံးပြုခဲ့ပြီး သူ၏ရတနာအနံ့ခံနှာခေါင်းကို

အသုံးပြုနိုင်ရန် သစ်ပင်၏ စွမ်းအင်ကို သူ့ထံသို့လွှဲပြောင်းပေးခဲ့သည်။

ယန်-မိုးကြိုးသစ်ပင်

သူသွေးကြောထဲသို့ရောက်လာချိန်တွင် ကျန်းဟန်၏သွေးများ စီးထွက်လာသည်ကို ခံစားလိုက်ရပြီး တစ်ချိန်တည်းတွင် သူသည် အားနည်းသည့် စိတ်ဝိညာဉ်ချည်မျှင်များကို ခံစားလိုက်ရသည်။

"ရတနာအနံ့ခံနှာခေါင်း နိုးထစမ်း"

ကျန်းဟန်သူ၏မျက်လုံးကိုမှိတ်လိုက်လိုက်ရာ သူ၏ခြေထောက်အောက်ရှိတောင်၏ပုံရိပ်မှာ သူ့စိတ်အာရုံထဲတွင်ပေါ်လာသည်။

အသက်ပြင်းပြင်းရှူထုတ်လိုက်သောအခါ ဖျော့တော့သောအလင်းတန်းမျှင်များ သူ၏နှာခေါင်းဆီသို့ အဆက်မပြတ်စုစည်းသွားသည်။

နောက်အခိုက်အတန့်တွင် ကျန်းဟန်သည် ပေါ့ပေါ့ပါးပါးရှူရှိုက်လိုက်သည်။

"ဟမ်…"

သူရှရှိုက်လိုက်သည်နှင့် တပြိုင်နက် ကျန်းဟန်၏စိတ်အာရုံထဲရှိတောင်ပံုသဏ္ဍာန်သည် ပြောင်းလဲသွားသည်။ ပန်းပွင့်များမှသည် မြက်ခင်းများ၊ သစ်ပင်များ၊ မြေဆီလွှာများနှင့် ကျောက်ဆောင်များအထိ ဖျော့တော့သော အလင်းတန်းများ အဆက်မပြတ်ပေါင်းစပ်သွားကာ နောက်ဆုံးတွင် ကျန်းဟန်၏ နှာခေါင်းထဲသို့ ရှူရှိုက်မိသွားသည်။

မြက်ပင်များနှင့် ပန်းများ၏မွှေးရနံ့၊ သစ်ပင်များ၏စူးရှသောရနံ့နှင့် ကျောက်တုံးများနှင့်မြေဆီလွှာတို့၏ ထူးခြားသောရနံ့တို့ဖြစ်သည်။

မတူကွဲပြားသော ရနံ့များ ပေါင်းစည်းသွားကြသည်။ သို့သော် ထိုအနံ့များထဲတွင် ရတနာတစ်ခုခု၏ ထူးခြားသော ရနံ့ပါဝင်ခြင်း မရှိပေ။

"ဒါက ရတနာမြေတစ်ခုမဟုတ်ဘူးပဲ"

ယန်-မိုးကြိုးသစ်ပင်ကို နှုတ်လိုက်ပြီး ကျန်းဟန် သူ့နားထဲသို့ ပြန်ထည့်ကာ ခေါင်းယမ်းလိုက်သည်။

ဂျစ်ကားဆီသို့ တိတ်ဆိတ်စွာလျှောက်လာပြီး ဒုတိယနေရာဖြစ်သည့် ရှုံကျားတောင်သို့ မောင်းနှောင်လာခဲ့သည်။

နာရီဝက်ခန့်ကြာသောအခါ ကျန်းဟန် သွေးအနည်းငယ်ထပ်၍ ဆုံးရှုံးလိုက်ရပြီး တောင်ထိပ်တွင်ရပ်ကာ ခေါင်းယမ်းလိုက်သည်။

“ဒါလည်း ရတနာမြေ မဟုတ်ဘူး”

တောင်ဘက်ဆီသို့မောင်းနှင်လာပြီး သူသည် တစ်တောင်ပြီးတစ်တောင် စူးစမ်းလာသည်။ ရလဒ်က ကျန်းဟန်ကို စိတ်ပျက်စေသော်လည်း သူမအံ့သြမိချေ။

“ဒါလည်း ရတနာမြေမဟုတ်ပြန်ဘူး။ ငါမျှော်လင့်ထားသလိုပါပဲ။ ရတနာမြေတစ်ခုကို ဘယ်လိုလုပ် လွယ်လွယ်ကူကူ တွေ့နိုင်မှာလဲ”

ကျန်းဟန်၏မျက်နှာ အနည်းငယ်ဖျော့တော့နေသည်။ သူ သွေးအများအပြား ဆုံးရှုံးထားရသည်။

ဂျစ်ကားပေါ်တက်လိုက်ပြီး ကျန်းဟန်သည် နောက်ဆုံးနေရာဖြစ်သည့် လခြမ်းတောင်တန်းဆီသို့ ဦးတည်သွားလိုက်သည်။

"ဒီလခြမ်းတောင်ကတော့ ငါ့ကို စိတ်မပျက်စေဖို့ မျှော်လင့်ပါတယ်"

လခြမ်းတောင်သည် လခြမ်းပင်လယ်ကွေ့၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိသည်။

လခြမ်းပင်လယ်ကွေ့သည် ဟောင်ကောင်၏ နာမည်အကြီးဆုံး ခရီးသွားဆွဲဆောင်မှုနေရာဖြစ်သည်။ တောင်ကိုမှီ၍ ပင်လယ်ကိုမျက်နှာမူကာ ပင်လယ်ကွေ့သည် လခြမ်းပုံသဏ္ဍာန်ရှိသည်။ လခြမ်းပင်လယ်ကွေ့သည် အရှေ့ပိုင်းဟာဝိုင်အီ ဆိုသော ဂုဏ်သတင်းဖြင့် "ကောင်းကင်အောက်တွင် နံပါတ်တစ် ပင်လယ်ကွေ့" ဟူသော နာမည်ပြောင်ကိုလည်း ရရှိခဲ့သည်။

လခြမ်းတောင်တန်းပေါ်မှ ရှုခင်းဖြစ်သည့် အရှေ့ဘက်သို့မှီစောင်းနေသည့် လခြမ်းပင်လယ်ကွေ့သည် အလွန်သာယာလှသည်။ လခြမ်းတောင်ထိပ်ပေါ်တွင် ရပ်၍ကြည့်လျှင် လခြမ်းပင်လယ်ကွေ့၏ရှုခင်းတစ်ခုလုံးကို မြင်နိုင်၏။

ဤနေရာသည် တောင် ၇ လုံးတွင် အကောင်းဆုံးနေရာဖြစ်သည်။

လခြမ်းတောင်ထိပ်ပေါ်တွင်ရပ်ကာ လခြမ်းပင်လယ်ကွေ့ရဲ့ရှုခင်းကို ကြည့်ရင်း ကျန်းဟာန် အော်လိုက်သည်။

"တော်တော်ကောင်းတာပဲ"

သူ၏အိမ်သည် လခြမ်းပင်လယ်ကွေ့ အနောက်ဘက်ခြမ်းရှိ ဝါးခရိုင် တွင် တည်ရှိသည်။ ဟောင်ကောင်ဒေသခံများ၏အဆိုအရ ကျန်းဟာန်၏အိမ်သည် ၁၁၅ စတုရန်းမီတာကျယ်ဝန်းပြီး စံအိမ်ကြီးတစ်ခုအဖြစ်ယူဆထားပြီးဖြစ်သည်။

ဟောင်ကောင်တွင် စတုရန်းပေ ၁၀၀၀ ကျော်ကျယ်ဝန်းသော အိမ်တစ်လုံးကို စံအိမ်ကြီးတစ်ခုအဖြစ်သတ်မှတ်သည်။ ဟောင်ကောင်တွင် အိမ်ခြံမြေဈေးက အလွန်မြင့်မားသောကြောင့်ဖြစ်သည်။ တစ်ခါတုန်းက ဟောင်ကောင်ရှိအိမ်တစ်လုံးသည် ကမ္ဘာပေါ်တွင် ဈေးအမြင့်ဆုံးဖြစ်လာပြီး ကမ္ဘာတစ်ဝှမ်းလုံးကျော်ကြားခဲ့သည်။

စတုရန်းပေ ၁၀၀၀ သည် ၉၃ စတုရန်းမီတာနှင့်ညီမျှပြီး ကျန်းဟန်၏အိမ်သည် ၁၁၅ စတုရန်းမီတာ ကျယ်ဝန်းသည်။ လွန်ခဲ့သည့် ၇ နှစ်က သူသည် ထိုအိမ်ကိုဝယ်ရန် ယွမ် ၁၅ သန်း သုံးစွဲခဲ့သည်။ ယွမ် ၃ သန်း ကုန်ကျသည့် ပြုပြင်မွမ်းမံမှုများနှင့် ပရိဘောဂများ အပါဝင် ထိုအိမ်အတွက် စုစုပေါင်း ၁၈ သန်း သုံးစွဲခဲ့သည်။

ထို့မျှနှင့်ပင် ကျန်းဟန်သည် အိမ်၏ရလဒ်ကို မကျေနပ်နိုင်သေးပေ။ ဝါးခရိုင်နှင့်ယှဉ်လျှင် လခြမ်းပင်လယ်ကွေ့သည် သူနေချင်သည့် နေရာဖြစ်သည်။

သို့သော် လခြမ်းပင်လယ်ကွေ့ရှိ အိမ်ဈေးနှုန်းများသည် ပေကျင်း၏သခင်လေးလေးယောက်ထဲမှာ တစ်ဦးဖြစ်သည့် ကျန်းဟန်အတွက်ပင် အလွန်များပြားလွန်းလှသည်။

အိမ်ခြံမြေဈေးက မိုးထိနေ၏။

ဤဝါကျသာလျှင် လခြမ်းပင်လယ်ကွေ့ရှိ အိမ်များကို အကောင်းဆုံးဖော်ပြနိုင်သည်။

အထူးသဖြင့် လခြမ်းပင်လယ်ကွေ့ရှိ အိမ်ကြီးများအတွက် အိမ်တစ်လုံးသည် ယွမ် ၁ ဘီလီယံကျော် အနည်းဆုံးရှိသည်။ လခြမ်းပင်လယ်ကွေ့ရှိသာမန်အိမ်များပင် မယုံနိုင်လောက်အောင် ဈေးကြီးသည်။ ထို့ကြောင့် ကျန်းဟန်သည် လခြမ်းပင်လယ်ကွေ့တွင် အိမ်ဝယ်လိုသော စိတ်ကူးကို စွန့်လွှတ်ခဲ့ရသည်။

"ဒီလခြမ်းတောင်ကအဆင်ပြေရင် ငါ့ရဲ့အတိတ်က ဆန္ဒလေးတစ်ခု ဖြည့်ဆည်းပေးနိုင်တယ်လို့ ထင်တာပဲ"

ကျန်းဟန်ခေါင်းယမ်းလိုက်ပြီး နားထဲက ယန်မိုးကြိုးသစ်ပင်ကို တစ်ဖန်ပြန်ထုတ်လိုက်သည်။

ယန်မိုးကြိုးသစ်သားကို သူ့သွေးကြောထဲသို့ ထိုးထည့်လိုက်ရာ သူ၏သွေးများကို ယန်မိုးကြိုးသစ်ပင်မှ စုပ်ယူလာသည်။ ယန်မိုးကြိုးသစ်ပင်နှင့် ဆက်သွယ်မှုကို နက်ရှိုင်းစေကာ ယန်မိုးကြိုးသစ်ပင်မှ နောက်တစ်ကြိမ် ကျန်းဟန်ထံသို့ စိတ်ဝိညာဉ်စွမ်းအင် အနည်းငယ် ထုတ်လွှတ်ပြန်သည်။

"ရတနာအနံ့ခံနှာခေါင်း နိုးထစမ်း"

ကျန်းဟန် သူ၏မျက်လုံးများကို မှိတ်လိုက်ပြီး ဖြေးညှင်းစွာရှူရှိုက်လိုက်သည်။

အမျိုးမျိုးသော ရနံ့များသည် သူ၏နှာခေါင်းဆီသို့ တိုးဝင်လာသည်။

ရုတ်တရက် အလွန်ပြင်းထန်ပြီး သန့်စင်သော ရနံ့လေးသည် သူ၏နှာခေါင်းတွင်းသို့ တိုးဝင်လာသည်။ ၎င်းအနံ့က နှစ်တစ်ရာသက်တမ်းရှိသည့် ဝိုင်ရနံ့နှင့် တူသည်။

"ကောင်းကင်က ငါ့ကို ပစ်မထားဘူးပဲ။ ဒါက တကယ်ကို စိတ်ဝိညာဉ်ရေကန်တစ်ခုပဲ ဟားဟားဟား..."

ကျန်းဟန်ကောင်းကင်ကို မော့ကြည့်ကာ ကျယ်လောင်စွာရယ်မောလိုက်သည်။ သူရယ်နေရင်း သွေးဆုံးရှုံးမှုလွန်ကဲမှုကြောင့် ရုတ်တရုတ် မျက်လုံးမှိတ်က လဲကျသွားလေသည်။

......

"ဝုတ်..ဝုတ်..."

အချိန်မည်မျှကြာသွားသည်မသိ ကျန်းဟန်သည် ရုတ်တရက် သူ့ဘေးမှ ခွေးဟောင်သံကို ခံစားလိုက်ရသည်။ ခွေးက နှစ်ကြိမ်ဟောင်လိုက်ပြီးနောက် သူ၏အင်္ကျီကို ကိုက်ဆွဲကာ အနောက်သို့ဒရွတ်တိုက်ဆွဲသွားသည်။

ဟမ်....?

ကျန်းဟန် မျက်လုံးဖွင့်လိုက်သည်။

အခုအချိန်တွင် သူသည် သွေးထွက်လွန်သည့်လက္ခဏာများ ဖြစ်ပေါ်နေသည်။ သူ၏မျက်နှာနှင့် နှုတ်ခမ်းများက ဖြူဖျော့နေပြီး အရေးပြားပေါ်တွင် ချွေးအေးများထွက်ကာ

ခြေလက်များအေးစက်နေ၍ ခွန်အားကင်းမဲ့နေသည်။ သွေးခုန်နှုန်းနှင့် အသက်ရှူများလည်းမြန်လာကာ အားနည်းလာသည်။

သူ့ခန္ဓာကိုယ်ကို ပြင်းပြင်းထန်ထန် အားစိုက်ထိုင်ရင်း သူ့ဘေးတွင် ခွေးတစ်ကောင် ရှိနေသည်ကို ချက်ချင်းတွေ့လိုက်ရသည်။

ခေါင်းစခြေဆုံး ညစ်ပတ်ပေတူးနေသော မျက်လုံးလေးလုံး(၂ လုံးက အမွေးက အရောင်အကွက်ကြားကိုပြောတာပါ) ရှိ ခွေးတစ်ကောင်ဖြစ်သည်။ ဤခွေးကို တရုတ်ကျေးလက်ခွေးဟုလည်းခေါ်ကြပြီး အများအားဖြင့် "တရုတ်ခွေး" ဟုခေါ်ကြသည်။(Native Dog ဆိုတော့ မြန်မာပြည်မှာဆိုရင်တော့ မြန်မာခွေးပေါ့ အခုက တရုတ်ပြည်မှာဆိုတော့ တရုတ်ခွေးပေါ့နော်)

သူ့ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သည့်အခါ ကျန်းဟန်သည် သူ၏လက်ရှိတည်နေရာနှင့် မေ့လဲသွားစဉ်က

တည်နေရာမှာ မီတာ ၂၀ အကွာမှာရှိနေသည်ကို တွေ့လိုက်ရသည်။ ဒီခွေးလေးသည် ကျန်းဟန်မေ့လဲသွားသည်ကို မြင်ပြီး သူ့အား တောင်ပေါ်သို့ ဆွဲတင်ပေးချင်ပုံရသည်။

“ကြည့်ရတာ ကြင်နာတတ်တဲ့နှလုံးသားနဲ့ခွေးလေးထင်တယ်”

ကျန်းဟန်ပေါ့ပေါ့ပါးပါးရယ်မောလိုက်သည်။ ရှေ့မတိုးဝံ့ပဲ နိုးနိုးကြားကြားဖြစ်နေသည့် ကျေးလက်ခွေးလေးကို ကြည့်ရင်း သူ၏လက်ဖဝါးကို ခွေးလေးဆီသို့ ဆန့်တန်းလိုက်သည်။

ဖော်ရွေသည့် အချက်ပြမှုကို ရရှိပြီးနောက် ခွေးလေးသည် ကျန်းဟန်ဆီသို့ ဖြည်းညှင်းစွာ လျှောက်သွားသည်။ ကျန်းဟန်သည် ခွေးကလေးက ညစ်ပေနေသည်ကို စိတ်မရှိပဲ ခေါင်းအားပုတ်ပေးနေသည်။ ထို့ကြောင့် ခွေးလေးသည် သူ၏အမြီးကို ပျော်ရွှင်စွာ နံ့လိုက်သည်။

ထိုအချိန်တွင် ကျန်းဟန်သည် ခွေးလေး၏ ညာဘက်ခြေထောက်မှာ ကျိုးနေသည်ကို တွေ့လိုက်ရသည်။

ကြည့်ရတာ ဤကောင်လေးကို စွန့်ပစ်ထားပုံရသည်။

ခွေးလေးသည် ကျန်းဟန် ပတ်ပတ်လည်ကို နှစ်ကြိမ်လျှောက်ပတ်လိုက်သည်။ ကျန်းဟန် အဆင်ပြေနေသည်ကို မြင်တော့ ခွေးလေးသည် လှည့်ထွက်သွားသည်။

ကျန်းဟန်သည် တောင်ပေါ်မှ မထွက်ခွာမီ မိနစ်အနည်းငယ်ကြာအောင် ငြိမ်သက်စွာထိုင်နေခဲ့သည်။ ဂျစ်ကားထဲဝင်လိုက်သည့်အခါ ကျန်းဟန်၏မျက်လုံးများသည် လခြမ်းတောင်ကို စွေကြည့်လိုက်သည်။ ကြည့်နေရင်းနှင့် သူ၏ပါးစပ်ထောင့်တွင် အပြုံးတစ်ခု၏အရိပ်အယောင်ကို ချိတ်ဆွဲလိုက်သည်။

စိတ်ဝိညာဉ်ရေ။ သူ၏နာမည်အတိုင်းပင် သူသည် စိတ်ဝိညာဉ်မြေဆီလွှာ၊ စိတ်ဝိညာဉ်မြက်ပင် စသည်တို့နှင့် ဆင်တူသည်။ ကျင့်ကြံရာတွင် အသုံးပြုနိုင်သည့် အရာတစ်ခုဖြစ်သည်။

လခြမ်းတောင်၏ အလယ်တွင် လိုဏ်ဂူတစ်ခုရှိပြီး အတွင်း၌ စိတ်ဝိညာဉ်ရေကန်တစ်ခုရှိသည်။

၎င်းသည် သာမာန်အဆန်ဆုံး စိတ်ဝိညာဉ်ရေအမျိုးအစားဖြစ်ပြီး အများအပြားမရှိသော်လည်း ယန်-မိုးကြိုးသစ်ပင်၏ အာဟာရဓာတ်အောက်တွင် စိတ်ဝိညာဉ်ရေသည် သန့်စင်သောယန်ရေစင်အဖြစ်သို့ ပြောင်းလဲသွားနိုင်မည်ဖြစ်သည်။

သန့်စင်သောယန်ရေစင်သည် စိတ်ဝိညာဉ်ရေနှင့် ယှဉ်ပါက များစွာပို၍အသုံးဝင်ပေသည်။ ၎င်းသည် ယန်-မိုးကြိုးသစ်ပင်ကို အာဟာရဖြစ်နိုင်ပြီး ယန်-မိုးကြိုးသစ်ပင်နှင့် သူ့ဘာသာသူ အပြန်အလှန်အကျိုးပြုစက်ဝန်းတစ်ခု စတင်နိုင်သည်။

ယန်-မိုးကြိုးသစ်ပင်သည် နယ်မြေကို အာဟာရပေးသည်ဆိုပါက သန့်စင်သောယန်ရေစင်သည် သက်ရှိသတ္တဝါများအား အာဟာရပေးနိုင်သည်။ စွမ်းရည်တစ်ခုတည်းပြောမည်ဆိုလျှင်

သန့်စင်သောယန်ရေစင်သည် ပိုကောင်းသော်လည်း အနှစ်သာရအရဆိုလျှင် ယန်-မိုးကြိုးသစ်သားသည် သန့်စင်သောယန်ရေစင်ထက် များစွာပို၍အဆင့်မြင့်သည်။

ကျင့်ကြံခြင်းလောကတွင် မရေမတွက်နိုင်သော ရတနာများနှင့် တန်ခိုးအာဏာများ ရှိခဲ့သည်။ အချို့သော ရတနာများသည် စိတ်ဝိညာဉ်ရတနာများပင် ဖြစ်သည်။ စိတ်ဝိညာဉ်ရတနာများကို အဆင့် ၁ မှ ၉ အထိ စီစဉ်သတ်မှတ်ထားသည်။ အဆင့်မြင့်လေ စိတ်ဝိညာဉ်ရတနာက ပိုကောင်းလေဖြစ်သည်။ ယန်မိုးကြိုးသစ်ပင်သည် အဆင့် ၅ စိတ်ဝိညာဉ်ရတနာဖြစ်ပြီး သန့်စင်သောယန်ရေစင်သည် အဆင့် ၁ သာရှိသည်။ စိတ်ဝိဉာဉ်ရေကရော မည်သည့်အဆင့်နည်း။ စိတ်ဝိညာဉ်ရေသည် စိတ်ဝိညာဉ်ရတနာဟုပင် မသတ်မှတ်နိုင်ပေ။

စိတ်ဝိညာဉ်ရတနာသည် အားလုံးကို ခြုံငုံထားသည့် ယေဘူယျအသုံးအနှုန်းဖြစ်သည်။ ပန်းပွင့်၊ သစ်ပင်၊ သစ်သား၊

ဆေးလုံး၊ လက်နက် စသည်ဖြင့် အမျိုးအစားများကိုပင် စိတ်ဝိညာဉ်ရတနာအဖြစ် မှတ်ယူနိုင်သည်။

ဟန်ယန်အင်မော်တယ်ကေရာဇ်သည် ကျင့်ကြံခြင်းလောကတစ်ခုလုံးကို လှုပ်ခတ်သွားစေခဲ့သည့်အချိန်က ဤအဆင့် ၅ ယန်မိုးကြိုးသစ်သားသည့် သူ့အတွက်အသုံးမဝင်ခဲ့ပေ။ သို့သော် ယခုအချိန်တွင် ကျန်းဟန်သည် အင်မော်တယ်လမ်းစဉ်၏ ကျင့်ကြံခြင်း ဝင်ပေါက်သို့ လှမ်းဝင်ရန် လိုအပ်သည့် ပစ္စည်းတစ်ခုဖြစ်နေပြီဖြစ်သည်။

ကျန်းဟန်သည် ရတနာမြေတစ်ခုကို ရှာတွေ့သော်လည်း တောင်ကိုချက်ချင်းသိမ်းပိုက်ပြီး သူ့ကိုယ်သူ ထိုတောင်၏ဘုရင်ဟု သတ်မှတ်ရန် မရည်ရွယ်ပေ။

သူသည် ဟန်ယန်အင်မော်တယ်ကေရာဇ် မဟုတ်တော့ပေ။ လက်ရှိ သူသည် ဤညစ်ညမ်းသော သေမျိုးကမ္ဘာ၏ ကျည်ဆန်များကို တာဆီးနိုင်ခြင်းမရှိချေ။ ထို့ကြောင့် သူသည် စည်းမျဉ်းများကို လိုက်နာပြီး

အိမ်သို့အရင်ပြန်ကာ ဘာလုပ်ရမည်ကို မဆုံးဖြတ်မီ လခြမ်းတောင်အကြောင်း စုံစမ်းရန် လိုအပ်သည်။

သို့သော်လည်း ကျန်းဟာန်သည် ထိုအရာများမတိုင်မီကတည်းက ၇ နှစ်ကြာအောင် နေထိုင်ခဲ့ခြင်းမရှိသော "စံအိမ်" သို့ ပြန်သွားရန် ရည်ရွယ်ထားသည်။

စံအိမ်သည် ဝါးခရိုင်၏ မီလန်ရပ်ကွက်တွင် တည်ရှိသည်။

ကျန်းဟာန်သည် အိမ်ခြံမြေ စီမံခန့်ခွဲရေးနေရာသို့ မောင်းသွားခဲ့သည်။ ကျန်းဟာန်ရောက်ရှိလာသောအခါ အိမ်ခြံမြေစီမံခန့်ခွဲရေး ဝန်ထမ်းများသည် အနည်းငယ်အံ့အားသင့်သွားသော်လည်း သူတို့သည် အလွန်စိတ်အားထက်သန်နေကြဆဲဖြစ်သည်။

ဤနေရာရှိ ဝန်ထမ်းများမှာ အလွန်များပြားပြီး အကြိမ်ရေများစွာ ပြောင်းလဲနေပြီဖြစ်သော်လည်း ဝန်ထမ်းများသည် အိမ်ပိုင်ရှင်များအားလုံး၏ အချက်အလက်ကို သိရှိသည်။ ထို့ကြောင့် ကျန်းဟာန်သည်

ဤအလွန်ကောင်းမွန်သည့်အိမ်ကြီး၏ ပိုင်ရှင်ဖြစ်ကြောင်း သိကြသည်။ ထိုစဉ်က ကျန်းဟာန်သည် အိမ်ကိုယူလာချိန်တွင် သူသည် ၁၀ နှစ်စာ အိမ်ခန်းကြေး ကြိုတင်ပေးချေခဲ့သည်။ ထိုသို့သောကိစ္စမျိုးသည် သိပ်မတွေ့ရချေ။

“မစ္စတာကျန်း” စီမံခန့်ခွဲရေးဝန်ထမ်းက အိမ်သော့ကို ကျန်းဟာန်အား လှမ်းပေးရင်း “ လဝက်တိုင်း ကျွန်တော်တို့ အိမ်ခြံမြေစီမံခန့်ခွဲရေးမှူးက ခင်ဗျားရဲ့အိမ်ကို အိမ်သန့်ရှင်းရေးလုပ်ဖို့ သန့်ရှင်းရေးသမားပို့ပေးတယ်။ ခင်ဗျားပြန်ရောက်နေပြီဆိုတော့ သော့ပြန်ပေးလိုက်ပါမယ်။ ပြဿနာတစ်ခုခုရှိရင် ကျွန်တော်တို့ဆီ အချိန်မရွေးဆက်သွယ်နိုင်ပါတယ်”

“အိုး…” ကျန်းဟာန်သည် ထိုမျှ ဝန်ဆောင်မှုကောင်းလိမ့်မည်ဟု မမျှော်လင့်ထားပေ။ ခေါင်းညိတ်ပြလိုက်ပြီးနောက် အိမ်ခြံမြေစီမံခန့်ခွဲရေးနေရာမှ ထွက်သွားခဲ့သည်။

-C 11 End

wunzinnosp

## အပိုင်း(၁၂) - ဇီယန်၏ အကြပ်အတည်း

သန့်ရှင်းသပ်ရပ်နေသော စံအိမ်ကြီးကိုကြည့်လိုက်ပြီး ကျန်းဟန် ကျေနပ်စွာခေါင်းညိတ်လိုက်သည်။

စံအိမ်ကြီးသည် တောင်နှင့်မြောက် အလျားလိုက်ဖြစ်သည်။ ကျယ်ဝန်းသည့် ဧည့်ခန်းကြီးတစ်ခန်း၊ အဖွင့်မီးဖိုချောင်တစ်ခုနှင့် အိပ်ခန်းသုံးခန်း ပါရှိသည်။

ဧည့်ခန်း ရေချိုးခန်းနှင့် အိပ်ခန်းတို့မှာ အလွန်ခမ်းနားထည်ဝါသည်။ ဂျာမနီထုတ် စကျင်ကျောက်ပြားကြမ်းခင်း၊ အလွန်လက်ရာမြောက်သော ကြွေပြားခေါင်မိုး၊ ခေတ်မီ မီးဖိုချောင်တို့မှာ ၇ နှစ်ကြာပြီးတာတောင်မှာ သူလိုချင်သည့်အတိုင်းရှိနေဆဲဖြစ်သည်။

အိမ်ပတ်ပတ်လည်ကို လိုက်ကြည့်ပြီးနောက် ကျန်းဟန်မောပန်းနွမ်းနယ်လာသည်။ ယခုဆိုလျှင် သူသည်

သာမန်သေမျိုးလူသားတစ်ဦးသာဖြစ်သည်။

သွေးအလွန်အကျွံဆုံးရှုံးမှု၏ အကျိုးဆက်က သူ့အား ကြီးမားစွာသက်ရောက်နေဆဲဖြစ်သည်။ ယန်မိုးကြိုးသစ်ပင်ကို စိုက်ပျိုးပြီး ၎င်းရဲ့စွမ်းအင်ကို စုပ်ယူကာ ချီသန့်စင်ခြင်းအဆင့်သို့ တက်ရောက်မှသာ သူ၏ခန္ဓာကိုယ်က ပြန်လည်ကောင်းမွန်လာမည်ဖြစ်သည်။

ကျန်းဟန် ဆိုဖာပေါ်လဲလျောင်းရင်း တီဗွီကိုဖွင့်လိုက်သည်။ တီဗွီကြည့်နေရင်း နှစ်မိနစ်ခန့်ကြာသည့်အခါ ဆိုဖာပေါ်တွင် အိပ်ပျော်သွားသည်။

……

အင်ပါယာဖျော်ဖြေရေးကုမ္ပဏီ ၊ Artist Director မိန်ချီ၏ရုံးခန်းတွင်

“အစ်မမိန်”

ဇီယန် တံခါးကို ဖြေးညှင်းစွာခေါက်လိုက်ပြီး ရုံးခန်းထဲလျှောက်သွားသည်။ သခင်လေးလီ၊ လီချန်းကို

တစ်ချက်ကြည့်လိုက်ပြီးနောက် သူမသည် မိန်ချီ ဆီသို့ ခေါင်းညိတ်ကာ ပြောလိုက်သည်။

“ကျွန်မသေချာစဉ်းစားပြီးသွားပြီ။ ကျွန်မ အရင်ဆုံး အယ်လ်ဘမ် တစ်ခုထုတ်ချင်တယ်”

“အိုး” မိန်ချီသည် သူမ၏ရုံးခန်းထိုင်ခုံကို အနောက်သို့မှီလိုက်သည်။ သူမ၏အမူအရာမှာ လွန်ခဲ့သော နှစ်အနည်းငယ်ကကဲ့သို့ စိတ်အားထက်သန်မှုမရှိချေ။ သာမန်လေသံဖြင့်ပင် သူမပြောလိုက်သည်။

“အဲ့ဒါကောင်းတယ်။ တကယ်တော့ မင်းက ဖျော်ဖြေရေးလောကထဲ မဝင်တာ ငါးနှစ်ရှိပြီ။ မင်းရဲ့ အရင်ကပရိတ်သတ်တွေက မင်းကိုဘယ်လိုခံစားရလဲဆိုတာ ဘယ်သူသိမှာလဲ။ အယ်လ်ဘမ် ကိုအရင်ထုတ်ပြီး အခြေအနေကို ကြည့်ရမယ်”

ဇီယန်က အဓိကအချက်ကို သတိရသွားပြီး

“အစ်မမိန် ပြီးခဲ့တဲ့အပတ်က ကုမ္ပဏီရဲ့ Music library မှာ ပရီမီယံသီချင်း ၁၀ ပုဒ်ရှိတယ်လို့ ပြောခဲ့တယ်။ အဲ့ထဲက

သီချင်းလေးပုဒ် ရွေးလို့ရမလား ။ နေ့လည်ကျရင် ကျွန်မသွားဖို့စိတ်ကူး…”

“အဲ့ဒါ ပြီးခဲ့တဲ့အပတ်ကလေ။ ရှောင်ယန် အနုပညာရှင်တွေအကုန်လုံးကို မျှပေးဖို့ ကုမ္ပဏီမှာ လုံလောက်တဲ့ အရင်းအမြစ်တွေမရှိဘူးဆိုတာ မင်းသိတာပဲ။ အခုဆို ၈ ပုဒ်လောက်က ယူပြီးသွားကြပြီ။ ငါမင်းကို ကျန်တဲ့ နှစ်ပုဒ်ပေးနိုင်ပေမဲ့ အယ်လ်ဘမ်က အနည်းဆုံး ၁၀ ပုဒ်လိုတယ်။ ဒါကြောင့် လိုနေတဲ့ သီချင်း ၈ ပုဒ်ကို Music library က ရိုးရိုးသီချင်းတွေထဲကပဲ ရွေးလို့ရမယ်”

ဧယန် မှင်တက်သွားပြီး အနည်းငယ်စိတ်ပျက်သွားသည်။

ဖျော်ဖြေရေးနယ်ပယ်တွင် လုပ်ကိုင်လာခဲ့သည့် ငါးနှစ်တာကာလအတွင်း ဧယန်သည် မိန်ချီ တစ်ယောက်တည်းကြောင့်သာ ဖျော်ဖြေရေးလောက၏ အထွတ်အထိပ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ သူတို့နှစ်ယောက်ကြားရှိ ဆက်ဆံရေးမှာ မဆိုးပေ။ မိန်ချီက သူမအား အလွန်ဂရုစိုက်သည်။ ကုမ္ပဏီတွင် ပရီမီယံသီချင်းများ

လက်ခံရရှိသည့်အခါတိုင်း မိန်ချီသည် ဇီယန်အား အရင်ဆုံးရွေးချယ်ခွင့်ပေးသည်။ ထို့ပြင် မိန်ချီသည် ဇီယန်အတွက် နာမည်ကြီးတေးရေးဆရာများထံ သွားရောက်တောင်းဆိုပေးလေ့ရှိသည်။

ယခုအချိန်တွင်တော့ မိန်ချီသည် လုံးဝလူသစ်တစ်ယောက်ကဲ့သို့ ပြောင်းလဲသွားလေ၏။

သို့သော် ဇီယန်သည် မိန်ချီကို အပြစ်မတင်ပေ။ သူမ ကုမ္ပဏီမှထွက်သွားစဉ်က မိန်ချီအပေါ်တွင် အနည်းငယ်အကျိုးသက်ရောက်မှုရှိခဲ့သည်။

ဒါပေမယ့်လည်း ဇီယန်၏ နှလုံးသားထဲမှ နာကျင်မှုကို မခံစားပဲမနေနိုင်။

သူမ ပါးစပ်ဖွင့်ဟပြီး မိန်ချီရဲ့ အဆိုပြုချက်ကို လက်ခံခါနီးတွင် ဘေးမှာရပ်နေသည့် လီချန်းက စကားပြောလိုက်သည်။

"မိန်ချီ ဘာပဲဖြစ်ဖြစ် ဇီယန်က တစ်ချိန်တုန်းက မင်းရဲ့ ရွှေအဆင့်အနုပညာရှင် ဖြစ်ခဲ့တာပဲလေ။ မင်းသူမကို

ကတိပေးခဲ့သလို ဘယ်လိုပြန်သွားနိုင်မလဲ။ ဇီယန်ကို ပရီမီယမ်သီချင်း ၁၀ ပုဒ်ထဲက လေးပုဒ် ရွေးခွင့်ပေးလိုက်ပါ”

လီချန်းပြောလိုက်ပြီးနောက် မိန်ချီ၏မျက်နှာမှာ အခက်တွေ့နေသည့်အမူအရာပေါ်လာသည်။

ဇီယန် လီချန်းကို တစ်ချက်ကြည့်လိုက်သည်။

ဤသခင်လေးလီသည် ချမ်းသာသည့် ဒုတိယမျိုးဆက် သူဌေးသား သခင်လေးတစ်ယောက်ဖြစ်သည်။ သူ၏အဖေ လီဟိုင် သည် အင်ပါယာဖျော်ဖြေရေးကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင် တစ်ယောက်ဖြစ်သည်။ ထို့ကြောင့် လီချန်းသည် ကုမ္ပဏီတွင် တရားဝင်ရာထူးမရသေးသော်လည်း ပါဝါအချို့တော့ ရှိနေဆဲဖြစ်သည်။

လီချန်းသည် အရပ် ၁.၈ မီတာမြင့်သည်။ သူ၏ပုံသဏ္ဍာန်မှာ ကြည့်ကောင်းပြီး ချောမောမှုမှာ ကောင်မလေးများ ကောက်ယူလိုက်သည့် ရေထဲမှ ငါးတစ်ကောင်ကဲ့သို့ ဖြစ်သည်။ သို့သော် ကုမ္ပဏီအတွင်း၌

သူနှင့် မရှုပ်မရှင်းရှိသည့် အနုပညာရှင်အနည်းငယ်ရှိကြောင်း ကောလဟာလများ ထွက်ပေါ်နေသည်။

ထိုကောလဟာလတစ်ခုတည်းကြောင့်ပင် ဇီယန်သည် ချီတုံချတုံဖြစ်သွားသည်။

ဇီယန်တွင် သမီးတစ်ယောက်ရှိနေပြီဖြစ်ပြီးဖြစ်သော်လည်း ကျန်းဟန်နှင့် မရှင်းလင်းသော ဆက်ဆံရေးကို သူမစိတ်မရှိပေ။ သူမ ကျန်းဟန်နှင့်ဆက်ဆံရေးကို မဖြေရှင်းရသေးခင်မှာ တစ်ခြားယောက်ျားတစ်ယောက်ရှာဖို့ ရည်ရွယ်ချက်မရှိပေ။

“အဲဒါက...”

မိန်ချီ၏မျက်နှာသည် ခက်ခဲသည့်ပုံပေါ်နေပြီး နောက်ဆုံးတွင် သူမအကူအညီမဲ့သည့်လေသံဖြင့်

“သခင်လေးလီပြောပြီးပြီဆိုတော့ ငါမငြင်းတော့ပါဘူး။ ဇီယန် မင်းသခင်လေးလီကို ကောင်းကောင်း ကျေးဇူးတင်သင့်တယ်။ မနေ့က သခင်လေးလီနဲ့ ညစာစားဖို့ချိန်းထားတာ မသွားဘူးလို့ ငါကြားတယ်”

ဇီယန်၏အမူအရာမှာ မပြောင်းလဲချေ။ သူမ၏ အေးစက်သောမျက်နှာက သူမဘာတွေးနေသည်ကို ဘယ်သောအခါမှ ဖော်မပြပေ။ ဇီယန်အားလုံးကို နားထောင်ပြီးနောက် မတ်တပ်ထရပ်ပြီး လီချန်းကို အနည်းငယ်ခေါင်းညိတ်ပြသည်။

"သခင်လေးလီရဲ့ ကောင်းမွန်တဲ့အကူအညီအတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်မကုမ္ပဏီစည်းမျဉ်းကို မချိုးဖောက်ချင်ဘူး။ အစ်မမိန် စောစောကပြောသလိုပဲ ဆက်သွားလိုက်ပါ့မယ်။ ကျွန်မသီချင်းနှစ်ပုဒ်ပဲယူပါမယ်"

ပြောပြီးနောက် ဇီယန်သည် သူမ၏ဒေါက်မြင့်ဖိနပ်ဖြင့် အိနြေ္ဒရှင်ခြေလှမ်းများနှင့်လျှောက်လှမ်းကာ ရုံးခန်းထဲမှ ထွက်လာခဲ့သည်။ လီချန်း၏အကူအညီကိုလက်ခံလိုက်ခြင်းက သူမကို ဖျော်ဖြေရေးနယ်ပယ်တွင် အမြင့်သို့ရောက်ရန် အထောက်အကူဖြစ်စေသော်လည်း ထိုသို့သော အရာမျိုးကို သူမငြင်းပယ်ခဲ့သည်။ ပေးဆပ်ရမည့် တန်ဖိုးက ဘာလဲဆိုတာကို သူမသိသည်။

"ဟားဟား..."

လီချန် ခပ်တိုးတိုးရယ်လိုက်သည်။ ပြတင်းပေါက်မှတစ်ဆင့် စကြ်န်အောက်တွင် လမ်းလျှောက်နေသော ဇီယန်ကိုကြည့်လိုက်သည်။

"ဟမ့် အကောင်းအဆိုးကို နားမလည်ဘူး။" မိန်ချီမျက်မှောက်ကြုတ်ရင်းပြောလိုက်သည်။

"သူမကိုယ်သူမအရင်တုန်းကအနေအထားမှာရှိနေတုန်းလို့ပဲ တကယ်ကြီးထင်နေတာလား။ နာမည်ကျသွားတဲ့သူတစ်ယောက်က ဘယ်လိုလုပ်လွယ်လွယ်ကူကူပြန်ပြီး တောက်ပနိုင်မှာလဲ"

"ပြောပါစေ ငါ သူမရဲ့ဒေါသကို တကယ်ကြိုက်တယ်။ သူမက ဝေးဝေးနေလေလေ သူမကို ပိုပြီးအနိုင်ယူချင်လေလေပဲ" လီချန်းခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည်။

"ငါ သူမကို အခက်အခဲဆိုတာ ဘယ်လိုမျိုးလဲလို့ မြည်းစမ်းခွင့်ပေးလိုက်မယ်။ သူမလို အကျင့်စာရိတ္တကို

အလေးထားတဲ့သူတွေက အရင်ဆုံးအမှန်တရားကိုလက်ခံနိုင်လာဖို့လိုတယ်”

“အဲ့ဒါအကြံကောင်းပဲ” လီချန်းခေါင်းညိတ်လိုက်သည်။

“ငါ သူမကို ပရီမီယံသီချင်း ၁၀ပုဒ်ထဲက တစ်ပုဒ်တောင်မပေးဘူး။ Music library က ကြုံရာသီချင်းနှစ်ပုဒ်ရွေးပြီး သူမကို ပရီယံသီချင်းဆိုပြီးပေးလိုက်မယ်။ ကျန်တဲ့သီချင်းတွေတော့ သူ့ဘာသာပဲ ရှာပါစေပေါ့” မိန်ချီ ကဲ့ရဲ့ပြောလိုက်သည်။

အမှန်တော့ ပရီမီယံသီချင်း ၁၀ ပုဒ်ထဲက တစ်ပုဒ်မှ မယူရသေးပေ။ မိန်ချီက လီချန်းလိုချင်သည့်အတိုင်း ပြောလိုက်ရုံသာဖြစ်သည်။ လီချန်း၏ ရည်အရွယ်ချက်လား? သူ၏ ယုတ်မာသောစိတ်ဓာတ်ကို ရှင်းပြနေစရာပင် မလိုချေ။

သူမ၏ရုံးခန်းသို့ အပြန်လမ်းတစ်လျှောက်တွင် သူမအားနှုတ်ဆက်မည့်သူ တစ်ယောက်မျှမရှိပေ။ ထို့မျှသာမက သူမအား “နာမည်ကျဆယ်လီ” ဟု ပြောသံအချို့ကိုပင် ကြားလိုက်ရသည်။ သို့သော် ဇီယန်

တုန်လှုပ်ခြင်းမရှိပေ။ သူမ၏အေးစက်သော မျက်နှာသည် သူမ၏ပင်ပန်းနွမ်းနယ်မှုနှင့်အကူအညီမဲ့မှုတို့ကို မည်သူမှမမြင်နိုင်ရန် အကောင်းဆုံးအကာအကွယ်တစ်ခုဖြစ်သည်။

ဇီယန် ရုံးခန်းထဲသို့ဝင်သွားပြီးနောက် ကျိုးဖေး ချက်ချင်းထရပ်လိုက်ပြီး "အစ်မယန် ဘယ်လိုလဲ? မိန်ချီက အစ်မကို ပရီမီယံသီချင်းတွေပေးခဲ့လား"

"သူ ငါ့ကို ပရီမီယံနှစ်ပုဒ်ပဲပေးတယ်" ဇီယန် ဖြေးညှင်းစွာခေါင်းခါလိုက်သည်။

"နှစ်ပုဒ်လား" ကျိုးဖေးမျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။

"ပရီမီယန်သီချင်းနှစ်ပုဒ်တည်းနဲ့ အယ်လ်ဘမ်ဘယ်လိုထုတ်နိုင်မှာလဲ။ အစ်မအတွက် အနည်းဆုံးလေးပုဒ်ရှိရမှာ။ ဒီစုန်းမကြီးက တမင်သက်သက်လုပ်နေတာ ထင်တယ်"

“ဖေးဖေး အဲ့လိုမပြောပါနဲ့ ၊ ပရီမီယန်သီချင်း ၁၀ ပုဒ်က နှစ်ပုဒ်ပဲ ကျန်တော့တာ” ဆိုဖာပေါ်ထိုင်ပြီး ဇီယန် သက်ပြင်းချလိုက်သည်။

“ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ။ တစ်ယောက်ယောက် ပရီမီယံသီချင်းတွေ ရသွားတယ်လို့ ဘာလို့မကြားမိတာလဲ။ သူ ငါတို့ကို မပေးချင်လို့ထင်တယ်” ကျိုးဖေးပြောလိုက်သည်။

ဇီယန်မတ်တပ်ထရပ်လိုက်ပြီး

“တော်ပါပြီ ထပ်ပြောမနေပါနဲ့တော့။ အောက်ထပ်ဆင်းပြီး နေ့လည်စာအရင်စားရအောင်။ နေ့ခင်းကျရင် အယ်လ်ဘမ်အတွက် သီချင်းသွားရွေးရမယ်”

ကျိုးဖေးဒေါသတကြီးဖြင့် ဇီယန်နှင့် အောက်ထပ်စားသောက်ဆိုင်သို့ လိုက်သွားသည်။ ရိုးရှင်းသောနေ့လည်စာကို စားပြီး အပေါ်ထပ်သို့ပြန်တက်ကြသည်။

ထိုနောက်တွင် သူတို့ သီချင်းရွေးဌာနသို့ရောက်လာကြသည်။ ဌာနအတွင်း၌

သီချင်းနားထောင်ရန် သီးသန့်အခန်းငယ် နှစ်ခုရှိသည်။ အခန်းတိုင်းတွင် ကွန်ပြူတာတစ်လုံးနှင့် အရည်သွေးမြင့် စပီကာတစ်လုံးရှိသည်။

စကြံ့န်လမ်းမ သို့ရောက်သောအခါ ပထမသီးသန့်ခန်းတံခါးပွင့်လာပြီး အခန်းထဲမှ လူသုံးယောက်ထွက်လာသည်။ ဦးဆောင်လာသူမှာ အရပ်ရှည်ရှည်နှင့် သွယ်လျသော အသွင်အပြင်ရှိပြီး V-neck ဝတ်စုံကို ဝတ်ဆင်ထားသည်။

ဇီယန်အားမြင်သည်နှင့် သူမ၏မျက်နှာတွင် သတိပြုမိသွားသည့်အရိပ်အယောင်ပေါ်လာပြီး ပြောလိုက်သည်။

"အိုး? ဒါက နာမည်ကြီး ဇီယန်မဟုတ်လား? ပရော်ဖက်ရှင်နယ်လမ်းကြောင်းပြောင်းပြီး ရုပ်ရှင်ဘက်ကို ရောက်သွားပြီမလား။ ဒီကို သီချင်းရွေးမလို့လာတာလား?"

"ရှလောယွီ ငါတို့ဘာလုပ်လုပ်နင်နဲ့မဆိုင်ဘူး။ ဘာလို့ငါတို့သွားတဲ့နေရာတိုင်းမှာ နင်ရှိနေတာလဲ" ကျိုးဖေးက ပြတ်ပြတ်သားသားတုန့်ပြန်လိုက်သည်။

ရှလောယွီသည် မကြာခင်ကမှ ကုမ္ပဏီက မွေးထုတ်ပေးခဲ့သော တတိယအဆင့် အဆိုတော်တစ်ယောက်ဖြစ်သည်။ သူမသည့် အတန်အသင့်ကျော်ကြားမှုရှိပြီး အလွန်ဂုဏ်မောက်နေသူဖြစ်သည်။ ထို့အပြင် လီချန်းနှင့်သူမ၏ဆက်ဆံရေးမှာ အတော်လေးသံသယဖြစ်စရာဖြစ်သည်။

"ဟုတ်ပါတယ် ငါတို့နဲ့မဆိုင်တာတော့ အမှန်ပဲ"

ရှလောယွီဘေးရှိ အမျိုးသမီးတစ်ဦးမှာ လှောင်ပြောင်ပြောဆိုလိုက်သည်။

"ဒါပေမဲ့ တချို့လူတွေရဲ့ ကျော်ကြားမှုက ကြောက်ဖို့ကောင်းတယ်ထင်တယ်။ ကုမ္ပဏီကတောင် သူ့ကိုထောက်ပံ့ဖို့ ဘာအရင်းမြစ်မှ

မဖြန်းတီးချင်လောက်တဲ့အထိပဲ။ ကုမ္ပဏီက ဒီတစ်ခေါက်ရခဲ့တဲ့ ပရီမီယံသီချင်း ၁၀ ပုဒ်ထဲက ၈ ပုဒ်ကို အစ်မမိန်က လောယွီကို တကယ်ကြီးပေးခဲ့တယ်။ ကျန်တဲ့ သီချင်းနှစ်ပုဒ်အတွက်တော့ နှစ်ယောက်သား သေချာလေးနားထောင်နိုင်ပါတယ်။ ဒီနှစ်ပုဒ်က မင်းတို့ရနိုင်သမျှ အကောင်းဆုံးလို့ ထင်တယ်”

“ဟဟား... ရုပ်ဆိုးတဲ့သူတွေကတော့ အဲ့အတွက် ပရီမီယံသီချင်းတွေအများကြီးသုံးဖို့လိုတယ်” ကျိုးဖေးက ကြမ်းတမ်းစွာပြောလိုက်သည်။

“မင်းဘာပြောလိုက်တာလဲ” ရှလောယွီ မျက်လုံးများကို ပြူးကာ စိုက်ကြည့်သည်။

“ဖေးဖေး သွားရအောင်” ဇီယန်၏အမူအရာမှာ အစမှအဆုံးထိ အေးစက်နေခဲ့သည်။ ရှလောယွီ ကို အနည်းငယ်ကြည့်လိုက်ပြီးနောက် သူမသည် ၎င်းတို့အားကျော်ဖြတ်ကာ သီးသန့်ခန်းတစ်ခုဆီသို့ လျှောက်သွားသည်။

"ဟမ့်" ရှလောယွီသည် နှာခေါင်းရှုံ့လိုက်ပြီး ခေါင်းမလှည့်ပဲ ပြောလိုက်သည်။

"ဇီယန် မင်းကိုသတိပေးထားမယ်။ ဒီနေ့က စက်တင်ဘာ ၁ ရက်နေ့ပဲ။ ၁၅ ရက်နေ့ကျရင် ငါ့ရဲ့အယ်လ်ဘမ်ထွက်မှာ။ အဲ့ကာလအတွင်း နင့်ရဲ့ အယ်လ်ဘမ်ကို မထုတ်တာအကောင်းဆုံးပဲ။ မဟုတ်ရင် နင့်ရဲ့အရည်အချင်းနဲ့ တွင်းရဲ့အောက်ခြေထိ ပြုတ်ကျသွားမှာစိုးလို့"

၎င်းကိုကြားတော့ ဇီယန်၏ခြေလှမ်းများရပ်တန့်သွားပြီး ခေါင်းလှည့်ကာပြောလိုက်သည်။

"မင်းရဲ့ သတိပေးမှုအတွက် ကျေးဇူးတင်ပါတယ်"

သူမပြောပြီး ကျိုးဖေးနှင့်အတူ သီးသန့်ခန်းထဲသို့ဝင်သွားသည်။

"ဘယ်လိုလူလဲမသိဘူး။ သူမကိုမြင်နေရတာကိုက ရွံမုန်းစရာကောင်းလိုက်တာ" ကျိုးဖေး ဒေါသတကြီးပြောလိုက်သည်။

ဇီယန်မှာ ထုတ်ဖော်ပြောဆိုခြင်းမရှိသော်လည်း သူမ၏ လေသံမှာ တိုးကျသွားသည်။

"သီချင်းတွေကို အရင်ရွေးရအောင်"

ကွန်ပြူတာဖွင့်ပြီး ကုမ္ပဏီ၏ Music library ထဲသို့ဝင်လိုက်ရာ ဇီယန်သည် သူမအတွက် မိန်ချီ ချန်ထားသော ပရီမီယံသီချင်းနှစ်ပုဒ်ကို ချက်ချင်းတွေ့လိုက်သည်။

ပထမဆုံးသီချင်းကို ဖွင့်ပြီး ဇီယန်နှင့် ကျိုးဖေး နှစ်ယောက်လုံး သူတို့၏ အလုပ်အာရုံထဲသို့ ဝင်ရောက်ပြီး သီချင်းကို ဂရုတစိုက်နားထောင်သည်။

"ဘန်း"

သီချင်းကိုနားထောင်ပြီးနောက် ကျိုးဖေး မနေနိုင်ပဲ သူမ၏လက်သီးကို စားပွဲပေါ်သို့ထုချလိုက်ပြီး ဒေါသတကြီးပြောသည်။

"ဒီသီချင်းက ပရီမီယံလို့ သတ်မှတ်ခံရတာလား။ အဲ့ဒီ စုန်းမကြီးက ငါတို့ကို သက်သက်ခက်ခဲအောင်လုပ်နေတာ

သေချာတယ်။ ကုမ္ပဏီရဲ့ ပရီမီယံသီချင်းတွေက ဘယ်တုန်းက ဒီလောက်နိမ့်ကျသွားတာလဲ”

ဇီယန် ဘာမှပြန်မပြောဘဲ ကျိုးဖေးပြောသည်ကို တိတ်တဆိတ်အသိအမှတ်ပြုလိုက်သည်။ သက်ပြင်းချရင်း ဇီယန်သည် ဒုတိယ သီချင်းကို ဖွင့်လိုက်သည်။

သို့သော် ဒုတိယသီချင်းသည်လည်း သူတို့မျှော်လင့်သလိုဖြစ်မလာခဲ့ပေ။ ထိုသီချင်းနှစ်ပုဒ်လုံးသည် Music library ထဲရှိ အဆိုးဆုံးသီချင်းများထက် အနည်းငယ်သာ ပိုသာသည်။ ပရီမီယံသီချင်းရဲ့ အရည်အသွေးတစ်ဝက်ပင်မရှိချေ။

ဤရလဒ်ကြောင့် ကျိုးဖေးသည် သူမ၏သွားများကြိတ်သည်အထိ ဒေါသထွက်သွားသည်။ သူမ၏ဒေါသကို ဖြေလျှော့လိုက်ပြီး Music library ရှိသီချင်းများကို တစ်ခုပြီးတစ်ခုနားထောင်ခဲ့သည်။

သူတို့နေ့လည် ၁ နာရီမှ ည ၇ နာရီထိ နားထောင်ခဲ့ကြသည်။ သီချင်းပေါင်း တစ်ရာကျော်

နားထောင်ပြီးနောက် အသင့်အတင့်ရှိသော သီချင်းငါးပုဒ်ကို ရွေးလိုက်သည်။ သို့သော် ထိုသီချင်းများမှာ ပရိမီယံသီချင်းများမဟုတ်ပေ။

"အိမ်ပြန်ကြရအောင်" ဇီယန် အချိန်ကိုတစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

ငါအခုပြန်သွားရင် မုန့်မုန့်နဲ့ နေလို့ရသေးတယ်။ နည်းနည်းကြာမှပြန်ရင် မင်းသမီးလေးက အိပ်ပျော်သွားလိမ့်မယ်

"ဒီညံ့ဖျင်းစုတ်ပြတ်နေတဲ့ သီချင်းတွေကို ငါတို့ဘယ်လိုလုပ်မလဲ" ကျိုးဖေး စိုးရိမ်တကြီးမျက်နှာထားဖြင့် တိုးတိုးလေးပြောလိုက်သည်။

ပစ္စည်းများထုပ်ပိုးပြီးသည်နှင့် ကုမ္ပဏီမှ ထွက်သွားကြသည်။

အိမ်အပြန်လမ်းတွင် ကားနောက်ခန်းတွင်ထိုင်နေသည့် ဇီယန်က ရုတ်တရက်ပြောလိုက်သည်။

"ဖေးဖေး လာမယ့်ရက်အနည်းငယ်အတွင်းမှာ ငါတို့ပိုကြိုးစားရမယ်။ ငါတို့ အယ်လ်ဘမ်ကို ၁၅ ရက်နေ့မှာ ထုတ်မယ်"

"အစ်မယန် မင်းလိုချင်တာက..." ကျိုးဖေး အနည်းငယ်ကြောင်သွားသည်။

ဇီယန်ပြန်မပြောပဲ ပြတင်းပေါက်မှအပြင်သို့ငေးကြည့်ကာ တွေးလိုက်သည်။

ရှလောယွီ မင်းက ၁၅ ရက်နေ့မှာ မင်းရဲ့အယ်လ်ဘမ်ထွက်ဖို့ ရည်ရွယ်ထားတယ် ဟုတ်လား။ မင်းက ငါ့ကို လှောင်ပြောင်ရတာကို တော်တော်ကျေနပ်နေတယ်ပေါ့

ကောင်းပြီလေ

ငါလည်း ငါ့ရဲ့အယ်လ်ဘမ်ကို ၁၅ ရက်နေ့မှ ထွက်မယ်

ဇီယန်သည် သူတော်စင်မဟုတ်ပေ။ ရှလောယွီ သူမ၏ဒေါသကို လာစမ်းသည်ကို ရင်ဆိုင်ရသည်မှာ

သူမသေချာပေါက် ဒေါသထွက်ပေသည်။ သူမ၏နှလုံးသားထဲမှ မီးတောက်ကို မျက်နှာတွင်ထုတ်မပြရုံသာဖြစ်သည်။

လူတွေ အသက်ရှင်ဖို့အတွက် အသက်ရှူကြရသည်။ သစ်ပင်များအသက်ရှင်ဖို့အတွက် အခေါက်ရှိရသည်။ ဇီယန်သည် သူမ၏ကိုယ်ပိုင်ခွန်အားကို အသုံးပြုပြီး သက်သေပြလိုသည်။

-C 12 End

wunzinnosp

## အပိုင်း(၁၃) - တံခါးပေါက်များ

ဇီယန်၏အိမ်သည် အရှေ့ပိုင်းခရိုင် ယွမ်ရင်ရပ်ကွက်အတွင်းတွင်ရှိသည်။

ထိုအချိန်ကာလက သူမသည် နာမည်ကျော်ဆယ်လီတစ်ယောက်ဖြစ်သောကြောင့် သူမဝယ်ယူခဲ့သော အိမ်ကြီးမှာ ခမ်းနားသည့် အပန်းဖြေအိမ်ကြီးဖြစ်သည်။

အိမ်သည် မျက်နှာကျက်အမြင့် နှစ်ထပ်ကွန်ဒိုအိမ်ဖြစ်သည်။ ပထမထပ်နှင့် ဒုတိယထပ်၏ စုစုပေါင်း အကျယ်အဝန်းမှာ ၄၀၀ စတုရန်းမီတာခန့်ရှိသည်။

ဇီယန် ထိုအိမ်ကိုဝယ်ယူစဉ်က တစ်စတုရန်းမီတာကို ယွမ်တစ်သိန်းခွဲ ရှိသည်။ အိမ်အတွက် ပြုပြင်မွမ်းမံခြင်းနှင့် ပရိဘောဂများ အပါအဝင် ယွမ်သန်း ၇၀ နီးပါးအသုံးပြုခဲ့သည်။ ဤအိမ်သည် တရုတ်နိုင်ငံမည်သည့်နေရာတွင်မဆို ခမ်းနားသော အိမ်အဖြစ်သတ်မှတ်နိုင်သည်။

ဇီယန် အဲဒီအချိန်က ပိုက်ဆံအမြောက်များရှိသော်လည်း အနားယူပြီး ငါးနှစ်အတွင်း သူမ သုံးခဲ့သည် ငွေပမာဏမှာလည်း အသေးအမွှားမဟုတ်ပေ။ ယနေ့တွင် သူမ၏ဘဏ်စုငွေထဲ၌ ယွမ် ၁၀ သန်းခန့်သာ ကျန်တော့သည်။

ထိုငွေပမာဏသည် သာမာန်လူများအတွက် တစ်သက်လုံးစာ လုံလောက်သည်ထက် ပိုမိုများနေပေမည်။ သို့သော် ဇီယန်၏အမြင်တွင် ထိုငွေပမာဏမှာ မလုံလောက်ပေ။

သူမသည် မုန့်မုန့်အား သာလွန်ကောင်းမွန်သော ဘဝကို ပေးချင်သည်။ ဒါက သူမ အနားယူခဲ့ပြီးမှ ပြန်လာရသည့် အကြောင်းအရင်းများထဲက တစ်ခုဖြစ်သည်။

အမှန်တော့ သူမ အနားယူရာမှပြန်လာရသည့် အကြီးမားဆုံးသော အကြောင်းအရင်းမှာ သူမ၏ ကျော်ကြားလိုသည့် အိပ်မက်ကြောင့်ဖြစ်သည်။ သူမသည် ထိုအိပ်မက်ကို လက်မလျှော့လိုပေ။

အိမ်ထဲတွင်...

"မုန့်မုန့် အန်တီဝမ်နဲ့ ကစားရတာပျော်ရဲ့လား" ဇီယန်ပြုံးပြုံးလေးမေးလိုက်သည်။

မုန့်မုန့်ကိုတွေ့လိုက်ရတော့ သူမ၏နှလုံးသားထဲမှ လေးလံမှုများ ရုတ်ချည်းပျောက်ကွယ်သွားသည်။ မုန့်မုန့်နှင့် အတူရှိချိန်တွင်သာ သူမ၏မျက်နှာပေါ်ရှိအေးစက်မှုကို ပြေပျောက်စေပြီး နူးညံ့ချိုသာသော အပြုံးကို ဆောင်ထားနိုင်မည်ဖြစ်သည်။

အနိတ်ီဝမ်သည် ဇီယန်လစာမြင့်မြင့်ဖြင့် ငှားရမ်းထားသည် ကျွမ်းကျင်ကလေးထိန်းဖြစ်သည်။ အနိတ်ီဝမ်၏နာမည်မှာ ဝမ်ကျွမ့် ဖြစ်ပြီး သူမသည် မုန့်မုန့်အားပြုစုစောင့်ရှောက်ရန်နှင့် အိမ်ကိုသပ်ရပ်အောင် ပြင်ဆင်ရသည့် တာဝန်ယူထားသည်။

"ပျော်တော့ပျော်တယ်....ဒါပေမဲ့...နည်းနည်းလေးမှ တကယ်ကိုနည်းနည်းလေးပဲ။ ဖေဖေနဲ့ကစားတုန်းကလောက် မပျော်ဘူး။ ဖေဖေ့ကို လွမ်းနေပြီ" မုန့်မုန့်သည် သူမ၏နှုတ်ခမ်းလေးကို စူပြီး ပြောလိုက်သည်။

"သူ့အလုပ်တွေပြီးသွားရင် သမီးဖေဖေကို သမီးတွေ့ရမှာပါ" ဇီယန်ရယ်မောစွာပြောသည်။

အခုချိန်မှာတော့ ဇီယန်သည် ကျွန်းဟာန်နှင့်မုန့်မုန့်အား အရမ်းကြီးတွေ့ခွင့်မပြုဘူး ဟုတွေးထားပြီးသားဖြစ်သည်။

ထိုအချိန်တွင်....

ဇီယန်သည်

မင်းသမီးလေးနှင့်ပျော်ရွှင်စွာကစားနေချိန်တွင် မြို့တွင်းရှိ

ဆိုဖာပေါ်တွင်လဲလျောင်းနေသော ကျန်းဟန်သည် မျက်လုံးများကို ဖြေးညှင်းစွာဖွင့်လိုက်သည်။

“ဟမ်…ည ၈ နာရီထိုးနေပြီ”

ကျန်းဟန် ထထိုင်လိုက်သည်။ နေ့ခင်းကတည်းက သူအိပ်ပျော်သွားခဲ့ခြင်းဖြစ်၏။ အချိန်အကြာကြီး အိပ်ပျော်သွားသည့်တောင်မှ ပင်ပန်းနွမ်းနယ်နေသေးသည်။

ကျန်းဟန်၏ဗိုက်ထဲက တဂွီဂွီမြည်ကာ ညစာသွားစားရန်လိုအပ်ကြောင်း သတိပေးနေသည်။

ကျန်းဟန် အနီးအနားရှိစားသောက်ဆိုင်တစ်ဆိုင်သို့သွားကာ သွေးအားကောင်းစေသော အစားအသောက်အချို့ကို မှာလိုက်သည်။

ကြက်သားနက်စွပ်ပြုတ်၊ ဟင်းနုနယ်ရွက်ကြော်၊ ဝက်အသည်း နှင့် ဘရောင်းရှူးဂါးခွက်ကြီးတစ်ခွက် ဖြစ်သည်။

ကြက်သားနက်စွပ်ပြုတ်သည် အလွန်လတ်ဆတ်သည်။ သို့သော် ကျန်းဟန်အရသာခံစွမ်းရည်ကြောင့်

ကြက်သားအနည်းငယ်စားပြီးနောက်မှာတော့ ကြက်နက်သားသည် လွတ်ကျောင်းကြက် အစစ်မဟုတ်ကြောင်း ချက်ချင်းသိလိုက်သည်။

ကြက်ရှုးဟုလူသိများသော လွတ်ကျောင်းကြက်များသည် ကြီးထွားမှုနှုန်းမြန်စေသော ဓာတုအစာများကို မကျွေးပဲ သဘာဝအတိုင်း အိမ်တွင်းမွေးမြူထားသည့်ကြက်များဖြစ်သည်။ အသားတိုးစေသော အစာကျွေးသည့် မွေးမြူရေး ကြက်ဘဲများမှာ အရွယ်အစားပို၍ကြီးသော်လည်း သင့်တင့်သည့်အာရဟာဓာတ်မရှိသည့်အပြင် ၎င်းတို့တွင် လူ့ခန္ဓာကိုယ်ကို ဘေးဖြစ်စေသည့် ဓာတုပစ္စည်းများ ပါရှိသည်။

လွတ်ကျောင်းကြက်များသည် ကွဲပြားခြားနားသည်။ ကဏ္ဍတိုင်းတွင် လွတ်ကျောင်းကြက်များသည် မွေးမြူရေးကြက်များထက် များစွာသာလွန်သည်။ အထူးသဖြင့် လွတ်ကျောင်းကြက်များက ပိုမွေးပြီး နူးညံ့သည့် အရသာရှိသည်။

<u>နောက်တစ်ခုကတော့ စူပါးမားကတ်များတွင် ပုံမှန်ဝယ်လေ့ရှိသည့် မွေးမြူရေးကျက်များကို အိုးတစ်လုံးထဲထည့်ပြီး တစ်နာရီလောက်ပြုတ်လိုက်လျှင်ပင် အလွယ်တကူအကျက်လွန်သွားခြင်းဖြစ်သည်။ အခြားတစ်ဖက်တွင်မူ လွတ်ကျောင်းကြက်သားကို တစ်နာရီလောက်ပြုတ်ထားလျှင်ပင် ၎င်း၏အသားက တင်းမာနေဆဲဖြစ်သည်။ ဒါသည် လွတ်ကျောင်းကြက်များက မွေးမြူရေးကြက်များထက် ပိုကောင်းရခြင်း အကြောင်းဖြစ်သည်။</u>

<u>ရလဒ်အနေဖြင့် လွတ်ကျောင်းကြက်သားပေါက်ဈေးမှာ ယွမ် ၁၀၀ နှင့် အထက်ရှိပြီး မွေးမြူရေးကြက်သားမှာ ပုံမှန်အားဖြင့် ယွမ် ၂၀ ဝန်းကျင်ဖြစ်သည်။ ပြောရလျှင် လွတ်ကျောင်းကြက်သားကို ယွမ် ၅၀ မှ ၇၀ အထိဖြင့် ရောင်းချသည်များမှာ အများအားဖြင့် အတုများဖြစ်သည်။</u>

ကျန်းဟန် လက်ရှိစားနေသော ကြက်နက်သားကို မီနူးတွင် လွတ်ကျောင်းအိမ်မွေးကျက်ဟု ဆိုသည်။ သို့သော် ၎င်းမှာ မှားနေသည်ကို သူသိလိုက်သည်။

ရိုးရိုးသားသားပြောရလျှင် ကျန်းဟန် ဒါကိုစိတ်မရှိပေ။ ယန်မိုးကြိုးသစ်ပင်ကို စိုက်ပျိုးပြီးနောက်တွင် သူကိုယ်တိုင်မွေးမြူနိုင်သည်။ ဒါပေမဲ့ အရင်ဆုံး သူ၏လက်ရှိအခြေအနေကို ကောင်းမွန်အောင်လုပ်ရမည်ဖြစ်သည်။

သွေးဆုံးရှုံးမှုလွန်ကဲခြင်းကြောင့် ကျန်းဟန်သည် သူ့ကိုယ်သူ ကြက်နက်တစ်ကောင်လုံးကို ကုန်အောင်စားစေလိုက်သည်။ စွပ်ပြုတ်နှင့် သကြားညှိုရေ တစ်ခွက်ကိုသောက်ပြီး ဟင်းနုနယ်ရွက်ကြော်နှင့် ဝက်အသည်းတစ်ပန်းကန်လုံးကုန်အောင်စားလိုက်သည်။ အားလုံးကိုစားသောက်ပြီးနောက် ကျန်းဟန်၏ ဗိုက်သည် ပူဖောင်းလာသည်။

ကျန်းဟန် စားသောက်ဆိုင်တွင် ၁၀ မိနစ်ခန့် အနားပေးရန် ထိုင်နေခဲ့သည်။ ငွေရှင်းပြီးနောက် ကျန်းဟန်သည်

စားသောက်ဆိုင်မှ ထွက်သွားပြီး ကျန်းလီကို ဖုန်းဆက်ကာ သူမငှားထားသည့် တိုက်ခန်းသို့ ဦးတည်သွားလိုက်သည်။

ငှားထားသော တိုက်ခန်းသည် ၈၈ စတုရန်းမီတာကျယ်ဝန်းပြီး အခန်းနှစ်ခန်းနှင့် ဧည့်ခန်းပါရှိသည်။ တိုက်ခန်း၏ အပြင်အဆင်သည် မိန်းကလေးနှစ်ယောက်၏ ဂရုစိုက်မှုကြောင့် ကျေနပ်နှစ်သိမ့်မှုရှိသည်။

ကျန်းလီ၏အိပ်ခန်းထဲတွင်

ကျန်းဟန်သည် သူ၏ပါးစပ်ကိုလှုပ်ကာမေးလိုက်သည်။

"ရှောင်လီ မြေယာဌာနက တစ်ယောက်ယောက်ကိုသိလား"

"နေပါဦး ။ အစ်ကို မင်းမျက်နှာက ဘာလို့ဖြူဖျော့နေတာလဲ။ ဖျားနေတာလား" ကျန်းလီ စိုးရိမ်စိတ်ဖြင့် မေးသည်။

"အိပ်နေတုန်း အအေးသွားမိလို့ဖြစ်မှာပါ။ ဘာမှမဖြစ်ပါဘူး စိတ်ပူမနေနဲ့" ကျန်းဟန် ပြုံးကာ ခေါင်းယမ်းလိုက်သည်။

"ဘာလို့ မြေယာဌာနက တစ်ယောက်ယောက်ကို သိလားမေးတာလဲ" ကျန်းလီ စိတ်ဝင်စားစွာ မေးသည်။

"ငါ ... ငါ တောင်တစ်လုံးငှားချင်လို့"

"ဖွီး ..." ကျန်းလီ တံတွေးပင် နင်သွားသည်။ မျက်လုံးကိုပြူးပြီး "ငါနားကြားမှားတာမဟုတ်ဘူးမလား အစ်ကို။ တောင်ကို ဘာလုပ်ဖို့ ငှားချင်ရတာတုန်း"

"ဘာမှ စိတ်ရှုပ်မနေပါနဲ့" ကျန်းဟန်က ကျန်းလီ၏ ပုခုံးကို အသာအယာပုတ်ပြီး ပြောလိုက်သည်။

"ငါ အပင်တစ်ချို့ စိုက်ဖို့ တောင်ငှားချင်တာပါ"

"အပင်တစ်ချို့စိုက်ဖို့အတွက်နဲ့တော့ တောင်တစ်လုံးငှားဖို့မလိုဘူးမလား။ ဟောင်ကောင်မှာက အစ်ကိုငှားချင်တယ်ဆိုတိုင်း တောင်တစ်လုံးငှားလို့ရမယ်ထင်နေလား။ တကယ်လို့

ငှားလို့ရတယ်ဆိုဦးတော့ ငှားခက မဖြစ်နိုင်လောက်အောင် မြင့်မှာသေချာတာ။ အစ်ကို မင်းကတော့ မနိုင်တော့ဘူးပဲ” ကျန်းလီ သံက သံမဏိဖြစ်မလာသည့်အတွက် မုန်းတီးသည့်လေသံ ပြောလိုက်သည်။

[ သံက သံမဏိဖြစ်မလာသည့်အတွက်မုန်းတီးသည် ဆိုတာ တစ်စုံတစ်ယောက်ရဲ့မျှော်လင့်ချက်ကို မဖြည့်ဆည်းပေးနိုင်တဲ့ အတွက် စိတ်ပျက်မိတယ် ဆိုတဲ့ အဓိပ္ပာယ်ပါ။ တရုတ်စကားပုံထင်တာပဲ အင်္ဂလိပ်ဘာသာပြန်ဆရာက အဲ့အတိုင်းပြောထားတယ်]

“အချိန်တန်ရင် မင်းနားလည်လာလိမ့်မယ်။ တောင်နဲ့ပက်သက်ပြီးတော့က ငှားဖို့သေချာတယ်။ ဒါကြောင့် မြေယာဌာနမှာ အလုပ်လုပ်တဲ့ အသိ ရှိလား”

“ငါတော့ တစ်ယောက်မှမသိဘူး။ ခဏနေဦး လီအန်းနာ ကိုသွားမေးလိုက်မယ်” ကျန်းလီ အခန်းထဲမှပြေးထွက်သွားသည်။

လီအန်းနာသည် တိုက်ခန်းအတူငှားနေသည့် အခန်းဖော်ဖြစ်သည်။ သူမသည် ရှန်ဟိုင်းတက္ကသိုလ်တွင် လေးနှစ်ကျောင်းတက်ခဲ့သည်။ ဘွဲ့ရပြီးနောက် ကုမ္ပဏီကြီးတစ်ခုတွင် ရုံးဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ပြီး လူတော်တော်များများနှင့် ရင်းနှီးခဲ့သည်။

လီအန်းနာသည် အရပ် ၁.၆ မီတာခန့်ရှိသည်။ သူမအရပ်အမောင်းနှင့် သေးသွယ်သည့်မျက်နှာက ချစ်စရာကောင်းသည့် အသွင်ဆောင်နေသည်။ လီအန်းနာသည် အရပ်ရှည်သော ကောင်လေးများအား နှစ်သက်သည်။ အရပ် ၁.၈ မီတာရှိသည့် ကျန်းဟန်ကို တွေ့တော့ မျက်လုံးများတောက်ပလာပြီး နှုတ်ဆက်လိုက်သည်။

“မင်္ဂလာပါ အစ်ကိုကျန်း”

“မင်္ဂလာပါ” ကျန်းဟန် ခေါင်းညိတ်လိုက်သည်။

“အစ်ကိုကျန်းက တောင်တစ်လုံးငှားချင်နေတယ်လို့ ကျွန်မကြားတယ်။ ဘယ်တောင်ကို မျက်စိကျနေတာလဲ” လီအန်းနာ ပြုံး၍မေးလိုက်သည်။

သူမသည် အရပ်ရှည်သောယောကျ်ားများကို နှစ်သက်သော်လည်း မြင်ရုံနှင့်ချစ်မိသွားမည် ဟုမဆိုလိုပေ။ ဒီကမ္ဘာပေါ်တွင် မြင်မြင်ချင်းချစ်မိသည် အဖြစ်က ဘယ်လောက်များရှိလို့လဲ။

“လခြမ်းတောင်”

“လခြမ်းတောင်လား” လီအန်းနာ၏မျက်နှာသည် အနည်းငယ်ပြောင်းလဲသွားသည်။ ဒါကိုသူမ မမျှော်လင့်ထားပေ။ သူမ၏လေသံမှာ အနည်းငယ်လေးနက်လာသည်။

“လခြမ်းတောင်က ဒီလောက်မရိုးရှင်းဘူး။ ဟောင်ကောင်ရဲ့ အရာရှိတွေတောင် လခြမ်းတောင်ကို ဖွံ့ဖြိုးရေးလုပ်နိုင်ဖို့ မသေချာဘူး။ ကုန်အောင်ပြောရရင် လခြမ်းတောင်က လခြမ်းပင်လယ်ကွေ့ဘေးမှာရှိတာ။ လခြမ်းတောင်ကို ဖွံ့ဖြိုးစေချင်ရင်တောင် မြေယာလေလံဆွဲရသေးတယ်။ ပြတ်ပြတ်သားသားပြောလိုက်မိလို့ ခွင့်လွှတ်ပါ။ ဒါပေမဲ့

အစ်ကိုကိုယ်တိုင်လည်း ငှားချင်ချင်နေတာဆိုတော့ မျှော်လင့်ထားပြီးသားဖြစ်မှာပါ”

ကျန်းဟန် မျက်မှောင်ကြုတ်လိုက်သည်။ “ဒါဆို ရေတိုငှားရင်ကော။ တစ်နှစ်ကနေ ငါးနှစ်လောက် အထိငှားရမှာပေါ့”

လခြမ်းတောင်အတွင်းရှိ စိတ်ဝိညာဉ်ရေကပင် ကျန်းဟန်အား အလျှော့မပေးစေဖို့ လုံလောက်သည်။

အဲ့ဒါက တကယ်ကိုမဖြစ်နိုင်ဘူးဆိုရင် ငါတောင်တစ်ခုလုံးကို အတင်းသိမ်းပိုက်ရမှာပဲ။ သေမျိုးကမ္ဘာရဲ့ ဥအဒေတွေက ငါ့ကိုတားဆီးနိုင်မှာတဲ့လား… ကျန်းဟန် တွေးလိုက်သည်။

အမှန်ပင် ဟန်ယန်အင်မော်တယ်ကေရာဇ်ဖြစ်တဲ့ သူသည် အမှန်ပင် အကျင့်စာရိတ္တကောင်းမွန်သူဖြစ်သည်။

“ရေတိုလား” လီအန်းနာ အနည်းငယ်မင်သက်သွားပြီး “ရေတိုငှားမယ်ဆိုရင်တော့ ဖြစ်နိုင်လောက်ပါတယ်။

ငါ့သူငယ်ချင်းကို အရင်ဆုံး အဲ့အကြောင်း ဖုန်းဆက်ပြီးမေးကြည့်လိုက်မယ်”

“ကျေးဇူးပါ”

လီအန်းနာ သူမ၏ဖုန်းကိုထုတ်လိုက်ပြီး ကျန်းဟန်၏ရှေ့မှာပင် သူမသူငယ်ချင်းကို ဖုန်းခေါ်လိုက်သည်။ သူမသည် အမှန်တကယ်ကို နွေးထွေးသည့်နှလုံးသားရှိသူဖြစ်သည်။

ဖုန်းပြောပြီးနောက် လီအန်းနာ ပြုံးကာပြောလိုက်သည်။

“မနက်ဖြန် မနက် ၇ နာရီကျရင် ဖုန်းဆက်ပြီး သူနဲ့ အဲ့ဒီအကြောင်းပြောဖို့ တွေ့နိုင်တယ်လို့ သူပြောတယ်။ ကြည့်ရတာ အစ်ကိုကျန်း လခြမ်းတောင်ကို ငှားဖို့ မျှော်လင့်ချက်ရှိတယ်ထင်တယ်။ မနက်ဖြန်ကျရင် သူ့ကိုဆက်သွယ်လိုက်ပါ။ သူ့နာမည်က လျူမုံ့ ပါ။ သူ့ဖုန်းနံပါတ်က 555-XXXX ပါ”

“ကောင်းပြီ ကျေးဇူးပါပဲ။ အန်နာ ညစာစားပြီးပြီလား? ညစာလိုက်ကျွေးပါရစေ” ကျန်းဟန် ပြုံးပြုံးလေးပြောလိုက်သည်။

ကျန်းဟန်၏ ယဉ်ကျေးသိမ်မွေ့သော စကားလုံးများနှင့် တောက်ပသောအပြုံးက လီအန်းနာအား ကျန်းဟန်အပေါ် ကောင်းမွန်သည့်အမြင်ကိုပေးစွမ်းသည်။ သို့သော် သူမ ခေါင်းခါကာ ပြုံးလျက်ပြန်ပြောလိုက်သည်။

“ကျွန်မက ညစာမစားဘူး။ ညဘက် အစားစားတာက မြန်မြန်ဝလာစေတယ်လေ။ အစ်ကိုကျန်းမင်းအဲ့လောက်ယဉ်ကျေးနေဖို့မလိုပါဘူး ကျွန်မက ကျန်းလီနဲ့ အရမ်းရင်းနှီးပါတယ်”

“ကောင်းပြီ ကောင်းပြီ အဲ့လောက်ကောင်းနေဖို့မလိုပါဘူး။ ငါအလုပ်သွားရတော့မယ်၊ အစ်ကို မင်းဒီမှာနေမှာလား” ကျန်းလီကမေးလိုက်သည်။

ကျန်းဟန်မတ်တပ်ရပ်ပြီးပြောလိုက်သည်။

“ငါ မီလန်ရပ်ကွက်ကို ပြန်တော့မှာ”

သူ့ညီမကိုနှုတ်ဆက်ပြီးနောက် အောက်ထပ်သို့ဆင်းလာပြီး ခရမ်းပြာရောင်ဂျစ်ကားကို မောင်းနှင်ကာ မီလန်ရပ်ကွက်ရှိ သူ၏အိမ်သို့ ပြန်သွားခဲ့သည်။

စူပါမားကတ်တစ်ခုကို ဖြတ်သွားသောအခါ ကျန်းဟန်သည် စူပါမားကတ်ထဲသို့ဝင်ကာ သကြားညိုနှင့် စွန်ပလွံသီးနီများကို ဝယ်ခဲ့သည်။ အိမ်ပြန်ရောက်သည့်အခါ ကျန်းဟန် သကြားညိုနှင့် စွန်ပလွံသီးနီတစ်အိုး ကျိုပြီး သုံးခွက်သောက်လိုက်သည်။ ဒါက သူကို နည်းနည်း အားရှိအောင် ကူညီပေးသည်။

စောစောအိပ်လိုက်ပြီး နောက်တစ်နေ့ မနက် ၇ နာရီတွင်အိပ်ယာထပြီး လျူမုံ့ ကိုဖုန်းခေါ်လိုက်သည်။ သူတို့နှစ်ယောက် မနက် ၈ နာရီတွင် မီလန်ရပ်ကွက်အနီးရှိ စတားဘတ်တွင် တွေ့ဆုံရန် ဆုံးဖြတ်လိုက်ကြသည်။

လျူမုံ့သည် စတားဘတ်သို့ အချိန်မှန်ရောက်ရှိလာသည်။

"မင်္ဂလာပါ မစ္စတာကျန်း" ကျန်းဟန်ကို တွေ့လိုက်တော့ သူ့လက်ကို စိတ်အားထက်သန်စွာ ဆန့်ထုတ်လိုက်သည်။

ကျန်းဟာန်ခေါင်းညိတ်ပြလိုက်သည်။ လက်ဆွဲနှုတ်ဆက်ပြီးနောက် လျူမုံ့ကိုအကဲခတ်လိုက်သည်။ လျူမုံ့သည် အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားပြီး ပိန်ပိန်ပါးပါး အသားညိုညိုနှင့်ဖြစ်သည်။ လျူမုန့်၏အပြုအမူများကြောင့် သူသည် ပါးနပ်သော လူတစ်ယောက်ဖြစ်ကြောင်း မြင်နိုင်သည်။

"လခြမ်းတောင်ကို ငှားချင်တယ်လို့ကြားတယ်"

"ဟုတ်ပါတယ်"

"လာမယ့်နှစ်တွေမှာ လခြမ်းတောင်ကို ချဲ့ထွင်ဖို့ အစီအစဉ်တွေ ရှိလာနိုင်တယ်။ တခြားတောင်ကို ငှားဖို့ရော စဉ်းစားထားသေးလား" လျူမုံ့က ပြုံးပြုံးလေးပြောလိုက်သည်။

"မရှိပါဘူး။ လခြမ်းတောင်ကို ငှားလို့ရနိုင်မလားလို့ မေးချင်ပါတယ်"

"ဒါဆို ကျွန်တော်မေးချင်တာက လခြမ်းတောင်ကို ဘာအတွက်ငှားဖို့ ရည်ရွယ်ထားတာလဲ"

“တစ်ခုခု စိုက်ချင်လို့ပါ”

“ဒီကိစ္စကို ဖြေရှင်းဖို့က မလွယ်ဘူး။ ဒါပေမဲ့ ခင်များက အန်နာ ရဲ့ သူငယ်ချင်းဆိုတော့ ကျွန်တော် ကူညီပြီး မေးပေးနိုင်ပါတယ်။ ဒါပေမဲ့ ငှားလို့ရတယ်ဆိုရင်တောင် ကန့်သတ်ချက်တွေတော့များလိမ့်မယ်။ ဥပမာ - သစ်ပင်ခုတ်လှဲတာ၊ ဒါမှမဟုတ် တောင်ကို ပြင်ဆင်တာမျိုးတွေ လုပ်လို့မရဘူး။ ဒီလိုအခြေအနေမျိုးကို လက်ခံနိုင်ပါ့မလားမသိဘူး” လျူမုံ့ပြောသည်။

“ကျွန်တော်လက်ခံနိုင်ပါတယ်”

ကျန်းဟာန်ခေါင်းညိတ်လိုက်ပြီး

“ခင်ဗျားမှာ တခြားတောင်းဆိုစရာတွေရှိရင် ကျွန်တော့်ကို အခု ပွင့်ပွင့်လင်းလင်း ပြောလို့ရပါတယ်”

ဤစကားသည် လျူမုံ့ကြားချင်သောစကားဖြစ်သည်။ ပြောရရင် သူက ကျန်းဟာန်ကို အလကားမကူညီချင်ပေ။ အခုမှ သူပိုပြီး စိတ်အားထက်သန်လာသည်။ မနက် ၉ နာရီထိ စကားပြောပြီးနောက် လျူမုံ့က နှုတ်ဆက်ဖို့ ထရပ်လိုက်ပြီး

ကျန်းဟန်ကို ညကျလျှင် တိကျသည့် အဖြေတစ်ခု ပေးမည်ဟု ပြောခဲ့သည်။

နေ့လည်ခင်းတွင် ကျန်းဟန်သည် သူ၏သွေးကို အားတိုးစေသော အရည်အသွေးမြင့်အမဲသား၊ ပင်လယ်မျော်ပင် နှင့် အခြားသော အစားအသောက်များ သွားဝယ်ခဲ့သည်။ ထိုအရာများ ဝယ်ပြီးသည်နှင့် သူ၏သွေးအားကောင်းစေသည့်တရုတ်တိုင်းရင်းဆေးအချို့ဝယ်ရန် တရုတ်တိုင်းရင်းဆေးဆိုင်သို့သွားခဲ့သည်။ ကျန်းဟန်သည် သူ၏ခန္ဓာကိုယ်ကို အားရှိစေရန် တစ်နေကုန် အိမ်တွင် ကုန်ဆုံးရန် ရည်ရွယ်ထားသည်။ သွေးဆုံးရှုံးမှု လွန်ကဲပြီးနောက် ၎င်းမှာ မဖြစ်မနေလိုအပ်ပေသည်။

မဟုတ်ပါက သူသည် သွေးအားနည်း၍ သေသွားနိုင်သည်။ ၎င်းသည် ရာစုနှစ်၏ဟာသ ဖြစ်လာပေလိမ့်မည်။

……

တစ်ချိန်တည်းမှာပင် အခြားတစ်ဖက်၌….

အင်ပါယာဖျော်ဖြေရေးကုမ္ပဏီတွင် ဇီယန်နှင့်ကျိုးဖေးသည် သီချင်းနားထောင်ရင်း သီးသန့်ခန်းထဲတွင်ထိုင်နေကြသည်။

သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ်နားထောင်ရသည်မှာ အလွန်ပင်ပန်းသည်။

ပင်ပန်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ Music Library ရှိ သီချင်းများသည် တစ်ခါတစ်ရံ အလွန်ရိုးစင်းလွန်းပြီး မကြာခဏ အမှိုက်သီချင်းများဖြစ်နေသောကြောင့် ဖြစ်သည်။

သို့သော် ဇီယန်နှင့်ကျိုးဖေးမှာ ရွေးချယ်စရာမရှိပေ။ ဤသည်မှာ တစ်ခုတည်းသော ရနိုင်သည့် သီချင်းများဖြစ်သည်။

ဇီယန်၏ အလွန်ကောင်းမွန်သည့် အသံသည် ဤသီချင်းများ၏ အရည်အသွေးကိုမြှင့်တင်နိုင်သောကြောင့် ၎င်းတို့ကိုရွေးချယ်ရမည်ဖြစ်သည်။ ဤလမ်းကြောင်းသည် ခက်ခဲသောလမ်းဖြစ်သော်လည်း ဇီယန်က ဆက်လက်လျှောက်လှမ်းရန် ဆန္ဒရှိခဲ့သည်။

တစ်နေ့ကုန်ပြီးနောက်တွင် သင့်တော်သော သီချင်းအပုဒ်ရေ ၃၀ ကျော်ကိုသာ ရွေးလို့ပြီးခဲ့သည်။ သင့်တော်သည့် သီချင်း အပုဒ် ၁၀၀ ရွေးပြီး ထိုထဲကမှ ပိုကောင်းသော သီချင်းများကို ပြန်ရွေးထုတ်ရန် ရည်ရွယ်ထားသည်။

-C 13 End

wunzinnosp

## အပိုင်း(၁၄) - အိမ်ရောင်းရတဲ့ ခံစားချက်

အချိန်သည် လျင်မြန်စွာရွေ့လျားနေပြီး မကြာမီပင် ညနေခင်းသို့ရောက်ရှိလာသည်။

ညနေ ၅ နာရီတွင် ကျန်းဟန်ဆီသို့ လျူမုံ့ ထံမှ ဖုန်းဝင်လာသည်။

“မစ္စတာကျန်း ကျွန်တော် ဒီကိစ္စလုပ်ဆောင်နေပါတယ်”

“ဘယ်လိုလဲရှိလဲ” ကျန်းဟန် သူ၏မျက်ခုံးများပင့်လိုက်သည်။ လုပ်ဆောင်နေသည် ဆိုသဖြင့်

သူအံ့သြသွားသည်။ ဒီလျှူမုံ့က မြေယာဌာနမှာ အဆက်အသွယ်တချို့ရှိသည့်ပုံပင်။

“အခြေအနေကိုအရင်ဆုံးပြောခွင့်ပြုပါ လက်ခံနိုင်လား လက်မခံနိုင်ဘူးလားဆိုတာ သိရတာပေါ့ လက်ခံနိုင်တယ်ဆိုရင် ဒီကိစ္စကို အသေးစိတ်ပြောပြပါ့မယ်”

“ကောင်းပါပြီ”

လျှူမုံ့သည် လိုရင်းကို တန်းပြောလိုက်သည်။

“ပထမ ခင်းဗျားတောင်ကို တစ်နှစ်ကနေ သုံးနှစ်လောက်ပဲ ငှားနိုင်မယ် သုံးနှစ်မြောက်ကျရင် တောင်ကိုပြန်သိမ်းယူဖို့များတယ်။ အဲ့အချိန်ကျရင် လခြမ်းတောင်နဲ့ ပက်သက်တာတွေအားလုံး ချွင်းချက်မရှိလိုက်နာရမယ်။ ဒါ့အပြင် လခြမ်းတောင်ကို ခင်ဗျား ငှားထားသည့်တိုင် လခြမ်းတောင်မှာ ခင်ဗျား လုပ်နိုင်တာတွေ မလုပ်နိုင်တာတွေက ကန့်သတ်ချက်များလိမ့်မယ်။ ဒီကန့်သတ်ချက်တွေနဲ့ပတ်သက်ပြီး အခုလောလောဆယ်မပြောသေးဘူး။ တောင်ကို

ငှားရမ်းခအတွက်တော့ ပုံမှန်အားဖြင့် တစ်နှစ်ကို ယွမ်သန်း ၂၀ ကျလိမ့်မယ်။ ဒါပေမဲ့ ခင်ဗျားက အန်နာရဲ့ မိတ်ဆွေဖြစ်တာမို့ ဈေးလျှော့ပေးပါမယ်။ ခင်ဗျား ကျွန်တော့်ကို မြေယာဌာနမှာ လာဘ်ထိုးဖို့ ယွမ် ၂ သန်းပေးပြီးရင် တောင်ရဲ့ငှားရမ်းခက တစ်နှစ်ကို ယွမ် ၁၀ သန်းအထိလျှော့ချနိုင်မှာပါ"

"ကောင်းပါပြီ မျှတပါတယ်"

"ကောင်းပြီလေ...ဒါဆို လခြမ်းတောင်ကို ငှားပြီးရင် လိုက်နာရမယ့် ကန့်သတ်ချက်တွေကို ပြောပါရစေ..." လျူမုံ့သည် ရှည်လျားသောစကား ကိုစတင်ခဲ့သည်။

ကျန်းဟာန်သည် လျူမုံ့ပြောသည်များကို တိတ်တဆိတ်နားထောင်နေသည်။ ကျန်းဟာန်သည် ကန့်သတ်ချက်များအကြောင်း လျူမုံ့ပြောပြချက်ကို ငါးမိနစ်လုံးလုံးနားထောင်ခဲ့ရသည်။

အခြေခံအားဖြင့် ကျန်းဟာန်သည် လခြမ်းတောင်ရှိ မည်သည့်အရာကိုမျှ မရွှေ့ပြောင်းနိုင်ပေ။ တစ်နှစ်လျှင် ယွမ် ၁၀ သန်း ဖြင့် ကျန်းဟာန် အလုပ်နိုင်ဆုံးအရာမှာ တောင်ပေါ်တွင်

အချို့သောအရာများ စိုက်ပြီး လှည့်ပတ်ကြည့်ရှုရန် တောင်ပေါ်တက်ခြင်း ဖြစ်သည်။

အားလုံးခြုံပြောရလျှင် ဤတောင်ကိုငှားရမ်းခြင်းသာဖြစ်ပြီး တောင်ကိုအပိုင်ရရန် ရောင်းချခြင်းမဟုတ်ပေ။ တောင်ကို ပိုင်ဆိုင်နိုင်ဖို့ ဝယ်ယူခဲ့မည်ဆိုလျှင်လည်း လိုအပ်မည့်ငွေပမာဏမှာ အဓိပ္ပာယ်မဲ့လောက်အောင် မြင့်မားနေမည်ဖြစ်သည်။ လခြမ်းပင်လယ်ကွေ့ရှိ စံအိမ်ကြီးများသည်ပင် ယွမ် ၁၀ သန်းနှင့် အထက်ရှိသည်ကို သိထားသင့်ပေသည်။

သို့သော် ကျန်းဟန် ခေါင်းညိတ်ပြီးပြောလိုက်သည်။

“ကောင်းပါပြီ အဆင်ပြေပါတယ်”

တစ်ချိန်တည်းမှာပင် ကျန်းဟန်၏မျက်လုံးများ၌ အရောင်ဖျော့ဖျော့လေး လက်ခနဲဖြစ်သွားသည်။

ဘာကိုမှ မရှေ့ပြောင်းနိုင်ဘူးလား? ကန်သတ်ချက်တွေ? ဒါတွေအားလုံးက အဓိပ္ပာယ်မရှိချေ။

ယခုအချိန်တွင် ကျန်းဟန်တွင် မည်သည့်ခွန်အားမျှမရှိသည့်အတွက် နားထောင်ရမည်ဖြစ်သည်။ သူသာ ရှန်းတျန် အဆင့်သို့ရောက်နေလျှင် တောင်ကို အတင်းသိမ်းပိုက်လိုက်မည်ဖြစ်သည်။

ခုချိန်မှာတော့ ရိုးသားပြီး အကျင့်စာရိတ္တကောင်းမွန်နေရမည်။ သိုသိုသိပ်သိပ်နေခြင်းသည် ရှင်ဘုရင်၏ နည်းလမ်းမှန်ပင်ဖြစ်သည်။

သိုသိုသိပ်သိပ်နေခြင်းနှင့် ပတ်သက်၍ ကျန်းဟန်သည် သူ့လမ်းကြောင်းကို သူသိသည်။ ကျင့်ကြံးခြင်းကမ္ဘာသို့ ဝင်ရောက်စဉ်က သူသည် ရတနာများကို နှစ်ပေါင်း ၅၀၀ ရှာဖွေခဲ့သည်။ သူ ကပ်ဘေးဒုက္ခအဆင့်သို့ မရောက်ခင်အထိ ဟန်ယန်အင်မော်တယ်ကေရာဇ်ကို မည်သူမျှ မသိခဲ့ချေ။ သို့သော် နှစ်အနည်းငယ်ကြာပြီး ကပ်ဘေးဒုက္ခအဆင့်၏ အထွတ်အထိပ်သို့ ရောက်သောအခါ

ဟန်ယန်အင်မော်တယ်ကေရာဇ်၏ နာမည်သည် ကမ္ဘာပေါင်းများစွာ ပွဲတင်ထပ်ခဲ့သည်။

လက်ရှိအကြောင်းအရာသို့ပြန်သွားရသော်။

ကျန်းဟာန် အဆင်ပြေကြောင်းကြားတော့ လျူမုံ့ဝမ်းသာသွားကာ

"ခင်များ ယွမ် ၂ သန်းကို နောက်မှ ကျွန်တော့ဘဏ်အကောင့်ထဲ လွှဲပေးလိုရပါတယ်။ စာချုပ်က မနက်ဖြန်လက်မှတ်ထိုးဖြစ်ဖို့ များတယ်"

လျူမုံ့က ဌာနကို လာဘ်ထိုးဖို့ အမှန်တယ် ယွမ် ၂ သန်းလိုပါသည်။ ဒါပေမဲ့ လာဘ်ပေးသည့် ကိစ္စပြီးလျှင် သူ့အတွက် ၂၀ ရာခိုင်နှုန်း ကျန်သေးပေ၏။

"မနက်ဖြန်တော့ မဖြစ်နိုင်လောက်ဘူး။ ကျွန်တော့မှာ အလုပ်ကိစ္စလေးတွေ ရှိသေးတယ်။ ဒီလိုဆိုရင်ကော။ ဒီနေ့က တနင်္လာနေ့ဆိုတော့ သောကြာနေ့မတိုင်ခင် ကျွန်တော် ထပ်ပြီးဆက်သွယ်ပါ့မယ်"

"ကောင်းပြီလေ။ ကျွန်တော် ခင်များကို စောင့်နေပါ့မယ်" လျူဖုန်းအနည်းငယ်စိတ်ပျက်သွားသည်။ ဖုန်းချပြီးနောက် လျူမှံ့သည် ကျန်းဟာန် တောင်ကို ငှားရန် မရည်ရွယ်ကြောင်း ခံစားရသည်။ နောက်ဆုံးတော့ အဲ့ဒီကန့်သတ်ချက်တွေက တောင်ကိုမငှားနိုင်ဘူးလို့ပြောတာ နဲ့ အတူတူပင်ဖြစ်သည်။

ကျန်းဟာန်အတွက်တော့ မနက်ဖြန်စာချုပ်မချုပ်ဆိုရခြင်းအကြောင်းမှာ သူ့တွင် ပိုက်ဆံမရှိ၍ဖြစ်သည်။

လောလောဆည် သူ့မှာ ပိုက်ဆံမရှိတော့ပေ။။ လက်ရှိ သူ့ဘဏ်အကောင့်တွင် ယွမ် ၁.၆ သန်းသာရှိသည်။

ကျန်းဟာန် အစီအစဉ်တစ်ခုစဉ်းစားလိုက်သည်။

အစီအစဉ်ကား သူ၏အိမ်ကိုရောင်းရန်ပင်။

မှန်ပေသည်၊ ကျန်းဟာန်၏တစ်ခုတည်းသော ပိုင်ဆိုင်မှုမှာ သူ့အိမ်ပင်ဖြစ်သည်။

နေ့ခင်းတွင် ကျန်းဟန် မီလန်ရပ်ကွက်ရှိအိမ်ဈေးနှုန်းများကို ရှာပြီး အိမ်ကိုလည်း ဓာတ်ပုံရိုက်ခဲ့သည်။

လွန်ခဲ့သော ၇ နှစ်က ကျန်းဟန်သည် သူ့အိမ်ကို ဝယ်ရန် ယွမ် ၁၅ သန်းသုံးစွဲခဲ့သည်။ ယခုအခါ တရုတ်နိုင်ငံ၏ အိမ်ခြံမြေဈေးနှုန်းများ အထူးသဖြင့် မြို့ကြီးများတွင် မြင့်တက်လာခဲ့သည်။

သို့သော်လည်း ကျန်းဟန်ရှိသည့် ဝါးခရိုင်သည် လွန်ခဲ့သော ၇ နှစ်ကပင် အလွန်ဖွံ့ဖြိုးခဲ့သည်။ ထို့ကြောင့် ဝါးခရိုင်ရှိအိမ်ယာဈေးနှုန်း တက်လာခြင်းသည် ခရိုင်သစ်များရှိ အိမ်ယာများကဲ့သို့ပင်ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ဒီအိမ်သည် အနည်းဆုံး ယွမ် သန်း ၂၀ တန်သည်။ ပြုပြင်မွမ်းမံမှုများနှင့် ပရိဘောဂများအပါအဝင် အိမ်၏စုစုပေါင်း တန်ဖိုးမှာ အနည်းဆုံးယွမ် ၂၃ သန်းဝန်းကျင်ရှိသည်။

သို့သော် Ferari တုန်းကကဲ့သို့ပင် သူ၏အိမ်ကို ယွမ် ၁၈ သန်းနှင့် ရောင်းချဖို့ ဝဘ်ဆိုဒ်တွင် တင်ခဲ့ပြီး ယွမ် ၃ သန်းဖိုး ပရိဘောဂများမှာ အခမဲ့ဖြစ်ကြောင်း အလေးပေးဖော်ပြခဲ့သည်။

ဟောင်ကောင်တွင် အလုပ်လုပ်သော သူတိုင်းသည် ဟောင်ကောင်မှာ ချမ်းသာသည့် လူကုံထံများအတွက် ကောင်းကင်ဘုံဖြစ်ပြီး အခြေခံလူတန်းစားများအတွက် ငရဲ ဖြစ်ကြောင်းနားလည်သည်။

ဟောင်ကောင်ရှိ အခြေခံအလုပ်သမားများ၏ ဘဝသည် အလွန်လျင်မြန်သည်။ သူတို့အားလုံးက "မင်းလုံလုံလောက်လောက်အလုပ်မကြိုးစားရင် တခြားသူတွေ မင်းကို ကျော်တက်ဖို့ အခွင့်အရေးရသွားလိမ့်မယ်" ဟု သတိပြုကြသည်။ ထို့ကြောင့် လူတိုင်းက သူတို့ကိုယ်သူတို့ "အလုပ်ကြိုးစား ပိုပြီးကြိုးစား ပိုပြီးကြိုးစား" ရန် ဖိအားများနေခဲ့သည်။

ထို့ကြောင့် ကျန်းဟန် သူ့အိမ်ရောင်းရန် တင်လိုက်သည်နှင့် ဝါးခရိုင်ရှိ အိမ်ခြံမြေအကျိုးဆောင် ကုမ္ပဏီများ ချက်ချင်းသိလိုက်သည်။

"မန်နေဂျာ မန်နေဂျာ မြန်မြန်ဒီကိုလာပါဦး"

လက်တွေ့တွင် ကျန်းဟန်၏ပို့စ်ကို တွေ့လိုက်သည့်လူတိုင်း ထိုစကားလုံးများကို အော်ဟစ်လိုက်ကြသည်။

မန်နေဂျာများအားလုံးသည်လည်း ပို့စ်ကိုမြင်ပြီးနောက် သူတို့အားလုံး တူညီသောစကားကိုသာ ပြောကြသည်။

"မြန်မြန် မြန်မြန် မြန်မြန် အဲ့ဒီလူကို အမြန်ဖုန်းဆက်ပေး"

ကျန်းဟန် သူ၏အိမ်အရောင်း ကြော်ငြာတင်ပြီး နှစ်မိနစ်အကြာတွင် ဖုန်းဆက်တိုက်ဝင်လာသည်။

၁၀ ကြိမ်လောက် ဖုန်းပြောပြီးနောက် ကျန်းဟန်သည့် အိမ်ကိုလာကြည့်ရန် လူအလုံ့အလောက်ရှိနေပြီဟု ခံစားမိကာ ဖုန်းကို ပိတ်လိုက်ပြီး ပို့စ်အားဖျက်လိုက်သည်။

တစ်အိမ်လုံးတိတ်ဆိတ်သွားပြန်သည်။

သို့သော် ကျန်းဟန်မသိခဲ့သည်ကား သူဖုန်းပိတ်လိုက်ပြီးသည်နှင့် ယွမ်ရင်ဥယျာဉ်အတွင်းရှိ ဇီယန်၏ အိမ်တွင် "မုန့်မုန့် သမီးဖေဖေက ဖုန်းပိတ်ထားတယ်။ မနက်ဖြန်မှ ထပ်ဆက်မယ် ဟုတ်ပြီလား" ဇီယန် ဖုန်းချလိုက်သည်။

မုန့်မုန့်သည် ဖေဖေနှင့် ဖုန်းပြောရန် ဝမ်းသာအားရ စောင့်မျှော်နေသည်။ သို့သော် နောက်ဆုံးတွင် သူမအပေါ်သို့ ရေအေးတစ်ပုံးလောင်းချလိုက်သလိုဖြစ်သွားသည်။ ယခု သူမလေးသည် အလွန်ဝမ်းနည်းနေပုံရသည်။

"အနံ့မကောင်းတဲ့ဖေဖေက မုန့်မုန့်နဲ့ စကားမပြောချင်ဘူးလား။ သမီးသူ့ကို မချစ်တော့ဘူး။ အနံ့မကောင်းတဲ့ဖေဖေ" မုန့်မုန့် ငိုယိုပြီး ဝုန်းဒိုင်းကြဲလာသည်။

အစက ဇီယန်သည် ကျန်းဟန်အား အပြစ်ပြောရန် အခွင့်အရေးကို ဆုပ်ကိုင်ကာ မုန့်မုန့်သူ့ကို မနှစ်သက်အောင် လုပ်ရန်လိုလားခဲ့သည်။ သို့သော် မုန့်မုန့်၏

သနားစရာကောင်းသော ပုံစံကိုတွေ့သောအခါ ဇီယန်ထိုအစား ကျန်းဟန်ကို ကောင်းမွန်စွာပြောပေးလိုက်သည်။

"သမီးဖေဖေက အလုပ်တွေရှုပ်နေလို့ပါ။ မုန့်မုန့် သမီးဖေဖေကလည်း သမီးကို လွမ်းနေတာ။ သမီးအတွက် သုခဘုံ တစ်ခုဆောက်ပေးမယ်လို့ သူပြောထားတယ်မလား။ သူက အဲ့ဒါနဲ့ အလုပ်များနေတာ။ သမီးအဖေနဲ့ နောက်တစ်ခါတွေ့ရင် သမီးအတွက်ဆောက်ထားတဲ့ သုခဘုံဆီ သမီးကို ခေါ်သွားလိမ့်မယ်"

"တကယ်...တကယ်လား" မုန့်မုန့်က အငိုတိတ်ပြီး သူမဖေဖေပြောခဲ့သည့် သုခဘုံကို မျှော်လင့်ချက်ပြည့်ဖြင့်စဉ်းစားနေသည်။

"တကယ်ပေါ့" ရယ်မောရင်း လေးနက်သောမျက်နှာဖြင့် ပြောသည်။

ဟွန့် ခေါင်းမာတဲ့အကောင်။ ကလေးတွေကို လိမ်ညာတယ်ပေါ့။ ဆက်လုပ်ထားပါ။ နောက်ထပ်ထပ်ပြီး ကြွားပြောကြည့် မုန့်မုန့်နဲ့ နောက်တစ်ခါတွေ့ရင်

ရှင်လိမ်ထားတာကို ဘယ်လိုဖြေရှင်းမလဲဆိုတာ ကျွန်မကြည့်ချင်တယ်

ဇီယန်မသိတာက ကျန်းဟန် သူ့ရဲ့အိမ်ကို စျေးနှုန်းလျှော့ရောင်းရသည့် အကြောင်းအရောင်းမှာ တောင်ကို အမြန်ငွေးကာ မုန့်မုန့်အတွက် သုခဘုံ ဆောက်လိုသောကြောင့်ဖြစ်သည်ကိုပင်။

သူမြန်မြန်အခြေချနိုင်လေ သူ့သမီးလေးနှင့် မြန်မြန်အတူနေနိုင်လေဖြစ်ပြီး သူ၏ အထူးစပါယ်ရှယ် ကျန်းမိသားစုပညာရေးကို သင်ယူနိုင်ပေမည်ဖြစ်သည်။

ဟန်ယန်အင်မော်တယ်ကရောဇ်၏ သမီးတော်အနေနှင့် မုန့်မုန့်သည် သာမန်အရာများမှလွဲပြီး အရာအားလုံးဖြစ်နိုင်စေဖို့ သူရည်မှန်းထားသည်။

ကျန်းဟန်၏အိမ်တွင် ပထမအသုတ် လူများရောက်လာသည်။

၁၀ မိနစ်ခန့် ကုန်လွန်သွားသည်။

ပထမအသုတ် လူသုံးဦးမှာ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးနှစ်ယောက် ပါဝင်သည်။

အမျိုးသားသည် အကျိုးဆောင်ကုမ္ပဏီတစ်ခု၏ မန်နေဂျာဖြစ်ပြီး အမျိုးသမီးနှစ်ယောက်မှာ ကျွန်းဟန်၏ပို့စ်အား သပ်သပ်တွေ့ရှိသူများဖြစ်သည်။

ကျစ်ဆံမြီးနှင့် အမျိုးသမီးသည် အံ့အားသင့်စွာ ရေရွတ်လိုက်သည်။

"ဝါး.. ခေတ်ပုံထဲကနဲ့ တစ်ပုံစံတည်းပဲ"

ပြင်ဆင်မှုများနှင့် ပရိဘောဂများသည် ဟောင်ရှိ အမှန်တကယ်ချမ်းသာသူများနှင့် မယှဉ်နိုင်သော်လည်း ပုံမှန်နေရာများထက်တော့ သာလွန်ပေသည်။

"တကယ်ကို မဆိုးဘူးပဲ"

မန်နေဂျာက အိမ်ကို ကြည့်ပြီးနောက် ကျေနပ်အားရစွာ ခေါင်းညိတ်လိုက်ပြီး "မစ္စတာကျွန်း ဒီလိုပြောလို့စိတ်မရှိပါနဲ့ ခင်များရဲ့ အိမ်က အနည်းဆုံး ယွမ် ၂၂ သန်း နဲ့ရောင်းသင့်တယ်။ ယွမ် ၁၈ သန်းနဲ့ ရောင်းမှာသေချာလား"

"ဟုတ်ပါတယ်" ကျန်းဟန်ခေါင်းညိတ်လိုက်ပြီး တည်ငြိမ်သည့်မျက်နှာထားဖြင့် "ကျွန်တော် အိမ်ကို တတ်နိုင်သမျှအမြန်ဆုံး ရောင်းချင်ပါတယ်"

ကျန်းဟန်၏အတည်ပြုချက်ကိုကြားပြီး မန်နေဂျာသည် ဝမ်းသာသွားခဲ့သည်။

"မစ္စတာကျန်း ကျွန်တော်ခင်များရဲ့ မှတ်ပုံတင်နဲ့ ပိုင်ဆိုင်မှုအထောက်အထားကို ကြည့်လို့ရမလား"

စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားသည့် ကျန်းဟန်သည် ဧည့်ခန်းထဲရှိ စားပွဲဆီကို လက်ညှိုးထိုးပြပြီး

"အဲ့ဒါတွေအကုန်လုံး စားပွဲပေါ်မှာရှိပါတယ် ခင်များကြည့်လို့ရပါတယ်"

မန်နေဂျာက စာရွက်စာတမ်းများအားကြည့်ရန် အလျင်စလိုလျှောက်သွားသည်။ စားရွက်စာတမ်းများကို သေချာအတည်ပြုပြီးနောက် သူ၏မျက်နှာတွင် စိတ်လှုပ်ရှားသည့် အရိပ်အယောင်များ ပေါ်လာသည်။

"ခဏလောက် ခွင့်ပြုပါဦး ကျွန်တော် အထက်လူကြီးကို ဆက်သွယ်ရဦးမယ်"

အရူးတစ်ယောက်မဟုတ်သရွေ့ ဤအိမ်၏ စီးပွားရေးအခွင့်အလမ်းကို မြင်နိုင်ပေသည်။ အိမ်ကိုဝယ်ပြီး ပြန်ရောင်းနိုင်လျှင် ယွမ် ၄ သန်းကျော် အမြတ်ရနိုင်ပေသည်။

မန်နေဂျာက အိမ်ကို ချက်ချင်းဝယ်ချင်နေသည်။ သို့သော် ကံမကောင်းစွာပင် သူ့၌ ယွမ် ၁၈ သန်းမရှိပေ။

ကျွန်းဟာန်ထံမှ ဖယ်ရာရီကို ဝယ်ခဲ့သည့် မန်နေဂျာကဲ့သို့ မန်နေဂျာတိုင်း ကံကောင်းကြမည်မဟုတ်ချေ။

မန်နေဂျာသည် သူ၏အထက်လူကြီးကို ဖုန်းခေါ်ရန် အိပ်ခန်းအငယ်ထဲသို့ လျှောက်သွားစဉ် အခြားလူများရောက်လာသည်။

တစ်ယောက်က အသက် ၃၀ အရွယ် အမျိုးသားတစ်ယောက်ဖြစ်ပြီး နောက်တစ်ယောက်က အသက် ၂၀ ကျော် အမျိုးသားတစ်ယောက်ဖြစ်သည်။ သူတို့ အိမ်ထဲဝင်လိုက်သည်နှင့် တစ်ယောက်ယောက်က

သူတို့ထက်စောပြီး ရောက်နေသည်ကိုတွေ့လိုက်ရသောအခါ သူတို့၏မျက်နှာများ ရှုံ့မဲ့သွားကြပြီး ကျုန်းဟန်အားနှုတ်ဆက်ရန် အမြန်တက်သွားသည်။ပထမအုပ်သည်လည်း နောက်လူများရောက်လာသည်ကို မြင်လိုက်ရသောအခါ သူတို့၏မျက်လုံးများ၌ ရန်လိုသည့်ဟန်များဖြင့် တုန်လှုပ်သွားသည်။ ရောက်ရှိလာသော လူနှစ်ယောက်သည်လည်း ခေသူများမဟုတ်သဖြင့် ပထမလူများကို မဆုတ်မနစ် ပြန်စူးစိုက်ကြည့်လိုက်သည်။ ခဏအကြာတွင် အိမ်အတွင်း၌ ရန်လိုမှုများနှင့်ပြည့်လာသည်။

သို့သော် အဓိကအချက်မှာ ဘာကအရေးအကြီးဆုံးလဲဆိုတာဖြစ်သည်။ စူးစူးဝါးဝါးကြည့်လိုက်ပြီးနောက် အမျိုးသားနှစ်ယောက်သည် ထိုကိစ္စကို ဆွေးနွေးရန် ကျုန်းဟန်ဘက်သို့ အမြန်သွားလိုက်သည်။

ယခင်မန်နေဂျာကဲ့သို့ပင် ကျန်းဟန်၏စာရွက်စာတမ်းများကို အတည်ပြုပြီးနောက် အမျိုးသားနှစ်ဦးသည် သူတို့၏အထက်လူကြီးထံ ချက်ချင်းဆက်သွယ်ကြသည်။

နောက်တစ်နာရီလောက်မှာတော့ ကျန်းဟန် ဆက်တိုက်ရောက်လာသော လူ ၁၀ ဖွဲ့လုံးကို ကိုင်တွယ်ဖြေရှင်းရင်း အလုပ်ရှုပ်သွားသည်။

ထိုသူများ၏ အတွင်းစိတ်မှာကောင်းကြပေသည်။ အိမ်ထဲမဝင်ခင် ဖိနပ်အသစ်အရင် လဲထားကြသည်။ ထို့ကြောင့် လူများလွန်းသော်လည်း တစ်အိမ်လုံး ညစ်ပတ်မသွားပေ။

မန်နေဂျာ ၈၀ ရာခိုင်နှုန်းလောက်က ကျန်းဟန်နှင့် ချက်ချင်းစာချုပ်ချုပ်လိုသော်လည်း ကျန်းဟန်က သူတို့ကို တိကျသည့် အဖြေမပေးပဲ အမြန်ဆုံးငွေပေးချေနိုင်သည့်သူ ဘယ်သူ့ကိုမဆို သူရောင်းမည်ဟု ပြန်ပြောခဲ့သည်။

ပုံမှန်အားဖြင့် အိမ်အရောင်းအဝယ်၏လုပ်ငန်းစဉ်များသည်

အနည်းဆုံးတစ်လလောက်ကြာသည်။ သို့သော် အချို့သော အကျိုးဆောင်ကုမ္ပဏီများ၏ သူဌေးသည် ကျယ်ပြန့်သော အဆက်အသွယ်များကို ပိုင်ဆိုင်ထားပြီး ရှုပ်ထွေးသော ငွေကြေးလုပ်ငန်းစဉ်များကို လျင်မြန်စွာဖြေရှင်းနိုင်သည်။ သို့မဟုတ်ပါက အဆင့်ကျော်ဆောင်ရွက်ပေးနိုင်ကြသည်။

ည ၁၀ နာရီတွင် ကျန်းဟန် သူ့ဖုန်းကို ဖွင့်လိုက်သည်။ သို့သော် နာရီဝက်အတွင်း ဖုန်းသုံးကြိမ် ဝင်လာမည်ဟု သူမမျှော်လင့်ထားပေ။

ဖုန်းသုံးကြိမ်ခေါ်ဆိုမှု၏ အကြောင်းအရာမှာလည်း တကယ်တော့ အတူတူပင်ဖြစ်သည်။

သူတို့သည် ကျန်းဟန်အား အိမ်အရောင်းအဝယ်စင်တာသို့သွား၍ လက်မှတ်ထိုးပြီးနောက် ထိုနေ့တွင်ပင် ငွေလွှဲပေးမည် ဖြစ်ကြောင်း ပြောပြသည်။ အခြားသော လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ အကျိုးဆောင်ကုမ္ပဏီက ဖြေရှင်းပေးမည်ဖြစ်သည်။

-C 14 End

-Book 1 End